
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပိုင်

# အော်တိုနှစ်ဆ

စီစဉ်သူ - ဦးအောင်စိုး (မော်လမြိုင်)

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊
ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (၀၅၄၁၇)(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

အတွင်းဖလင် - ကိုပေါက် (rt Work)

မျက်နှာဖုံးဖလင်နှင့်ကာလာခွဲ - စိန်နဂါး

စာအုပ်ချုပ် - ကိုစိုးနိုင်နှင့်အဖွဲ့

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၂၊ ဩဂုတ်လ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၅၀၀ ကျပ်

ဖြန့်ချိရေး

**ခုနစ်စဉ်ကြယ်စာပေ**

အမှတ် ၁၈၂၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၇၉၅.၇၃

မိုးစက်ပိုင်

အော်တိုနှစ်ဆ / မိုးစက်ပိုင် ။ - ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၂ ။
၁၅၀ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) အော်တိုနှစ်ဆ

www.burmeseclassic.com

www.burmeseclassic.com

# မိုးထက်ကိုင်

အော်တိုနှစ်ဆ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အပျော်ဖတ်ဝတ္ထုလေးသက်သက်ပါ

www.burmeseclassic.com

www.burmeseclassic.com

လူပျိုကြီးများ ... သို့

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အိပ်ခန်းတစ်ခုအတွင်းမှ စကားသံသည် တောက်တစ်ချက်ခတ်သံအဆုံး၌ ခံပြင်းစွာ ထွက်ပေါ်လာလေသည်။

"တောက်! ... ဟော့ကောင်ခင်မောင်ဇော် ... မင်းကိုယ်မင်း ဘာကောင်များထင်နေလဲကွ ... ဟေ၊ ငါ မင်းကို ကြည့်မရတော့တာ အမှန်ပဲကွ၊ ဘာလဲကွာ ... အသက်ပဲ သုံးဆယ့်ငါးပြည့်တော့မယ်၊ ဘယ်မလဲ မင်းမှာ မိန်းမ၊ အိုကွာ ... မိန်းမ,မပြောနဲ့၊ မူးရင်ရှူဖို့ ရည်းစားတောင်မရှိဘူး ...၊

တချို့လူတွေလို ရုပ်ရည်မရှိလို့, ပညာမတတ်လို့, ဆင်းရဲတွင်းနက်နေလို့ဆို တော်သေးတယ်၊ ခုတော့ မင်းရုပါက ရှက်ကြမ်းရေကျိုထက်တော့ သာပါတယ်ကွာ၊ ပညာရေးဘက်မှာဆိုလည်း ဘွဲ့တစ်ခုကို လူရိုသေရှင်ရိုသေလေး ရပြီးသွားပြီ ပြီး ... အိမ်မှာဆိုလည်း စားနိုင် သောက်နိုင်နဲ့ ပေါ်ကြော့နေနိုင်တာပဲ၊ ဒါနဲ့များကွာ ရည်းစားလေးတစ်ယောက်တောင် ဖြစ်ဖြစ်မြောက်မြောက်



www.burmeseclassic.com

www.burmeseclassic.com



မထားနိုင်ဘူး''

ပြောရတာ မောသွားဟန်ဖြင့် စကားကို ခဏရပ်လိုက်သေးသည်။ ပြီးမှ ဆက်၍ . . .

"အေး . . . ထပ်ပြောဦးမယ်၊ ရပ်ကွက်ထဲက မင်းနဲ့ရွယ်တူတွေဆိုရင် မိန်းမတွေ ရကုန်ကြပြီ၊ မိန်းမ,မရှိသေးရင်တောင် ရည်းစားတွေနဲ့ချည်းပဲ၊ မင်းကို ကွယ်ရာမှာ ငှက်ပျောတုံးဖက်ပြီး သေရမယ့်ကောင်လို့ စနေကြပြီကွ၊ အဲဒီစကားတွေကို နားထဲမှာ ချိုနေလား၊ နာတတ်ရင် နာစရာချည်းပဲကွာ . . . ၊

မခံချင်စိတ်နဲ့ ရည်းစားရှာပြီး မိန်းမတစ်ယောက်လောက် ကောက်ယူပြလိုက်စမ်းပါ၊ တစ်ရပ်ကွက်လုံး ဟာခနဲ, ဟင်ခနဲ ဖြစ်သွားအောင် မင်းလုပ်ပြလိုက်စမ်းပါ ခင်မောင်ဇော် . . . လုပ်ပြလိုက်စမ်းပါကွာ . . . ဟင်း ဟင်း ဟင်း''

စကားအဆုံးမှာ ရယ်လိုက်သေးသည်။ ထိုစကားတွေကို ခံပြင်းစိတ်ဖြင့် ပြောနေသူက တခြားမဟုတ်။ ကာယကံရှင်ခင်မောင်ဇော်ကိုယ်တိုင်ပင် ဖြစ်လေသည်။ သူ့ရှေ့တည့်တည့်မှာတော့ သူ့မျက်နှာ သူပြန်မြင်နေရသည့် မှန်ကြီးတစ်ချပ်။

ဒီလောက်ဆိုလျှင် ပရိသတ်ကြီးလည်း သဘောပေါက်ပါလိမ့်မည်။ ဒီအသက် ဒီအရွယ်အထိ မိန်းမ,မရ၊ ရည်းစားမရှိသေးသော ခင်မောင်ဇော်သည် သူ့ကိုယ်သူ အားငယ်သိမ်ငယ်ရာမှ မြစ်ဖျားခံ၍ ပေါက်ဖွားလာသော နာကြည်းစိတ်၊ ခံပြင်းစိတ်တို့ဖြင့် မှန်ကြည့်ကာ တစ်ကိုယ်တော် ပေါက်ကွဲနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မပေါက်ကွဲလို့လည်း မဖြစ်။ အသက်အရွယ်အရ လူပျိုကြီးစာရင်းပင် ဝင်နေလေပြီ။ မိန်းမ,မပြောနှင့်၊ အမဆိုရ၍ ကိုယ့်လက်မပဲ ကိုယ်တပြွတ်ပြွတ် စုပ်နေရသည့်ဘဝ။ ဝါသနာပါလျှင် ရေမရှိသည့်ချောင်းမှာ နှာခေါင်းဖော်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်ဖို့ပင် ကောင်းလှသေးတော့၏။

ယခုလည်း ခင်မောင်ဇော် မှန်ရှေ့မှာ ကိုယ့်ကိုယ်ကိုယ် အားမလိုအား မရပြော၍ ဝ,သွားဟန်ဖြင့် မျက်နှာလွှဲကာ အခန်းပေါက်ဝသို့အလှည့် ...

"ဟင်"

ရက်စိတ်က ငယ်ထိပ်တက်ကပ်သွားရပြီး မျက်လုံးကြီးပြူးကာ မီး သြောင့်ရှိုးလည်း တွန့်ထွက်သွားရသည်။

အခန်းဝမှနေ၍ စပ်ဖြီးဖြီးမျက်နှာပေးတွေဖြင့် ကြည့်နေသူတွေက တခြားသူစိမ်းတွေ မဟုတ်။ သူ့ညီမသုံးယောက်ဖြစ်သည့် တင်မေဝင်း၊ တင် မေလင်းနှင့် တင်မေသင်းတို့ပင် ဖြစ်လေသည်။

"ခွီ"

"ခစ် ... ခစ် ... ခစ်"

"အဟီး"

မအောင့်နိုင်ဘဲ ထွက်လာသည့် ရယ်သံတွေကြောင့် ခင်မောင်ဇော် ရှက်ရက်နှင့် ဝုန်းခနဲ ထရပ်လိုက်မိ၏။ ပြီး ... မျက်နှာကြီးရဲရဲနီလျက် ...

"ဟဲ့ ဟာမတွေ ... နင်တို့က ဘာကြည့်ပြီး ရယ်နေတာလဲ ... သွား ကြ"

အကြီးမ တင်မေဝင်းက ...

"အဟီး ... သိဘူးလေ၊ ကိုကြီး ... ဘယ်သူ့ကိုများ ချစ်ပြနေလဲလို့



www.burmeseclassic.com

www.burmeseclassic.com



လာကြည့်တာ"

အလတ်မ တင်မေလင်းကလည်း ...

"ဟုတ်ပ ... ခစ်၊ ခုတော့ ကိုကြီးက ကိုယ့်ကိုယ်ကိုယ် အားမလို အားမရဖြစ်နေတာကိုး"

အရေးထဲ အငယ်မ တင်မေသင်းက တစ်မျှောင့်။

"ကိုကြီးရာ ... မိန်းမ ဒီလောက်လိုချင်တာများ ညီမလေးတို့ရှာ ... ရှာပေး"

ရှက်စိတ်နှင့် ခင်မောင်ဇော် ဘယ်လိုမှ သည်းမခံနိုင်တော့ပြီ။ ရှူးရှူး ရှားရှားတွေဖြစ်ကာ မှန်တင်ခုံပေါ်မှ နီးစပ်ရာပစ္စည်းတစ်ခုကို ကောက်ယူလိုက်ပြီး

"ဟေ့ ... တော်တော့၊ နင်တို့ မသွားကြသေးဘူးလား၊ ငါ ကောက် ပေါက်လိုက်ရ သေတော့မယ်"

ထိုအခါမှ သုံးယောက်စလုံး မျက်လုံးပြူးကာ အလန့်တကြားကြည့် လာကြသည်။ ပြီးမှ စပ်ဖြဲဖြဲမျက်နှာပေးများဖြင့် ...

"ဟီး ... သွားပါ့မယ်၊ ကိုကြီးကောက်ပေါက်မယ့် ပစ္စည်းကိုလည်း ပြန်ကြည့်ပါဦး ... တာ့တာ"

လက်ထဲမှာကိုင်ထားသော ပစ္စည်းကို ခင်မောင်ဇော် ဖျတ်ခနဲ ကြည့် လိုက်မိသည်။

တစ်ဆက်တည်း မျောက်မီးခဲကိုင်မိသလိုဖြစ်ကာ ချက်ချင်း လွှတ်ချ လိုက်မိ၏။

စိတ်ထဲမှာထူပူပြီး ဒေါသတကြီး ပြန်ကြည့်လိုက်တော့ ညီမတော် အလိမ္မာ တုံးသုံးယောက်က လစ်ထွက်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော် ကောက်ပေါက်ရန် မှန်တင်ခုံပေါ်မှ အမှတ်တမဲ့ ကောက်ယူလိုက်သည့် ပစ္စည်းက တခြားမဟုတ်ချေ။

သူ့ညီမတွေ နမော်နမဲ့တင်ထားသည့် အမျိုးသမီးသုံးပစ္စည်း အသစ်စက်စက်အထုပ်ကြီး ...။

ပြီးပြီ ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သူ့စကားအဆုံးမှာတော့ ဦးလေးဖြစ်သူ ဦးအောင်သိန်း (သူကြီး)က ဖင်ကလေး မြှောက်ကြွမြှောက်ကြွကာ တဟားဟား ထရယ်တော့သည်။

ခင်မောင်ဇော်က မျက်ထောင့်နီနီနှင့်ပြန်ကြည့်ကာ . . .

"ဦးလေးကရော ဘာတွေအားရပြီး လိုက်ရယ်နေတာလဲ"

ဦးအောင်သိန်း ပါးစပ်ကို ဘရိတ်အုပ်လိုက်ရသည်။ တူတော်မောင် ဒီကောင့်ကို သွားလျှောင်လို့မဖြစ်။

ကိုယ်ကိုယ်တိုင်ကတောင် ဒီကောင့်အဖေ ဦးတာတီးနှင့် ညီအစ်ကို တော်စပ်ပေမယ့် ဒီအိမ်မှာပဲ ခိုကပ်စားနေရသူ။ ထို့ကြောင့် အရယ်ရပ်ကာ ကွမ်းချိုးတက်နေသည့်သွားများပေါ်အောင် ပြုံးပြလိုက်ရင်း . . .

"မဟုတ်ရပါဘူး ငါ့တူရာ၊ အားရလို့ မဟုတ်ပါဘူး . . . မင်း ရည်းစား မရှိသေးတာကို အားမရလို့ပါ၊ ဒါနဲ့ . . . မင်း တက္ကသိုလ်တက်တုန်းကရော

www.burmeseclassic.com


ရည်းစားတွေ,ဘာတွေ မထားခဲ့ဘူးလား''

ခင်မောင်ဇော် ဆတ်ခနဲ တွန့်သွားသည်။ ပြီးမှ သက်ပြင်းချကာ အသံလေးလေးကြီးဖြင့် ...

''မထားဖြစ်ခဲ့ပါဘူး ဦးလေးရာ၊ အဲဒီတုန်းကလည်း ကျွန်တော်က ကျောင်းစာမှ ကျောင်းစာဆိုပြီး ပညာရေးဘက်ကို မဲနေတာကိုး''

ဦးအောင်သိန်း မသိမသာ မျက်နှာမဲ့လိုက်မိသည်။ မေးသာမေးလိုက်ရတာ၊ ကိုယ့်တူအကြောင်း ကိုယ်အသိဆုံး။ ကျောင်းစာကိုပဲ မဲနေသည့်ကောင်က သူများ လေးနှစ်တက်သောကျောင်းကို ရှစ်နှစ်တက်ပြီးမှ ဘွဲ့ရလာခဲ့သည့် ငတိ။ ခုလည်း ကျောင်းတုန်းက အဖြစ်မရှိခဲ့တာကို ဟန်လုပ်ပြီး အကြောင်းသိအချင်းချင်း လာပြောနေသေးသည်။

''ဦးလေး''

''ဟေလကွာ''

ဦးအောင်သိန်းတစ်ယောက် အတွေးရေယဉ်ကြောမှာ မျောနေရာမှ ကမ်းကပ်သွားရသည်။ ခင်မောင်ဇော်က ...

''ဖူးစာဆိုတာ တကယ်ရော ရှိရဲ့လားဗျာ''

ဦးအောင်သိန်းရင်ထဲ နင့်ခနဲ ဖြစ်သွားရသည်။ အားကိုးတကြီး မေးလာသော တူတော်မောင်ကိုလည်း ဖြစ်မှဖြစ်ရလေ ... ဟူသည့် သနားစိတ်ကလေး ဖြင့် ကြည့်လိုက်ရင်း ...

''ရှိတာပေါ့ ငါ့တူရယ်၊ စကားပုံထဲမှာတောင် နတ်ထွင်းတဲ့ပါးစပ်၊ နတ်ရေးတဲ့ ဖူးစာလို့ ရှိသေးတာပဲ''

''အေးဗျာ ... အဲဒီနတ်တွေလည်း ကျွန်တော့်ဖူးစာကို မရေးဘဲ


www.burmeseclassic.com

www.burmeseclassic.com



ဘယ်များသွားနေကြလဲ မသိဘူး"

မချင့်မရဲကြီး ညည်းလာသောအသံကြောင့် ဦးအောင်သိန်းက ...

"ရှိုးဂျော့ထင်ပါရဲ့ကွာ"

"ဘာဗျ"

"ဩော် ... ချော်တောင်ဝေါ့နေကြတယ် ထင်ပါရဲ့လို့ပါ"

ဦးအောင်သိန်းက စကားကို လုံးထွေးပစ်လိုက်သည်။ ခင်မောင်ဇော်လည်း ကိုယ့်ကိုယ်ကိုယ် နားကြားမှားတာပဲဟု ထင်လိုက်၍ ငြိမ်သွား၏။

ပြီးမှ တစ်စုံတစ်ခုကို သတိရသလို ဆတ်ခနဲ ...

"ဦးလေး ... ကျွန်တော် တစ်ခုစဉ်းစားမိတယ်ဗျ"

"ဟေ ... ဘာတုံး"

"ဒီလိုလေ ... အဖေတို့မှာ ဦးလေးအပါအဝင် ညီအစ်ကိုသုံးယောက်ပဲ ရှိတာမဟုတ်လား၊ အဲဒီအထဲက အဖေတစ်ယောက်ပဲ အိမ်ထောင်ကျတယ်လေ၊ ကျန်တဲ့နှစ်ယောက်က ဦးလေးအပါအဝင် အိမ်ထောင်မှမကျတာ"

"ဟာ ... မင်းကလည်း အငယ်ကောင် ဖေအောင်က လေးနှစ်သားကတည်းက ပိုးထိလို့ ဆုံးသွားတာကို"

ခင်မောင်ဇော် နည်းနည်းတော့ညစ်သွားသည်။ သို့သော်လည်း စိတ်ကို မလျှော့သေးဘဲ ...

"ဘာပဲဖြစ်ဖြစ်ဗျာ ... ခု ဦးလေးတောင် မိန်းမ,မရဘဲ ကျွန်တော်တို့အိမ်မှာ ကပ်နေရသေးတာပဲ"

"အင်"

ဦးအောင်သိန်း နင်သွားရသည်။ အမှန်ပြောရလျှင် ကိုယ့်ကိုပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒီကောင်ကလည်း ဘွဲ့ရပြီးကတည်းက အလုပ်မယ်မယ်ရရ မလုပ်ဘဲ ကိုယ့်လိုပဲ ခိုကပ်စားသောက်နေသူ။

အတူတူချင်း အီးတစ်လုံး ပိုရှုချင်သည့် ခင်မောင်ဇော်ကို ဦးအောင်သိန်း ခပ်တင်းတင်းဖြစ်သွားရပြီး ...

"ဟေ့ကောင် ... ငါ မိန်းမ,မရတာက မယူဖြစ်ခဲ့လို့ကွ၊ ငါ မင်းအရွယ်တုန်းကဆိုရင် ရည်းစားဆိုတာ ဒုနဲ့ဒေးပဲ"

နည်းနည်းတော့ပိုပြီဟု ခင်မောင်ဇော် ခပ်ချဉ်ချဉ် စဉ်းစားမိလိုက်သည်။ သို့သော်လည်း ကိုယ်မမွေးခင်တုန်းက ဖြစ်ရပ်တွေမို့ အတင်းကြီး ငြင်းနေ၍ မဖြစ်ချေ။

ထို့ကြောင့် ဟုတ်ဟုတ်မဟုတ်ဟုတ် မေးကြည့်ဦးမှဟု တွေးကာ လေပြေကလေးနှင့် ...

"ဟုတ်လား၊ ဒါဆိုလည်း ဦးလေးရဲ့ မယူဖြစ်ခဲ့တဲ့ ရည်းစားတွေအကြောင်း ပြောပြပါဦးဗျာ၊ အတွေ့အကြုံရတာပေါ့"

ဦးအောင်သိန်းက သက်ပြင်းကြမ်းကြမ်းကို အရင်ချသည်။ ကွမ်းသွေးကိုလည်း ဗျစ်ခနဲ ထွေးထုတ်လိုက်ပြီးမှ ...

"အများကြီးပဲပေါ့ ငါ့တူရာ၊ ဒါပေမဲ့ ... အဲဒီအထဲမှာတော့ ငါ အရမ်းချစ်ခဲ့တာ တစ်ယောက်တည်းပဲ၊ နာမည်လေးက ... အေးမ,တဲ့"

ရုတ်ခြည်းဆိုသလိုပင် ဦးလေးဦးအောင်သိန်းမျက်ဝန်းတွေက ဟိုးအတိတ်ဆီသို့ ပြန်လည်ကူးခတ်သွားသည့်အလား ဆွေးရီမှိုင်းပျသွားသည်။ ထွက်လာသောစကားသံကလည်း အက်ကွဲဆို့နင့်စွာ ...။

"ကြာတော့ကြာခဲ့ပါပြီကွာ၊ အင်း ... ငါ့အဖြစ်ကလည်း ခပ်ဆန်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်းရယ်"

ပြောပြီး စကားကို ဖြတ်ထားလေသည်။ ပြီးမှ ...

"ငါတို့တုန်းကတော့ ဒီရပ်ကွက်ကလေးဟာ တောသာသာပေါ့ကွာ၊ ငါနဲ့ ငါ့ချစ်သူ အေးမ,လည်း လသာတဲ့ညတွေဆို ရွာပြင်လယ်ကွင်းထဲက အုန်းတုံးပေါ်မှာထိုင်ပြီး ချစ်စကားလေးတွေ ပြောနေကျပေါ့၊ ဒါ ... ဒါပေမဲ့ အဲဒီနေ့တုန်းကတော့ ..."

ချက်ချင်းဆိုသလို အသံက ဘော်လွန်းတိုးကာ တိမ်ဝင်သွားသည်။ အတိတ်ရဲ့အရိပ်က ရင်ထဲမှာ ဇော်က,ကနေလေပြီထင့်။ မိုးညအိပ်မက်မြူထဲမှ နိုးထလာသည့်ပမာ ရင်ထဲက ကျောက်စက်ရေစကားသံတွေကလည်း ကြိုးကြာ တောင်ပံခတ်သံအလား တဖျပ်ဖျပ်လွင့်ပျံလာသလို (၂၀၁၀ ခုနှစ်တွင် အကယ်ဒမီဆုရသွားသော ရုပ်ရှင်ဇာတ်ကားများအား ပြန်ကြော်ငြာခြင်း မဟုတ်ပါ)

"အဲဒီနေ့တုန်းက ငါလည်း နေ့လယ်က ကြက်တိုက်တာ ရှုံးထားတော့ စိတ်က သိပ်မကြည်ဘူးဖြစ်နေတယ်၊ မရှုံးသင့်ဘဲ ရှုံးရတာဆိုပြီး ကြက်ကိုတောင် ရိုက်သတ်ပစ်လိုက်တာကွ၊ အဲ ... ညဘက် အေးမနဲ့ လယ်ကွင်းထဲမှာ ချိန်းတွေ့တော့ အေးမက ချစ်သူတို့ဘာသာဘာဝပေါ့ကွာ၊ သာနေတဲ့ လမင်းကြီးကိုကြည့်ပြီး ငါ့ကို ကြည်ကြည်နူးနူးလေသံကလေးနဲ့ ပြောလာတယ်၊ လမင်းကြီးက သာလိုက်တာ မောင်ရယ်တဲ့ ...၊

တကယ်ဆို ငါကလည်း ဟုတ်တာပေါ့ အေးမရယ်, ဘာညာနဲ့ ပခုံးကလေးကိုဖက်ပြီး ရင်ခွင်ထဲ ဆွဲသွင်းပစ်လိုက်ရမှာလေ၊ ဒါပေမဲ့ ငါလည်း နေ့လယ်က စိတ်ဆိုးနေတဲ့အရှိန် မပြေသေးတော့ ... လသာတာများကွာ နေကြီးခွင်ကျယ်နဲ့ အဆန်းလုပ်လို့ လမသာတော့ရော နင့်သောက်ပူ ဘာဖြစ်လဲ ... လို့



www.burmeseclassic.com

www.burmeseclassic.com


လွှတ်ခနဲ ထွက်သွားမိတယ်ကွ”

ဦးအောင်သိန်းမျက်ဝန်းထဲ မျက်ရည်တွေ ရစ်ဝိုင်းလာသည်ဟုပင် ခင်မောင်ဇော် ထင်မိသေးတော့သည်။ စိတ်ထဲကလည်း ဖစ်မှ ဖစ်ရလေဟု၍ ရေရွတ်မိ၏။ အလွမ်းအမျှဉ်မပြယ်သေးသော ဦးအောင်သိန်းကပဲ ဆက်၍ . . .

“ငါ့စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ အေးမဟာ ဝုန်းခနဲ မတ်တတ်ထရပ်လိုက်တယ်ကွ၊ ငါ့ကိုလည်း စိတ်ဆိုးမာန်ဆိုးနဲ့ ကြည့်ပြီး . . . ဟင် . . . ‘သူကြီး’ . . . နင်က ငါ့ကို ခုတော့ ဒီလိုစကားမျိုး ပြောထွက်တယ်ပေါ့လေ ဆိုပြီး ကောတော့တာပေါ့။ အေးမ,က ရုပ်ချောသလောက် စိတ်က သိပ်မြန်တာကွ၊ ငါလည်း အဲဒီတော့မှ သတိဝင်ပြီး ခြေမကိုင်မိ လက်မကိုင်မိနဲ့ ချော့ရတော့တာပေါ့ . . . (တချို့က ငါ့ကို ‘သူကြီး’ လို့လည်း ခေါ်ကြတယ်လေ)။

အေးမရယ် . . . စိတ်မဆိုးပါနဲ့၊ အေးမရဲ့မျက်လုံးလေးတွေက အရမ်းလှတာပဲ၊ တကယ့်သမင်မျက်လုံးလေးတွေအတိုင်းပဲလို့ ပြောလိုက်တယ်၊ အဲဒီမှာ ပိုဆိုးတော့တာပဲ ငါ့တူရေ၊ စိတ်ဆိုးမပြေသေးတဲ့ အေးမက သူ့ကို တိရစ္ဆာန်မျက်လုံးနဲ့ နှိုင်းရမလားဆိုပြီး ငါ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ရှင့်မျက်လုံးက နွားမျက်လုံးကြီးလို့ ပြောရင်း ထွက်သွားလိုက်တာဟာ ဟိုဘက်ရပ်ကွက်က မေမြသိန်းနဲ့ ညားပြီး ကလေးတစ်ယောက်ရမှပဲ ပြန်တွေ့တော့တယ်”

လွမ်းမောဖွယ်ရာပုံပြင်အဆုံးမှာတော့ ခင်မောင်ဇော် တဟားဟား ရယ်တော့သည်။

ခေါင်းကိုလည်း ချာလပတ်ယမ်းအောင်ခါလျက် . . .

“ဟား ဟား ဟား . . . နာလိုက်တဲ့ဇာတ်၊ ဒရမ်မာကိုမှ အဆင့်ချိုးသွားတာပဲ . . . ဟား ဟား”


www.burmeseclassic.com

www.burmeseclassic.com



"မရယ်ပါနဲ့ ငါ့တူရာ၊ ငါဆိုတဲ့ကောင်ဟာ မငြိမ်းအေးဘဲ အစိမ်းတေး နဲ့ လှည့်ပြန်လာခဲ့ရတာပါကွာ"

ထိုအခါမှ ခင်မောင်ဇော်က အရယ်ကိုရပ်လိုက်ရင်း ...

"ဟုတ်ပါပြီ ဟုတ်ပါပြီ ... မရယ်တော့ပါဘူး ... အဟီး၊ ကဲပါ ... အတိတ်ကို ထားလိုက်ပါတော့၊ ခု ... ကျွန်တော့်ကိစ္စအတွက် စဉ်းစားပေး စမ်းပါ"

"ဟေ ... ဘာကိုစဉ်းစားပေးရမှာလဲကွ"

ခင်မောင်ဇော်က ရှက်သလို ရွံ့သလိုနှင့် ဟီးခနဲရယ်ကာ ပေါ်တော တောဟန်ဖြင့် ...

"ဒီလိုဗျာ ... တူဝရီးချင်း မရှက်တမ်းဝန်ခံရရင် ကျွန်တော့်အသက် အရွယ်နဲ့ မိန်းမလိုချင်ပြီဗျ၊ တော်ကြာ ရပ်ကွက်ထဲကလူတွေ စကြ, နောက်ကြ တဲ့ကြားထဲက အငယ်မတွေ ယောကျ်ားရသွားရင် ပိုအပြောခံရဦးမှာ၊ အဲဒီတော့ ဗျာ ... ကျွန်တော် အမြန်ဆုံး ရည်းစားရဖို့ကိစ္စကို ဦးလေး စဉ်းစားပေး"

"ဟေ"

ဦးအောင်သိန်း ပါးစပ်က နှုတ်ပြားဝိုင်းလောက် ပြကားသွားသည်။ တူ တော်မောင်ကိုကြည့်ကာ တကယ့်တဏှာရူးပဲဟု စဉ်းစားလိုက်ပြီးမှ ဟယ် ... ငါတို့ အမျိုးပါပဲဟူ၍ စိတ်ကို လျှော့ချလိုက်ရင်း ...

"အေးလေ ... စဉ်းစားဆိုလည်း စဉ်းစားပေးရတာပေါ့၊ အင်း ... ရည်းစားရဖို့ဆိုတာက မိန်းကလေးတွေနဲ့ ဒွေးရောယှက်တင် ပတ်သက်ရမယ့် နေရာ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော် ဆံပင်ထောင်တက်သွားရသည်။ ဦးအောင်သိန်းက မျက်နှာကိုချိုကာ လက်ကာပြထားပြီး ...

"နေဦး ... အဲဒီလို မိန်းကလေးအများစုနဲ့ ဆက်ဆံရမယ့်အလုပ် မျိုးလုပ်ဖို့ လိုတယ်ကွ"

"ဦးလေး ... ဦးလေးပြောတာ KTV တို့, မာဆတ်တို့လို ဆိုင်မျိုး ဖွင့်ဖို့ ပြောတာလားဟင်၊ အဲဒီအလုပ်တော့ အဖေ ကြိုက်မယ်မထင်ဘူးဗျ"

"ငါ ကြိုက်တယ်လေကွာ၊ ဟာ ... မင်းပြောတာနဲ့ပဲ စကားတွေက ချော်ကုန်ပြီ၊ ရပ်ကွက်ထဲမှာ အဲဒီအလုပ်လုပ်လို့ ရမလားကွ၊ ငါပြောတာက ရှင်းရှင်းလေး"

"ဘယ်လိုရှင်းတာလဲဟင်"

စကားအဆုံးမှာ ဦးအောင်သိန်း မျက်ခုံးကလေး ပင့်ကာ ပင့်ကာ လုပ်လျက် ...

"လွယ်လွယ်လေးပါ ငါ့တူရာ၊ ရပ်ကွက်ထဲမှာ မိန်းကလေးအများစု နဲ့ ပတ်သက်ရမယ့်အလုပ်ဆိုလို့ တစ်ခုပဲရှိတယ်"

"ဘာ ... ဘာအလုပ်များလဲ ဦးလေး"

ဦးအောင်သိန်းက ...

"ဒုံးဝေးလိုက်တာ ငါ့တူရာ ... အဲဒီအလုပ်ဆိုတာ စာအုပ်နဲ့ ဗီဒီယို အငှားဆိုင် တွဲဖွင့်လိုက်ပေါ့ ... ကွ"

ဟု ပြတ်ပြတ်သားသားကြီး ပြောချလိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ထိုအကြံရသည့်နေ့က ...

ညဘက်ရောက်တော့ ခင်မောင်ဇော် ကောင်းကောင်းပင် အိပ်မပျော်ချေ။ ထိုင်မရ ထ,မရနှင့် ဖင်ကြွားခဲ့ညပ်သလို ခုတင်ပတ်ကာ အိပ်ခန်းထဲ လမ်းလျှောက်နေမိသေးသည်။

ဒီအကြံမျိုးကတော့ အိပ်၍ တစ်ရေးနိုးလျှင်ပင် ပေါ်မည်မဟုတ်။ ရွှေညာဏ်တော် စူးရောက်လွန်းသော ဦးရိုးတော်ဦးအောင်သိန်းအား စိတ်ထဲမှ အခါတစ်သိန်းလောက် ဦးချနေမိသည်။

ထိုကိစ္စကို ခင်မောင်ဇော် စဉ်းစားနေခဲ့သည်မှာ ကြာလေပြီ။ နဖူးပေါ် လက်တင်ရင်း၊ သွားရင်းလာရင်း၊ ယုတ်စွ အိမ်သာတက်ရင်အဆုံး စဉ်းစား ခဲ့သော်လည်း အဖြေမရခဲ့။ ခုတော့ ဦးရိုးတော် ဦးအောင်သိန်း ပါးစပ်ထဲက ချက် ဟသည့်အကြံက သူ့အား ဘုရားမ,သလို မ,လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အကြံလှချက်ကတော့ လန့်ထွက်နေ၏။ ထပ်ပြောရလျှင် လက်လက်ကို ထနေသော အကြံမျိုး။ ရပ်ကွက်ထဲမှာ အခွေနှင့် စာအုပ်အငှားဆိုင် ဖွင့်ရုံမျှဖြင့် မွဲက ပြတ်နေလေပြီ။ ညနေဘက်ဆိုလျှင် ကောင်မလေးတွေ တရုန်းရုန်းနှင့် ဘယ်လောက်ကောင်းသနည်း။

ထိုကောင်မလေးတွေထဲက တစ်ယောက်သည် သူ၏အိမ်သူသက်ထား ဖြစ်လာနိုင်သည် မဟုတ်ပါလား။ ပြီးတော့ ဆိုင်မှာလာငှားမည့် ကောင်မလေးတွေအား နာမည်ပင် မေးစရာမလို။ အလိုလိုထွက်ကျလာမည့် အဆင်မျိုး ... ဟီ ဟီ။

စီးပွားလည်းဖြစ်၊ မိန်းမလည်းရ။ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာပေါ့လေ။ အဲဒီထဲကမှ တစ်ယောက်ယောက်ကို တော်ကောက်လိုက်ရုံသာ။ ဒီထက်ကောင်းတာ မရှိနိုင်တော့။

စဉ်းစားရင်းပင် ဘယ်လိုမှ အိပ်မပျော်နိုင်သေးသဖြင့် အဖေဖြစ်သူ ဦးတာတီးအား သွားပြောပြဖို့ ကြံစည်မိသေးသည်။ သို့သော် ခုလို ညကြီးသန်းခေါင်မှာ သွားပြောလျှင် နားရင်းအုပ်ခံရမည်ဆိုတာသိနေ၍ ငြိမ်နေလိုက်ရ၏။

ထိုသို့ဖြင့် မနက်မိုးလင်းတော့ ခင်မောင်ဇော် အချိန်ကောင်းစောင့်နေမိသည်။

မနက်စောစော အလတ်မနှင့် အငယ်မတို့ ဈေးဝယ်သွားသည့်အချိန်၊ အကြီးမက မီးဖိုချောင်ထဲဝင်ကာ ထမင်းအိုးတည်သည့်အချိန်။ ပြီး ... အဖေဖြစ်သူ ဦးတာတီး ဘုရားရှိခိုးပြီး အပြင်ထွက်လာသောအချိန် ဖြစ်သည်။

ထိုကဲ့သို့ အချိန်ကိုက်တွက်ထားပြီး ခင်မောင်ဇော် ဧည့်ခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေလိုက်သည်။

သိပ်မကြာပါချေ ...။ ဦးတာတီးတစ်ယောက် ဘုရားရှိခိုးပြီး၍ စိပ်ပုတီးကြီးကိုင်ကာ ဧည့်ခန်းထဲသို့ ဝင်လာပါသည်။ ဧည့်ခန်းထဲမှာ အခန့်သား ထိုင်နေသော သားတော်မောင်ကိုလည်း မသိမသာ မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

ဒီနေ့မှ ဝီရိယကောင်းနေသော ခင်မောင်ဇော်က မျက်နှာချိုသွေးကာ ...

"အဖေ ... ပြီးပြီလားဟင်"

"ဘာကွ ... ဘာကိုပြီးရမှာလဲ"

ဆူအောင့်အောင့်ဖြင့် ဦးတာတီး ပြန်ကောလိုက်သည်။

ခင်မောင်ဇော်က လောကြီးသွားသည့် သူ့စကားကြောင့် ဟီးခနဲ ရယ်ပြရင်း ...

"အဟီး ... ဟိုလေ ... အဖေ ဘုရားရှိခိုးတာ ပြီးသွားပြီလားလို့ မေးတာပါ"

"အထူးအဆန်းလုပ်လို့ကွာ ... ပြီးပြီ၊ မင်းက ဘာလုပ်မလို့လဲ"

ဇဝေဇဝါပြောလာသော ဖခင်ဖြစ်သူ၏မျက်နှာကိုကြည့်ကာ ခင်မောင်ဇော်က ...

"ဟိုလေ ... အဖေ မြန်မာဗီဒီယိုကားတွေ မကြည့်ချင်ဘူးလား"

ဦးတာတီးတစ်ယောက် ဇဝေဇဝါမှ အူကြောင်ကြောင်ပင်မကဘဲ အူတီအူကျား ဖြစ်သွားရသည်။ စိတ်ထဲမှာလည်း ဒီကောင် ဘာသောက်ရူးထပြန်ပြီလဲမသိဘူးဟု တွေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း ဘာဖြစ်နေတာလဲ၊ ငါ ဘယ်တုန်းက မြန်မာကား ကြည့်လို့လဲ၊ ငါက အရမ်းကြမ်းတဲ့ အမေရိကန်ကားတွေပဲ ကြည့်တာ မင်းအသိပဲလေ"

ဒုက္ခပါပဲ။ ခက်တော့ ခက်လေပြီ။ ဖားသားကြီးတာတီးက ည ည လူခြေတိတ်ချိန်မှာ သူကြည့်သည့် အမေရိကန်ဇာတ်ကြမ်းကားတွေအကြောင်း ပင် ပြောလာသေး၏။

ခင်မောင်ဇော်က ခေါင်းကုတ်လျက် ...

"မဟုတ်ဘူးလေ အဖေရာ ... ခုဆို ကမ္ဘာကြီးဟာ ရွာတစ်ရွာလို ဖြစ်လာပြီ၊ ဒီတော့ ... ဈေးကွက်စီးပွားရေးစနစ်ကလည်း ကျယ်ပြန့်လာပြီ မဟုတ်လား၊ အဲဒီတော့ အဖေ မြန်မာဗီဒီယိုကား ကြည့်သင့်တယ်ဗျ"

ဘာမှလည်း မဆိုင်ချေ။ ဦးတာတီး အူတူတူဖြစ်သွားသည်။ ပြီးမှ သားတော်မောင် အူကြောင်ကြောင်၏အကျင့်ကို သတိရမိသွား၍ ...

"ခင်မောင်ဇော် ... မင်း ဘာကိုဆိုလိုချင်တာလဲ ဒဲ့ပြောကွာ၊ ဇွဲ ဝိုက်မနေနဲ့"

ထိုအခါမှ ခင်မောင်ဇော်က ဟီးခနဲလုပ်ကာ ...

"ဒီလို အဖေရာ ... ခုဆို ကျွန်တော်တို့ရပ်ကွက်က လူစည်ကား နေပြီဆိုတော့ ရပ်ကွက်ထဲမှာ စာအုပ်နဲ့ဗီဒီယိုအခွေအငှားဆိုင်ကလေး တွဲပြီး ဖွင့်မလားလို့"

ဦးတာတီး တွေခနဲ ဖြစ်သွားသည်။ ဒီအသက် ဒီအရွယ်ထိ သူ့သား အလုပ်လုပ်မည်ဟု တစ်ခါမှ ပြောသံမကြားဖူးခဲ့ချေ။ ထို့ကြောင့် သေချာရဲ့သား မှိုးမှ ဟုတ်ပါ့မလားဟူသော အကြည့်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင် ... မင်းဟာက ဟုတ်ကောဟုတ်လို့လားကွာ၊ တော်ကြာ ဆိုင်ဖွင့်ပြီးမှ အရင်းပြုတ်နေမှဖြင့် ..."

"ပြုတ်စရာမရှိပါဘူး အဖေရယ်၊ သမီးတို့တောင် ဟိုဘက်ရပ်ကွက်မှာ အခွေသွားသွားငှားကြည့်ရတာ၊ ဒီအလုပ်က အဆင်ပြေမှာပါ"

ထိုစကားကို ပြောလိုက်သူက ဘယ်အချိန်ကဘယ်လို ဈေးမှပြန်လာမှန်းမသိသော အလတ်မ တင်မေလင်းဖြစ်သည်။ ခင်မောင်ဇော် ကြောင်အမ်းနေစဉ်မှာပဲ အငယ်မ တင်မေသင်းက ...

"ဟုတ်တယ် ဖေဖေရဲ့ ... ရပ်ကွက်ထဲမှာ ကိုကြီး ဆိုင်ဖွင့်ရင် သမီးတို့လည်း ကူညီလို့ရတာပေါ့"

မဆီမဆိုင် ဝင်ပြောလာသည့်နှစ်ယောက်စလုံးအား ခင်မောင်ဇော် မျက်ထောင့်နီနီဖြင့် လှမ်းကြည့်မိလိုက်သည်။

ထိုအချိန်မှာပဲ နောက်ဖေးမှာ ထမင်းချက်နေသည့် အကြီးမတင်မေဝင်းက ထွက်လာကာ ...

"ကိုကြီးပြောတာတော့ ဟုတ်တယ်ဖေဖေ၊ ရပ်ကွက်ထဲမှာ ဆိုင်ခန်းတစ်ခန်း ငှားလိုက်ရုံပဲလေ၊ ပြီးတော့ ... အိမ်အတွက် ဈေးဖိုးလေးလည်း ရတာပေါ့၊ ဒါဆို ဘယ်သူမှ အပြင်ထွက်ပြီး အလုပ်လုပ်စရာ မလိုတော့ဘူး"

အားလုံးဝိုင်းပြောနေကြသောကြောင့် ဦးတာတီး တွေဝေသွားရသည်။ သမီးချောတွေကို စိတ်မချ၍ အပြင်ထွက်ကာ အလုပ်လုပ်ခွင့်ပင် ပြုခဲ့သည်မဟုတ်။ ခုတော့ ရှုးကြောင်ကြောင် သားတော်မောင်၏အကြံကို လက်ခံရမလိုဖြစ်နေလေပြီ။

ထို့ကြောင့် ဦးတာတီးက မျက်မှောင်တွန့်ကာ လက်ကာသိုက်ရင်း


www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ ... တော်ကြ၊ အဲဒီကိစ္စကို ငါ စဉ်းစားပေးမယ် ... ဟုတ်ပြီလား"

ပြောရင်း စိပ်ပုတီးထချောက်ချောက် စိပ်ကာ အခန်းထဲသို့ ပြန်ဝင်သွားတော့သည်။

ထိုအခါမှ ခင်မောင်ဇော်က ညီမတွေကို မကြည်သလို ကြည့်လိုက်ရင်း ...

"ဟဲ့ နေကြစမ်းပါဦး ... နင်တို့ကို ဘယ်သူက ရှေ့နေလိုက်ခိုင်းနေလို့လဲ"

စကားအဆုံးမှာပဲ အကြီးမ တင်မေဝင်းက ယောက်မကြီးကိုင်ကာ တက်ကက်လန် ပြန်ပြောတော့သည်။

"အံမယ် ကိုကြီးနော် ... ကိုကြီးအကြံအစည်က ဘာလဲဆိုတာ ညီမတို့ မသိဘူးများထင်နေလား၊ အဟင်း ... ဘာအကြံအစည်နဲ့ ဒီဆိုင်ကို ခွင့်ဖို့လုပ်တာလို့ အဖေ့ကို တစ်ခွန်းပဲ ပြောလိုက်ရင် ..."

"ဟေ့ ဟေ့ ... တော်တော့၊ နင်တို့ အဖေ့ကို လိုက်ချွန်မနေနဲ့နော်"

"ပြီးရောလေ၊ ဒါဆိုရင် ဆိုင်ဖွင့်တဲ့အခါ ညီမတို့ကို နေရာပေးဖို့ စဉ်းစားထား"

"ဟုတ်တယ်"

အလတ်မနှင့်အငယ်မ၏စကားအဆုံးမှာတော့ ခင်မောင်ဇော်လည်း အားမတန် မာန်လျှော့သည့်အနေဖြင့် လေပူကြီးကို မှုတ်ထုတ်လိုက်ရင်း ...

"အေးပါဟယ် ... ဆိုင်ဖွင့်တဲ့အခါ နင်တို့လည်း လတ်လျားခတ်သွား လုပ်လို့ရအောင် ငါ စဉ်းစားထားပါ့မယ်၊ ဒါပေမဲ့ ... လိုတဲ့ဆက်ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com

နန်းကြောဆွဲရင်တော့ ဆိုင်ဘက်ကို ခြေဦးလှည့်ဖို့တောင် မစဉ်းစားနဲ့ ... ကြားလား''

ဟု အစ်ကိုကြီးအဖရာ ပီသစွာ ပြောလိုက်လေသည်။

ထိုသို့ဖြင့် ...

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

**ကျူးပစ် (Cupid)**

**ဗီဒီယိုအခွေနှင့် စာအုပ်အငှားဆိုင်**

တင်ထားသော ဆိုင်းဘုတ်ကို ကြည့်ကာ ခင်မောင်ဇော်တစ်ယောက် သဘောအကျကြီး ကျနေလေသည်။ ဒီဆိုင်နာမည်ကိုရဖို့ နှစ်ရက် လောက် အအိပ်ပျက် အစားပျက်ခံကာ မနည်းစဉ်းစားထားရခြင်း ဖြစ်၏။

ကျူးပစ် . . . တဲ့။ ဘယ်လောက်များ လှလိုက်သည့် နာမည်လေးလဲ။ ဂရိဒဏ္ဍာရီဝင်ထဲမှ မြားနတ်မောင် နတ်သားလေး၏ နာမည်ဖြစ်သည်။ ခုလည်း ဒီဆိုင်လေးဟာ သူ့အတွက် အောင်သွယ်တော်နတ်နန်းလေး ဖြစ်လာနိုင်သည် ပဲဟု မတန်မရာစဉ်းစားရင်း ခင်မောင်ဇော် ကျေနပ်မိနေခြင်း ဖြစ်သည်။

အခုဆိုလျှင် အလုပ်လုပ်ချင်သော အိမ်က ညီမတွေအတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



တာဝန်တွေ ခွဲထားပေးလိုက်ပြီ။

အကြီးမနှင့်အလတ်မတို့ကို နေ့လယ်ပိုင်းမှာ ဆိုင်ထိုင်ခိုင်းလိုက်ပြီး သူနှင့်အငယ်မတို့က ညပိုင်းမှာ တာဝန်ယူမည်ဖြစ်သည်။ ဒီပရိုဂရမ်ကိုလည်း ခင်မောင်ဇော်ကိုယ်တိုင် ဆွဲခဲ့ခြင်းဖြစ်၏။

ဘာဖြစ်လို့လဲဆိုတော့ ညနေပိုင်းတွေ၊ ညဘက်တွေမှာမှ ရပ်ကွက်ထဲက မဒီတွေက စာအုပ်ငှား၊ အခွေငှားဖို့ ထွက်တတ်ကြသည် မဟုတ်ပါလား။ ပြီးတော့ အကြီးမနှင့်အလတ်မတို့ကိုလည်း မြို့ထဲမှာ စာအုပ်နှင့်အခွေဝယ်ဖို့အတွက် တစ်ယောက်စီ တာဝန်ခွဲပေးထားသည်။

ခုဆိုလျှင် ခင်မောင်ဇော်၏ရည်းစားရရေး အော်ပရေးရှင်းက ဦးလေးဖြစ်သူ၏အကြံအစည်ဖြင့် စခဲ့လေပြီ။

မနက်စောစော ဆိုင်ဖွင့်ပြီး အကြီးမနှင့်အလတ်မကို ထားကာ ထိုင်နေကျလက်ဖက်ရည်ဆိုင်သို့ ခင်မောင်ဇော် ထွက်လာခဲ့သည်။

ဆိုင်ထဲရောက်တော့ သူနှင့်တွဲဖော်တွဲဖက်ဖြစ်သည့် အုန်းခိုင်နှင့် ညွန့်လှိုင်တို့ကို စားပွဲတစ်ခုမှာ တွေ့လိုက်ရသည်။ သူ့ကိုမြင်မြင်ချင်း ဆိုင်ရှင်ဝင်းသိန်းက လှမ်းအော်တော့၏။

"ဟော့ကောင်တွေ ... ဟိုမှာ ခင်မောင်ဇော် လာတယ်ဟေ့၊ သရဲနီ တစ်ခွက်လုပ်ပေး"

ခင်မောင်ဇော် မသိမသာ ပြုံးလိုက်မိသည်။ သရဲနီဆိုတာက တခြားမဟုတ်။ ခင်မောင်ဇော်တို့လို မန်ယူပရိသတ်တွေသောက်သော ကျဆိမ့်လက်ဖက်ရည်ကို ရည်ညွှန်းခြင်းသာ ဖြစ်သည်။

တခြားတစ်ဝိုင်းမှာတော့ သူနှင့် သိပ်မျက်နှာကြောမသည့်လှသည့်



www.burmeseclassic.com

www.burmeseclassic.com



အမြောက်တပ်သား အာစင်နယ် အောင်သန်းဦးကို ဝင်းတင်ထက်၊ ဖော်ဝင်းထင်၊ ဝိုင်းအောင်သန်း၊ စိုးမြင့်နိုင်တို့နဲ့အတူ တွေ့လိုက်ရသည်။ မတည့်ဆိုရာမှာလည်း တခြားရန်ငြိုးရန်စတွေ ကြီးကြီးမားမားရှိ၍မဟုတ်။ အားပေးသည့် ဘောလုံးအသင်းစွဲချင်း မတူ၍ စောင်နေကြခြင်းသာဖြစ်၏။

ခုလည်း ခင်မောင်ဇော်က ဒင်းတို့ကို ဂရုမစိုက်ဟန်နှင့် အုန်းခိုင်တို့ဝိုင်းမှာ ဝင်ထိုင်လိုက်သည်။

ပြီး . . . ညွှန့်လှိုင်လက်ထဲမှာ ကိုင်ထားသည့် ဘောလုံးဂျာနယ်ကို ဆတ်ခနဲ ဆွဲယူလိုက်ရင်း . . .

"ညက မန်ယူပွဲ ဘယ်လိုပြီးသွားလဲကွ"

အမေးစကားအဆုံးမှာပဲ အုန်းခိုင်က . . .

"တူး-ဖီးလေ၊ မြန်လိုက်တာ ခင်မောင်ဇော်ရာ . . . အာကြီးနဲ့ဆိုရင် ကြေးက သိပ်မကွာပေမယ့် နိုင်မယ်ဆိုတာ သိသားပဲ"

"အေးကွာ . . . ငါလည်း ဆိုင်ကိစ္စနဲ့ အလုပ်ရှုပ်နေတော့ မကြည့်လိုက်ရတာ နာတယ်ကွ"

ခင်မောင်ဇော် မချင့်မရဲ ညည်းလိုက်မိသည်။ ထိုအချိန်မှာပဲ အောင်သန်းဦးတို့ဝိုင်းဆီမှ စကားပြောသံသဲ့သဲ့ကို ကြားလိုက်ရ၏။

"အလကားပါကွာ . . . စီးပွားရေးလုပ်ချင်တာက နည်းနည်းပါ၊ သိဘယ်မဟုတ်လား . . . ဒီကိစ္စ . . . ဒီကိစ္စလေ"

ရယ်သံတွေ ထွက်လာကြ၏။ ခင်မောင်ဇော် ဆတ်ခနဲ လှမ်းကြည့်လိုက်တော့ အောင်သန်းဦးက သူ့နှာခေါင်းသူ လက်ညှိုးနှင့် တို့ပြနေသည်။

ခင်မောင်ဇော်စိတ်ထဲ ဖျဉ်းခနဲ ဖြစ်သွားရ၏။ ဒါ . . . သူ ဆိုလိုချင်တာကို



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေ စောင်းပြောနေတာ။ ဂျာနယ်ကိုပစ်ချပြီး သွားပြောရန် ဟန်ပြင်လိုက်၏။

သို့သော် . . .

အနေအထားကိုရိပ်မိသော အုန်းခိုင်က လှမ်းဆွဲထားရင်း . . .

"နေပါစေ ခင်မောင်ဇော်ရာ . . . ဒီကောင်တွေ အာစင်နယ်ရှုံးတာနဲ့ ညစ်ပြီးပြောနေတာပါ . . . ထားလိုက်စမ်းပါကွာ"

ခင်မောင်ဇော်က တက်တစ်ချက် ခေါက်လိုက်ပြီးမှ . . .

"အာကြီးအောက်ခွဲတွေကများ . . . သူတို့အသင်း ရှုံးတာနဲ့ ငါ ဆိုင်ဖွင့်တာက ဘာဆိုင်လို့လဲ၊ မနာလိုတိုရှည် ဖြစ်နေကြတာ"

စကားအဆုံးမှာပဲ ညွန့်လှိုင်က စပ်ဖြဲဖြဲမျက်နှာပေးနှင့် . . .

"အဟီး . . . မင်းဆိုင်ဖွင့်တာကရော တကယ်ပဲ အဲဒီကိစ္စ မပါဘူးလား"

"ဟေ့ကောင် . . . ဟေ့ကောင် တော်တော့၊ ငါက တကယ်စီးပွားရေးလုပ်မလို့ ဆိုင်ဖွင့်တာကွ"

ဟန်ကိုယ့်ဖို့လုပ်ကာ ခင်မောင်ဇော် ခပ်တည်တည်ပြန်ပြောလိုက်သည်။ ပြီး . . . ဒီမှာဆက်ထိုင်နေလျှင် ဒီကောင်တွေ အစ်အောက်တော့မှာကို ရိပ်မိသောကြောင့် . . .

"ကဲ . . . လစ်တော့မယ်ကွာ၊ အရင်လို အားတော့တာမဟုတ်ဘူး"

လက်ဖက်ရည်ဖိုးကို စားပွဲပေါ်တင်ပြီး ခင်မောင်ဇော် လစ်ထွက်လာခဲ့သည်။ ဒါတောင် အောင်သန်းဦးတို့ဝိုင်းဆီမှ စကားသံတွေက နပ်ထွက်လာသေး၏။

www.burmeseclassic.com

www.burmeseclassic.com



"အကြံကုန် ဂဠုန်ဆားချက်ဆိုတာ ဒါမျိုးပေါ့ကွာ"

ရယ်သံတွေနှင့်အတူ ဒုတ် (ခ) သောင်းမြင့်ကလည်း …

"ဟား … ဟား … ဖွတ်မရ ဓားဆုံးဖြစ်မှာတော့ မြင်ယောင်မိပါသေးတယ်ကွာ"

မည်သို့ပင်ဆိုစေ ခင်မောင်ဇော် ဂရုမစိုက်နိုင်တော့။ တစ်ချိန်ကျမှ ခင်းတို့တွေ အကြီးအကျယ် မနာလိုဖြစ်ကြမှာကို ကြိုတင်မြင်ယောင်ရင်း အားရကျေနပ်စွာ မျက်ခုံးပင် ပင့်လိုက်မိသေးတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ညဦးပိုင်းရောက်တော့ မျှော်လင့်ထားသည့်အတိုင်း ဆိုင်ထဲမှာ ကောင်မလေးတွေ တရုန်းရုန်းနှင့်။ ခင်မောင်ဇော်မျက်နှာကြီးက သကြားဖြူးထားသလို ချိုမြနေတော့သည်။ ပါးစပ်ကလည်း ပြန်ပင်မပိတ်နိုင်ဘဲ နားရွက်ပေါ် တက်ချိတ်နေ၏။

"အစ်ကိုကြီး ... နေတိုးကားသစ်ရှိလား"

ထိုသို့မေးလာပြီဆိုလျှင် ခင်မောင်ဇော်က ရုပ်ရည်ကို အရင်ကြည့်သည်။ တော်ရုံတန်ရုံ ရွက်ကြမ်းရေကျိုလောက်ဆိုလျှင်တော့ ...

"ငှားသွားပြီ ညီမရဲ့ ... နောက်နေ့မှ ယူနော်"

ရှိရဲ့သားနှင့် ပြောင်လိမ်လိုက်ခြင်းပင်။ ရုပ်ရည်ခပ်လန်းလန်း ကောင်မလေးဆိုရင်တော့ ...

"နေတိုး ကားသစ်လား၊ သိပ်ရှိတာပေါ့၊ ဒီက ညီမ ကြိုက်မှန်းသိလို့



www.burmeseclassic.com

www.burmeseclassic.com



တမင်ချန်ထားတာ ... သိလား။ ဘယ်သူ့ကိုမှ မငှားလိုက်ဘူး။ ဒါနဲ့ နာမည်လေးက ..."

"ရှင်"

"သြော် ... မှတ်မလို့လေ၊ ညီမလေးရဲ့နာမည်ကို ပြောတာ ... ငဲ့ ... ငဲ့"

ဒါမျိုးတွေက ခင်မောင်ဇော်၏မူ ဖြစ်သည်။ စီးပွားရေးပေမယ့် ငွေကြေးကို မကြည့်၊ ရုပ်ရည်ကြည့်ကာ အလုပ်လုပ်ခြင်း ဖြစ်သည်။ ဒီကြားထဲ အကြွေမအမ်းနိုင်လို့ ဈေးလျှော့ပေးလိုက်ရတာကလည်း အမော။ အကြောင်းသိလာကြသော ရပ်ကွက်ထဲက ခပ်ကဲကဲကောင်မလေးတွေဆိုလျှင် တစ်ခွေငှားပြီး နောက်တစ်ခွေပင် အဆစ်ယူသွားသေးသည်။

ထိုကိစ္စကို ညီမ့ဖြစ်သူတွေက ပြောတော့ ခင်မောင်ဇော်က ခပ်တင်းတင်းပဲ ...

"နင်တို့ ဘာသိလို့လဲ ... ဈေးကွက်စီးပွားရေးစနစ်မှာ ဒါကို ပရိုမိုးရှင်းလုပ်တယ်လို့ ခေါ်တယ်ဟ ... မှတ်ထား"

ဟု ဟောက်လေသည်။

ဒီကြားထဲ အညီရှိရာ ယင်အုံဆိုသလို ညီမတွေပါ ထိုင်သောဆိုင်မို့ ရပ်ကွက်ထဲမှ ကောင်လေးတွေပါ ရစ်သီ ရစ်သီ လုပ်လာလေသည်။ ထိုအခါမျိုးဆိုလျှင်တော့ ခင်မောင်ဇော်မျက်နှာကြီးက တင်းမာနေတော့၏။

ညီမတွေကိုလည်း ...

"နင်တို့နော် ... အလုပ်လုပ်တာ စီးပွားရေးနဲ့ တူအောင်လုပ်၊ ဆိုင်ထိုင်ပြီး အလှပြခိုင်းနေတာ မဟုတ်ဘူး။ အကောင်တွေ လာရင်များ တဟီး



www.burmeseclassic.com

www.burmeseclassic.com



ဟီး တဟားဟားနဲ့ . . . ဣန္ဒြေမရှိ လုပ်မနေကြနဲ့၊ ကြည့်လုပ်နော် ကြည့်လုပ် . . . ဟွန်း''

ဟု အစ်ကိုပီပီ ခပ်တင်းတင်း ပြောထားရသေးသည်။

''ဟွန်း . . . ကိုကြီးပဲ အပြုံးဆိုတာ အကောင်းဆုံးဝန်ဆောင်မှုဆို''

ထိုသို့ ပြန်ပက်သောအခါ၊ ကိုယ့်စကားနှင့်ကိုယ်မို့ ခင်မောင်ဇော် ငြိမ်နေလိုက်ရ၏။

ထိုသို့ဖြင့် ဆိုင်ဖွင့်လာခဲ့သည်မှာ နှစ်လကျော်၍ သုံးလထဲပင် ဝင်လာလေပြီ။ ခင်မောင်ဇော်မှာ ရည်းစားဆိုလို့ တစ်ယောက်မျှပင် မရသေး။ ကိုယ်က ချိန်လိုက်တိုင်း အတွဲရှိပြီးသားတို့၊ ဒါမှမဟုတ်လျှင်လည်း ကိုယ် ဖွန်ကြောင်နေစဉ်မှာပဲ ရည်းစားရသွားတာမျိုးတို့ပဲ ကြုံနေရသည်။

ဦးလေးဖြစ်သူ ဦးအောင်သိန်းကပင် . . .

''ဘယ်လိုလဲ ငါ့တူရဲ့ . . . သုံးလတောင် ပြည့်တော့မယ်ဆိုတော့ အခြေအနေက ထူးခြားလာပြီလား''

ခင်မောင်ဇော်က ခေါင်းအသာယမ်းကာ လေပူကြီးကို လိုက်လိုက်လှဲလှဲမှုတ်ချလိုက်ရင်း . . .

''ဟူး . . . မလွယ်ပါဘူး ဦးလေးရာ၊ ရည်းစားတစ်ယောက်ထားဖို့ဆိုတာ လွယ်ဘူးဗျ။ ခုလည်း ကိုယ်က ချိန်ရွယ်ရှိသေးတယ် . . . အတွဲရသွားတာတို့. ဒါမှမဟုတ်ရင်လည်း အတွဲရှိပြီးသားတွေချည်းပဲ တွေ့နေတယ်''

စကားအဆုံးမှာ ဦးအောင်သိန်းက မချိပြုံးလေး ပြုံးလိုက်သည်။

''သိပ်လည်း စိတ်မာတ်မကျပါနဲ့ဦး ငါ့တူရာ၊ တိုက်တိုက်ဆိုင်ဆိုင် မကျသေးလို့ ဖြစ်မှာပါ၊ ငါတို့နိုင်ငံမှာ မိန်းမမရှားပါဘူးကွ၊ မင်းစိတ်ကြိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မင်းကကြိုက်တာနဲ့ တည့်တည့်ကျရင် မင်းကိစ္စ အောင်မြင်ပါပြီကွ"

"အေးဗျာ ... ဘာပဲပြောပြော ခုတော့ မှန်းချက်နဲ့နှမ်းထွက် မကိုက်သေးတာတော့ အမှန်ပဲ"

ထိုအချိန်မှာပဲ အိမ်ခန်းထဲမှထွက်လာသည့် အဖေဖြစ်သူဦးတာတီးက နားစွန်နားဖျားကြားသွားပြီး ...

"ဟော့ကောင် ... ဘာတွေကို မှန်းချက်နဲ့နှမ်းထွက် မကိုက်တာလဲကွ"

ခင်မောင်ဇော်တစ်ယောက် အိုးတိုးအမ်းတမ်းဖြစ်သွားရပြီး ...

"ဟိုဟာလေ အဖေရာ ... မကိုက်ဘူးဆိုတာက စာအုပ်ဈေးတွေနဲ့ အခွေအာစီကြေးတွေက များလာတော့လေ ခုငှားနေတဲ့ဈေးနှုန်းနဲ့ သိပ်မကိုက်ဘူးလို့ ဦးလေးကို ပြောပြနေတာပါ"

ဦးတာတီးက သားတော်မောင်ကိုကြည့်ကာ နှာခေါင်းရှုံ့တော့သည်။ ပြီး ...

"တော်စမ်းပါကွာ ... အငယ်မတွေ ပြောပြလို့ ငါ အကုန်သိပြီးပြီ၊ မင်းကလည်း ချောချောလှလှကောင်မလေးတွေဆိုရင် ဈေးလျှော့ပေးတာတို့၊ အခွေအဆစ်ပေးတာတို့ လုပ်တယ်ဆို၊ မင်း အဲဒီလိုတွေ လုပ်နေမယ်ဆိုရင် ဘယ်လိုလုပ် ကိုက်တော့မှာလဲကွ"

အရှိက်ကို တန်းထိသွားသောစကားကြောင့် ခင်မောင်ဇော်က ဟီးခနဲ အောက်သွားဖြဲပြလိုက်ရင်း ...

"ဒါက ဒီလိုရှိတယ် အဖေရ ... ရပ်ကွက်ထဲမှာက ခုဆို တခြားဆိုင်တွေ ရှိတယ်လေ၊ အဲဒီတော့ ဈေးကွက်ကို ထိုးဖောက်တဲ့နေရာမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … ဟော့ … တော်ပါတော့ ခင်မောင်ဇော်ရာ၊ မင်း ခုလုပ်နေတာ အိတ်(စ်)ပို့ အင်ပို့လည်း မဟုတ်ဘူး။ ကြီးကြီးကျယ်ကျယ်တွေ ပြောမနေနဲ့၊ မင်းကို ငါမွေးထားတာ"

"ဟင် … အမေမွေးတာ မဟုတ်ဘူးလား"

"ဟော့ကောင် … လျှာရှည်မနေနဲ့၊ ဒီနေ့ကစပြီး အလုပ်ကို အလုပ်နဲ့တူအောင်လုပ်၊ မဟုတ်လို့ကတော့ ဆိုင်ပါ ပိတ်ပစ်လိုက်မယ် … ကြားလား"

"ဟုတ် … ဟုတ်ကဲ့"

ဟု ညောင်နာနာလေးပြောရင်း ညီမသုံးယောက်အား အခွန်းပေါင်းသုံးရာတိတိ စိတ်ထဲက မြိုင်မြိုင်ဆိုင်ဆိုင် ကျိန်ဆဲပစ်လိုက်လေသည်။

သို့သော်လည်း နောက်ပိုင်းရက်တွေမှာ ကံကြမ္မာအကျိုးပေးလာပုံကတော့ …

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ထိုကိစ္စသည် ခင်မောင်ဇော် ဘယ်လိုမှထင်မထားသည့်ထောင့်မှ ဝင်လာခြင်းဖြစ်သည်။ ကံကြမ္မာနတ်ဆိုးက နောက်ကျောကနေ ဓားနှင့် စနစ်တကျ ထိုးလိုက်သလိုမျိုးပင်။ ဖြစ်ပုံက ဒီလို . . .။

ဆိုင်ဖွင့်ပြီး သုံးလတင်းတင်းပြည့်သည့်နေ့မှာပင် ခင်မောင်ဇော်၏ အတာက ကြွမလာဘဲ၊ အကြီးမ တင်မေဝင်းကို ဆိုင်မှာ စာအုပ်လာလာငှားသည့် စာဂျပိုး ကျော်စိုးက မ,သွားခြင်းဖြစ်သည်။

ကိုယ့်ကိစ္စကိုယ်မွန်နေ၍ ဒီအကြောင်းတွေကိုပင် သတိမထားမိခဲ့။ ညီမ လင်နောက်လိုက်သွားမှ သိရသည်မှာ ဒင်းတို့ကြိုက်နေတာက ဆိုင်ဖွင့်ပြီး တစ်ပတ်ကျော်လောက်ကတဲ့။ တောက်! . . . ရိုင်းလိုက်လေခြင်း။

ဦးတာတီးဆိုလျှင် ဆူပူကြိမ်းမောင်းလိုက်သည်မှာ ခင်မောင်ဇော် တစ်ယောက် နေစရာပင် မရှိတော့ချေ။

www.burmeseclassic.com



လက်ကျန်သမီးနှစ်ယောက်ကိုကြည့်ကာ တစ်ချက်လွှတ်အမိန့်က လည်း ပြင်းပြင်းထန်ထန်ပင်။

"ကဲ ... တစ်ယောက်ကတော့ ခွေးဇာတ်ခင်းသွားပြီ၊ နင်တို့နှစ်ယောက်လည်း ကြပ်ကြပ်သတိထားကြ၊ နောက် ဆိုင်ထိုင်ချင်ရင် နင်တို့အစ်ကို မျက်စိအောက်မှာပဲ ထိုင်ရမယ် ... ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါ ဖေဖေ"

အငယ်မစကားအဆုံးမှာပဲ အလတ်မက ...

"သမီးတော့ မထိုင်တော့ပါဘူး ဖေဖေ၊ ဆိုင်အတွက် မြို့ထဲမှာ အခွေနဲ့စာအုပ် သွားဝယ်ပေးတဲ့အလုပ်ပဲ လုပ်တော့မယ်"

"ပြီးရော၊ ခင်မောင်ဇော် ..."

"ဗျာ"

"မျာ လုပ်မနေနဲ့၊ ကိုယ့်ညီမတွေကိုလည်း ဂရုစိုက်ဦး"

"ဟုတ် ... ဟုတ်ကဲ့"

သို့သော်လည်း အလတ်မ ဘာကြောင့် ဒီလို အကွက်ရွှေ့သွားသည် ကို နောက်တစ်ပတ်မှာပဲ ကွက်ကွက်ကွင်းကွင်း သိလိုက်ရပြန်သည်။

အလတ်မ တင်မေလင်းတစ်ယောက် မြို့ထဲကို လမ်းစရှာနေသည်မှာ တခြားမဟုတ်။ စာအုပ်တန်းမှ မာရေးဆရာနိုင်ဝင်းဆိုသော ငတိတစ်ကောင်နှင့် ကြိုက်နေ၍ ဖြစ်သည်။ အဲဒီအကြောင်းတွေကိုလည်း သမီးမိုက်ကို ခွင့်လွှတ်ပါဟူသော စာတိုလေးရောက်မှ တစ်အိမ်လုံး သိလိုက်ရခြင်းဖြစ်သည်။

သမီးနှစ်ယောက်ပါသွားသည့်အချိန်မှာတော့ ဦးတာတီး အသော်ပင် စိတ်ထောင်းကိုယ်ကြေ ဖြစ်သွားဟန်တူသည်။ ဘာမှပင်မပြောတော့ဘဲ ပုတီးပဲ



www.burmeseclassic.com

www.burmeseclassic.com


ဖိစိပ်နေတော့၏။

ဒီတစ်ခါတော့ ခင်မောင်ဇော် ဘယ်လိုမှ သည်းမခံနိုင်တော့။ ကိုယ့်ကိစ္စကို အသာထားပြီး အငယ်မ တင်မေသင်းအား မျက်စိဒေါက်ထောက်ကြည့်နေရတော့၏။

အငယ်မဆိုသော တင်မင်သင်းကလည်း သိပ်ခေတာတော့ မဟုတ်။ သူ့အထက်နှစ်ယောက် လင်နောက်လိုက်သွားပြီးကတည်းက အစ်ကိုရှေ့မှာ ပြားပြားဝပ်နေသလောက် လစ်တာနှင့် နန့်ချင်၏။

ခုလည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရပ်ကွက်ထဲမှာ ဆိုင်ကယ် တစ်စီးနဲ့လျှောက်သွားနေသော ဝင်းဦးဆိုသည့် သူဌေးသားလိုလို ဂျပလွတ်ကောင်နှင့် ဘာလိုလိုဟု ကြားရပြန်သည်။

ထိုအကြောင်းကို ခင်မောင်ဇော်က ဒွဲမေးတော့ ...

"ကိုကြီးကလည်း သူများတွေပြောတိုင်း ယုံနေတယ်၊ ညီမလေး အဲဒီကိစ္စတွေကို မစဉ်းစားသေးပါဘူး"

"အေး ... စဉ်းစားလို့လည်း မရဘူး။ အဖေက မပြောတော့ပေမယ့် အစ်ကိုဖြစ်တဲ့ ငါကတော့ ပြောရမှာပဲ၊ ကဲ ... ဒါဆို အဲဒီကောင်က ဘာသဘော နဲ့ ဆိုင်မှာ တစ်ရက်ကို သုံးလေးခေါက် လာလာငှားနေတာလဲ"

တင်မေသင်းက စိတ်ရှုပ်ဟန်လေးလုပ်ကာ ...

"အာ ... ဒါကတော့ ညီမတို့က ဆိုင်ဖွင့်ထားတာကိုး၊ သူလည်း ကြည့်ချင်တာ, ဖတ်ချင်တာရှိရင် လာမှာပေါ့လို့"

"ဟုတ်ပါတယ်၊ လိုတာထက် မပိုဖို့ ငါက ပြောနေရတာ၊ တော်ကြာ စာအုပ်နဲ့ အငှေတင်မဟုတ်ဘဲ နင့်ကိုပါ ငှားသွားမှာစိုးလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ကိုကြီးရာ ... ကိုယ့်ညီမက ကလေးပဲ ရှိသေးတာကို၊ ဘာတွေလာပြောနေမှန်း မသိဘူး"

ဟုဆိုကာ တင်မေသင်းက စိတ်ကောက်ဟန်ပြုတော့သည်။ ခင်မောင်ဇော်လည်း အစိုးရိမ်ကြီးနေသည့် ကိုယ့်စိတ်ကိုယ် လျှော့ချလိုက်ပြီး ...

"ကဲ ... တော်ပြီ ငါကလည်း ဆူနေတာမဟုတ်ဘူး။ နားလည်အောင် ပြောပြနေတာ၊ မိန်းကလေးဆိုတာ ကိုယ်က အနေအထိုင်ဆင်ခြင်မှ၊ ယောကျ်ားဆိုတဲ့သတ္တဝါမျိုးက ကိုယ်က တစ်ချက်ဟာပေးလိုက်တာနဲ့ အကုန်ပါချ ... အဲ အကုန်ပါသွားမှာ၊ အမှားမခံနဲ့၊ အရောမဝင်နဲ့၊ ကိုယ့်ဟာကိုယ် တည်တည်တံ့တံ့နဲ့ ဗိုင်းကောင်းကျောက်ဖိနေ ... ကြားလား"

"ဟုတ်ကဲ့ ကိုကြီး ... ညီမလေး မြေဝယ်မကျ နားထောင်ပါ့မယ်"

ထိုသို့ပြောနေရင်းကပင် ဆိုင်ရှေ့မှ ဆိုင်ကယ်နှင့်ဖြတ်သွားသော ဝင်းဦးအား တင်မေသင်းက မသိမသာ လက်လှမ်းပြလိုက်သေးသည်။ ဒီညီမလေးတော့ ငါ့စကားကို နားထောင်သားပဲဆိုပြီး ပီတိတွေဖြာနေသော ခင်မောင်ဇော် တစ်ယောက်မှာ လုံးဝသတိမထားမိလိုက်။ ထိုစဉ်မှာပဲ ...

"အစ်ကို ... အချစ်ရှိလားဟင်"

"ဗျာ"

ချိုကြည်သောအသံလေး ကြားရာသို့ လှည့်ကြည့်ပြီး ခင်မောင်ဇော် ဆယ်စက္ကန့်လောက် ငုတ်တုတ်မေ့သွားရသည်။

ဘယ်နတ်ဘုရားက မ,စလိုက်မှန်းမသိသော နတ်သမီးလေးတစ်ပါး သူ့ရှေ့မှာ အရှင်လတ်လတ် ရောက်နေချေပြီတကား ...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဂလု"

တံတွေးကို အရင်ကျိတ်၍ မျိုချလိုက်ရသေးသည်။ ကောင်မလေးက ခင်မောင်ဇော်၏ ခေါင်းတောင်ငါးသိန်းအားအကြည့်ကို မသိမသာလွှဲဖယ်ရင်း . . .

"အစ်ကို . . . မေးတာ ကြားပါတယ်နော်၊ အချစ်ရှိလားလို့"

ဒုတိယမ္ပိ တံတွေးကို မျိုချရပြန်သည်။ ကျူးပစ်ကတော့ မြားဖြင့်ပစ် လေပြီထင့် . . .။

ခင်မောင်ဇော်က အငမ်းမရ ကြည့်နေရာမှ သတိဝင်လာဟန်ဖြင့်–

"အချစ် . . . ဟုတ်လား၊ ရှိတာပေါ့၊ ယူမှာလားဟင်"

ပေါ်တင်ကြီးပင် ပြန်မေးလိုက်သည်။ ဘေးမှာ ညီမ,ရှိတာကိုပင် ဂရုမစိုက်နိုင်တော့။ သူ့စကားကြောင့် ကောင်မလေးလည်း ရှက်တက်တက်ဖြစ် သွားရပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... ညီမ ပြောတာက စာရေးဆရာ သုမောင်ရေးတဲ့ "အချစ်"ဆိုတဲ့ ဝတ္ထုကို ပြောတာ"

ခင်မောင်ဇော်ကလည်း မခေပါ။ ချက်ချင်းပဲ ...

"ဟုတ်ပါတယ်၊ ကိုယ်လည်း အဲဒါကိုပဲပြောတာပါ၊ ခု ဆိုင်မှာ အဲဒီ ဝတ္ထုကို ပြန်ရိုက်ထားတဲ့ ဗီဒီယိုဇာတ်ကားတောင် ရှိသေးတယ်"

"ဟယ် ... ဟုတ်လား၊ ဒါဆိုရင် အတော်ပဲ စာအုပ်ရော, ခွေပါ ယူမယ်"

ခင်မောင်ဇော်က တဟဲဟဲရယ်လျက် ...

"ဩော် ... ဒီက ညီမက ရှိသမျှအချစ်တွေကို အကုန်ယူသွားတော့ မယ်ပေါ့"

ကောင်မလေးက မျက်စောင်းလှလှလေး လှမ်းပစ်သည်။ ခင်မောင် ဇော်၏အပြောကို ခေတ်ကာလသမီးပီပီ အော်တိုရိုပ်မိသွားသလိုမျိုး။ ထိုမျက် စောင်းလေးတစ်ချက်နှင့်ပင် ခင်မောင်ဇော်နှလုံးသားတစ်ခုလုံး အရည်ပျော် ကျသွားသလို၊ ပိုးစိုးပက်စက်ကြီး ဖိုးသိုးဖတ်သတ်တွေ ဖြစ်သွားလေတော့သည်။

ကိုယ့်ကိုယ်ကိုယ် တခြားကမ္ဘာတစ်ခုသို့ရောက်သွားသလို ဆောက် တည်ရာမရဖြစ်နေချိန်မှာပဲ ကောင်မလေးက တယောသံလေးနှင့် ပြောလာ သည်။

"ဟိုလေ ... ညီမက ဒီရပ်ကွက်က မဟုတ်တော့ ပိုက်ဆံစပေါ်ပေးဆို လည်း ပေးခဲ့ ..."

စကားပင် မဆုံးလိုက်။ ခင်မောင်ဇော်က ပျာပျာသလဲဟန်ဖြင့် ...

"ဟာ ... စပေါ်တွေ ဘာတွေ မလိုပါဘူး၊ ညီမပုံစံလေးက လိမ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်မှ မဟုတ်တာ''

''တကယ်လို့ ပြန်လာမပေးတော့ရင်ရော''

''ရပါတယ်ဗျာ၊ ဒီက ညီမက ကိုယ့်ဆီကအချစ်ကို အပိုင်ယူသွားမယ် ဆိုရင်လည်း ရက်ရက်ရောရောကြီး ပေးချင်တဲ့ကောင်ပါ . . . ဗျ''

''အိုး . . . ပြောတော့မယ်၊ ညီမက အလကား စတာပါရှင့်''

''ကိုယ်ကတော့ အတည်ကြီးပြောတာနော် . . . ဟဲ ဟဲ''

နည်းနည်းအရောဝင်တာနှင့် အရည်ထွက်မတတ် ခင်မောင်ဇော် ပါးလျှက်နားလျှက် ပြောလေတော့သည်။ ဘေးမှာ ညီမတစ်ယောက်ရှိသည်ကို ပင် တဏှာစိတ် ငယ်ထိပ်တက်ကပ်နေသဖြင့် မမြင်နိုင်တော့။

ဘေးမှ ကြည့်မရတော့သည့် တင်မေသင်းက မျက်စိစပါးမွေးစူးကာ စာအုပ်နှင့်အခွေကို သွားယူပေးလာပြီး . . .

''အဟမ်း အဟမ်း . . . ကိုကြီး ဒီမှာ စာအုပ်နဲ့အခွေရပြီနော်''

''ဩော် . . . အေး အေး''

ထိုအခါမှ သတိက ကပ်တော့သည်။ အလိုက်ကန်းဆိုးမသိသော ညီမကို အသံတိတ် ကျိန်ဆဲလိုက်ပြီးမှ ကောင်မလေးဘက်ကိုလှည့်ကာ ပြုံးဖြီး ဖြီးလုပ်လျှက် . . .

''ရော့ ညီမလေး၊ ဩော် . . . ဒါနဲ့ နာမည်လေးက''

ကောင်မလေးက မျက်လုံးထောင့်ကပ်လိုက်ကာ . . .

''မြမြစိုးပါ အစ်ကို၊ သွားမယ်နော် . . . ခုလို ပေးငှားတာ ကျေးဇူး''

ဆံနွယ်ကလေးကို ဝဲခနဲခါရင်း မြမြစိုး ကြော့ကြော့လေး လှည့်ထွက် သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော်ရင်ထဲမှာတော့ . . .

"ဩော် . . . မြမြစိုး၊ မြမြစိုး၊ မင်းကလေးဟာ ငါ့ရင်ထဲကို အကြည့်တစ်ချက်လေးနဲ့တင် လှလှပပလေး တိုးဝင်သွားခဲ့ပါပကောကွယ်"

ဟု ပေါ်တောတော မြည်တမ်းလိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

နေမြင့်လေ အရှုံးရင့်လေဆိုသည့် စကားကတော့ သွေးထွက်အောင် မှန်လေပြီ။ ခင်မောင်ဇော်တစ်ယောက် သွားလည်း မြမြစိုး၊ စားလည်း မြမြစိုး၊ အိပ်လည်း မြမြစိုး ဖြစ်နေတော့၏။

ညနေ, ညနေ ... မြမြစိုး ဆိုင်သို့လာပြီဆိုလျှင် ခင်မောင်ဇော်မှာ နေစရာပင် မရှိ။ ဖင်ကြားခဲညပ်သလို ထိုင်မရ ထမရနှင့် ဖြစ်နေတော့သည်။ ဒီကြားထဲမှာ ညီမ,ဖြစ်သူကိုပင် စိတ်မဝင်စားအား။ အငယ်မတင်မေသင်းက ခြေငြိမ်နေ၍သာ တော်သေးသည်။ ဒီတော့လည်း ခင်မောင်ဇော်တစ်ယောက် လွတ်လွတ်လပ်လပ် ဘူးကျလို့ ရနေသည်ပေါ့။

ခုဆိုလျှင် မြမြစိုးမှလွဲ၍ တခြားသောကောင်မလေးတွေကို မျက်နှာသာမပေးတော့။

မည်သို့ပင်ဆိုစေ ...

www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်း မြမြစိုး ဆိုင်မလာမချင်းတော့ ခင်မောင်ဇော် မျက်နှာကြီးက သုန်မှုန်နေသည်မှာ အမှန်ပင်။ လည်ပင်းကို သစ်ကုလားအုတ်လောက်ရှည်ပြီး စောင့်မိသည်မှာလည်း နေ့တိုင်း။

လှုပ်လီလှုပ်လဲ့လျှောက်လာသော မြမြစိုးကို တွေ့လိုက်လျှင်တော့ ထန်းလျက်ခဲတွေ့လိုက်ရသည့် ခွေးကဲ့သို့ ခင်မောင်ဇော် အမြီးနန့်မတတ် ပျော်ရွှင်ရတော့သည်။

အခုဆိုလျှင် တခြားလူတွေ မနာလိုစရာကောင်းလောက်အောင်ပင် မြမြစိုးလေးနှင့်က ခင်မင်မှုတွေ အရောင်ရင့်လာခဲ့ပြီ။ မြမြစိုးသာ ဆိုင်ထဲမှာရှိနေပါက ဘယ်ကောင်မလေးမှ စာအုပ်ငှားခ လျှော့ခိုင်းဖို့ စိတ်မကူးကြလေနှင့်။ အဝေးကြီး ...။ တစ်လောကလုံးမှာ မိန်းမဆိုလို့ မြမြစိုးတစ်ယောက်သာရှိသကဲ့သို့ ခင်မောင်ဇော်မျက်နှာထားက ချိုနေသည်။

တစ်ခါတစ်ခါ မြမြစိုးက တင်မေသင်းကို မသိမသာကြည့်ပြီး ...

"စိုးကလေ ... ညီမ,ရှိတာမဟုတ်ဘူး ... သိလား၊ ကိုကြီးလို အားကိုးရပြီး ချစ်စရာကောင်းတဲ့ ညီမလေးတစ်ယောက်လောက် အရမ်းလိုချင်တာပဲ"

"ဒါလေးများ စိုးရယ် ... ခက်လို့၊ လွယ်လွယ်ကလေး၊ စိုးအတွက် ညီမတစ်ယောက် အော်တိုရမယ့်နည်းကို ပြောပြရမလား"

"ကိုကြီးနော်"

ထိုသို့ မျက်စောင်းကလေးပစ်ပြီး မြမြစိုး ခရာတာတာလေး ပြောလာပြီဆိုလျှင်တော့ ခင်မောင်ဇော်တစ်ယောက် အလဲအကွဲ။ ချစ်စိတ်တွေ ဖိုဖိတ်ကာ ဘယ်နေ့ဖွင့်ပြောရင် ကောင်းမလဲဟု မညာမတာ တွေးနေမိသည်။

ခုဆိုလျှင် အငယ်မ တင်မေသင်းနှင့်လည်း မြမြစိုးက ခင်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော်က ဦးလေးဖြစ်သူ ဦးအောင်သိန်းကို ရင်ဖွင့်တိုင်ပင်လိုက်တော့ ...

"မင်းကွာ ... ဒီလောက်ကောင်းနေတဲ့အဆင်ကိုမှ လက်နှေးနေတယ်၊ ဒီအဆင်က ဘာလာလာ ဒေါင်းနေပြီးသားကွ၊ အဲလေ ... ပြောစရာရှိတာ ပြောချလိုက်တော့၊ ဖူးစာဆိုတာ နှစ်ခါမလာဘူးနော်"

ဟုဆိုကာ ပိုးစိုးပက်စက် မြှောက်ပေးလေတော့သည်။ နဂိုကတည်းကမှ တဏှာပိုး ထကြွသောင်းကျန်နေသော ခင်မောင်ဇော်မှာ သဘောတွေ အကျကြီးကျပြီး ဦးရီးတော် ဦးအောင်သိန်း ခွက်ပုန်းဆော်ရအောင် ဂျော်နီလမ်းလျှောက် ဝီစကီတစ်ပုလင်းပင် ဝယ်ပေးလိုက်သေး၏။

စိတ်ထဲမှာလည်း မြမြစိုးကို ဖွင့်ပြောဖို့ အချိန်တန်လေပြီဟု ပိုင်စိုးပိုင်နင်း ကိုယ့်ဘာသာကိုယ် သတ်မှတ်ပစ်လိုက်သည်။ အင်း ... စိုးကလေးလည်း ရေလာမြောင်းပေးလုပ်နေရတာ မောလှရောပေါ့ဟု နှမချင်း မစာနာစွာပင် တွေးလိုက်သေး၏။

ထိုသို့သော မဟာ့းတရားအကြံအစည်တွေနှင့် ခင်မောင်ဇော် အလစ်ချောင်းနေခိုက် ...။

တစ်ရက်မှာတော့ မြမြစိုးတစ်ယောက် ညဦးပိုင်း ဆိုင်သို့ရောက်လာတာ ...

"ကိုကြီး ... ကိုကြီးကို စိုး ပြောစရာရှိတယ် ... သိလား"

ခင်မောင်ဇော်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရသည်။ အို ... ငါ့ဘက်ကရေခဲတုံးကြီးလုပ်နေတာကို စိတ်မရှည်လို့ သူကလေးဘက်က ဖွင့်ပြောသတော့မှာလားဟုပင် မတန်မရာ တွေးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မြမြစိုး ပြောလာသည်က တခြား . . .

"ကိုကြီး . . . မနက်ဖြန် စိုးမွေးနေ့လေ၊ အဲဒါ . . ."

တူနှစ်ကိုယ်တွဲပြီး ငါ့ကို ဘုရားသွားဖို့ခေါ်တော့မှာလားဟု အမှတ်မရှိ တွေးလိုက်သည့်အတွေးက မဆုံးလိုက်။

မြမြစိုးက ဆက်၍ . . .

"အဲဒါလေ . . . မနက်ဖြန် မနက်စောစော မြို့ထဲမှာ ဈေးသွားဝယ်ချင်လို့ ညီမလေးတင်မေသင်းကို ခဏခေါ်သွားချင်တယ် ကိုကြီးရဲ့"

စိတ်ထဲမှာ နင်သွားသော်လည်း ဒီလောက်ကလေးတော့ လျှော့ပေးရမှာပေါ့လေဟု တွေးလိုက်သည်။

ထို့ကြောင့် အောင့်အီးသည်းခံကာ ဟန်လုပ်ပြီး . . .

"ခေါ်သွားပေါ့ စိုးရဲ့၊ ဒါဆို စိုးပြန်လာမှ ကိုကြီး လက်ဆောင်ပေးတော့မယ်နော်၊ ပြီးတော့ . . . အရေးကြီးတဲ့စကားလည်း ပြောစရာရှိလို့ ပြန်လာရင် ထိုင်နေကျလက်ဖက်ရည်ဆိုင်က စောင့်နေမယ် . . . သိလား"

စကားအသွားအလာကို သဘောပေါက်စွာ မြမြစိုး မျက်နှာလေးက မဲ့တရှုံ့ဟန်လေးဖြစ်သွားရင်း . . .

"လာမှာပေါ့လို့ ကိုကြီးကလည်း"

ခင်မောင်ဇော်၏ရင်ခုန်သံတွေကတော့ မြမြစိုးအပြုံးအောက်မှာ နာလန်မထူနိုင်တော့။ ပီတိတွေဖြာကာ ပြုံးဖြီးဖြီးကြီး ဖြစ်နေတော့သည်။

ထိုသို့ဖြင့် ဆိုင်ကိုပင် နေ့တစ်ဝက်နှင့်ပင် ပိတ်ပစ်လိုက်၏။ ပြီး . . . ရပ်ကွက်ထဲမှ အပေါင်ဆိုင်သို့ပြေးကာ အပေါင်ဆုံးလက်စွပ်မောင်းကွင်းလေး တစ်ကွင်း ပြေးဝယ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


ညနေ မြမြစိုးပြန်လာပါက ချစ်ရေးဆိုရင်း လက်စွပ်ကလေးနှင့် လက်ထပ်ခွင့်ပါ တောင်းလိုက်မည်။ ယခုလို ဆိုင်ပိတ်ထားလိုက်ရတာ လုံးဝ ကိစ္စမရှိ။ မြမြစိုးအချစ်က လက်တစ်ကမ်းမှာ ရှိနေလေပြီ။ ဒီယုန်မြင်၍ ဒီဆိုင်ထောင်ထားခြင်း မဟုတ်ပါလား။

ညနေပိုင်းရောက်တော့ ဝတ်ကောင်းစားလှတွေဝတ်ပြီး ပြင်ဆင်နေသည့် တူတော်မောင်ကိုကြည့်ကာ ဦးအောင်သိန်းက . . .

"ဘယ်လိုလဲ ငါ့တူရ . . . ဒီနေ့ ထူးထူးခြားခြား ဆိုင်ပိတ်ပြီး ဘယ်သွားမလို့လဲ"

စကားအဆုံးမှာပဲ ခင်မောင်ဇော်က အင်္ကျီအိတ်ကပ်ထဲမှ လက်စွပ်ကလေးကို ထုတ်ပြလိုက်ရင်း . . .

"ဦးလေး . . . ဒီမှာ ဘာလဲ . . . တွေ့လား"

ဦးအောင်သိန်းက မျက်ခုံးနှစ်ဖက်ပင့်ကာ ကြည့်ပြီး . . .

"ဟော . . . လက်စွပ်ကလေးပါလား၊ မင်း ဘယ်ကရလာတာလဲ"

"အပေါင်ဆိုင်ကလေ"

"ဘယ်လို ဘယ်လို . . . မင်း ဘယ်တုန်းက သွားပေါင်ထားတာလဲ"

"ဘယ်ကလာ . . . အပေါင်ဆုံးပစ္စည်းကို သွားဝယ်လာတာပါဗျ"

"ဟော . . . ဘာလုပ်မလို့လဲ"

ဦးအောင်သိန်း၏ တအံ့တသြစကားအဆုံးမှာ ခင်မောင်ဇော်က မာန်တက်သလို တဟဲဟဲရယ်လျက် . . .

"လက်စွပ်ဆိုမှတော့ လက်ထပ်ခွင့်တောင်းမလို့ပေါ့ ဦးလေးရာ၊ ဒီညနေ ဘွန်တော်ကြိုက်နေတဲ့ ကောင်မလေးဆီက အဖြေတောင်းရင်း တင်းခါတည်း


www.burmeseclassic.com

www.burmeseclassic.com


လက်ထပ်ခွင့်ပါ တောင်းမလို့ဗျ"

"အေး . . . ကောင်းတယ်ကွာ ကောင်းတယ်၊ ခုတော့ ဦးလေးပေးတဲ့အကြံက တကယ်ဖြစ်လာပြီ မဟုတ်လား"

"ဟုတ်ပါ့ ဦးလေးရာ . . . နောက်ဆုံးတော့လည်း ခင်မောင်ဇော်တစ်ယောက် မိန်းမရပြီပေါ့၊ ဦးလေးကျေးဇူးကို ဘယ်တော့မှ မမေ့ဘူး . . . သိလား။ ကဲ . . . သွားပြီဗျာ"

ရင်ကော့ကာ လှည့်ထွက်သွားသည့် တူတော်မောင်ကိုကြည့်ပြီး ဦးအောင်သိန်း ခပ်တိုးတိုးပဲ ရေရွတ်လိုက်မိလေသည်။

"ကံကောင်းပါစေ ငါ့တူကြီးရာ"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ညနေငါးနာရီကျော်၍ မှောင်စပင် ပြုနေလေပြီ။ လက်ဖက်ရည်ဆိုင်မှာ စောင့်ရင်း ခင်မောင်ဇော် ဂနာမငြိမ်နိုင်တော့။ အမှန်ဆိုလျှင် မြမြစိုးတို့ဒီလောက်နောက်မကျသင့်။ ပြန်ရောက်ဖို့ အချိန်တန်နေပြီ ဖြစ်သည်။

သို့နှင့် လက်ဖက်ရည်ဆိုင်မှာပင် မထိုင်နိုင်တော့ဘဲ ရပ်ကွက်ထိပ်ကကားမှတ်တိုင်ဆီသို့ ထွက်လာခဲ့မိသည်။

ကားမှတ်တိုင်မှ ခုံတန်းလျားလေးမှာလည်း ငုငုကြီးထိုင်စောင့်ရင်းနာရီဝက်လောက်ပင် ထပ်ကြာလာလေပြီ။ ရောက်မလာသေး။ တစ်စီးပြီးတစ်စီးထိုးဆိုက်သွားသည့် ကားပေါ်မှ ဆင်းလာသူတွေထဲမှာလည်း မြမြစိုးနှင့် ခပ်ဆင်ဆင်ပင် မတွေ့ရ။

ခင်မောင်ဇော်စိတ်ထဲမှာတော့ မီးလိုပူလာလေပြီ။ အိတ်ကပ်ထဲကသက်စွပ်ကလေးကို စမ်းရင်း အသက်ရှူမဝသလို ခံစားလာရ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် ...

"ဒီက အစ်ကိုကို တစ်ခုလောက် အကူအညီတောင်းလို့ရမလားဗျ"

အသံကြောင့် မော့ကြည့်လိုက်တော့ သူနှင့် အသက်အရွယ် မတိမ်းမယိမ်း လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ဒါမျိုးတွေ ရိုးနေပြီဟု တွေးရင်း ခင်မောင်ဇော်က ခပ်တည်တည်ဟန်လုပ်ကာ ...

"ဘာလဲ ... လိုင်သာယာတို့ ရွှေပြည်သာတို့ကို ပြန်ဖို့ ကားခမရှိလို့လား၊ ဒါဆိုရင်တော့ ဆောရီးပဲ၊ ရှေ့လျှောက်လိုက်ပါ"

"ဟုတ် ... ဟုတ်ကဲ့"

ဟုဆိုကာ ယောင်နနနှင့် ထွက်သွားမည်ပြုပြီးမှ ထိုလူက သတိဝင်လာသလို ပြန်လှည့်လာရင်း ...

"ဟာဗျာ ... မဟုတ်ပါဘူး၊ ကျွန်တော် ဒီရပ်ကွက်ထဲက လိပ်စာတစ်ခုကို မေးချင်လို့ပါ ... ဗျ"

"ဒါဆိုရင်လည်း ပြောဗျာ ... သိရင် ညွှန်လိုက်မယ်"

ခင်မောင်ဇော်စကားအဆုံးမှာပဲ ထိုလူက အိတ်ကပ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ကာကြည့်ရင်း ...

"ဒီရပ်ကွက်ထဲက ဆိုင်တစ်ဆိုင်ရဲ့ လိပ်စာပါ၊ ကျူးပစ်စာအုပ်နှင့် အခွေငှားဆိုင်တဲ့"

"ဗျာ ... အဲ့ ... အဲဒါ ကျွန်တော်တို့ဆိုင်ပဲဗျ၊ ဘာ ... ဘာကိစ္စလဲ မသိဘူး"

အ,ထစ် အ,ထစ် ပြောလိုက်သော ခင်မောင်ဇော်ကို ပြုံးပြုံးကြည့်လာရင်း ထိုလူက ...


www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆို ... အစ်ကိုက ကိုခင်မောင်ဇော်ဆိုတာများလား"

"ဟုတ် ... ဟုတ်ပါတယ်၊ ဒါဆို ခင်ဗျား လာ ... လာတဲ့ကိစ္စက"

ထိုအခါမှ လက်ထဲက စာအိတ်ကို လှမ်းပေးလာရင်း ...

"အဆင်သင့်လိုက်တာဗျာ၊ ကဲရော့ ... ဒီစာက အစ်ကို့ဆီကို မြန်မြန်ပေးနိုင်းလိုက်တာဗျ"

"ဗျာ"

တအံ့တသြ ရေရွတ်လိုက်ရင်းက တုန်ယင်သောလက်အစုံဖြင့် စာအိတ်ကို လှမ်းယူလိုက်သည်။ ပြီး ... ရင်ခုန်သံတဒိတ်ဒိတ်နှင့် စာအိတ်ကို ဖွင့်ကာ စာကို ထုတ်ယူလိုက်၏။

စာထဲမှာရေးထားသည်ကတော့ ...

ကိုခင်မောင်ဇော်...

ဆောရီးပါလို့ အရင်ပြောပါရစေ။ တကယ်တော့ ဒီကိစ္စဟာ ဒီလောက်အထိ မရည်ရွယ်ခဲ့ပါဘူး။ ရှင့်သမီးလေးနဲ့ ကျွန်မမောင်ဝမ်းကွဲလေး ဝင်းဦးတို့ အဆင်ပြေဖို့လေးပါ။ အဲဒါကြောင့်လည်း ရှင့်ဆိုင်အထိ ကျွန်မ လာခဲ့တာပေါ့။

ခုတော့ ရှင်ကလည်း သဘောမတူ၊ သူတို့ချင်းကလည်း မခွဲနိုင်တော့ဘူးဆိုပြီး ဒီနေ့ပဲ လက်မှတ်ထိုးပြီး အိမ်ထွက်သွားကြပါပြီ။ သူတို့ရဲ့ချစ်ခြင်းကို ထပ်မခွဲပါနဲ့လို့ ကျွန်မ ထပ်တောင်းပန်ပါတယ်။ ဝင်းဦးက သုံးမရင် နားထောင်မယ့် ကောင်လေးပါ။

ပြီးတော့ ဒီနေ့က ကျွန်မမွေးနေ့လည်း မဟုတ်ပါဘူး။ သူတို့ကို တွေ့ပေးရင်းနဲ့ ကိုရီးယားက ပြန်လာမယ့် ကျွန်မချစ်သူကို လေဆိပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သွားကြိုမလို့ပါ။

ခုတော့ ဘာမှမတတ်နိုင်တော့ဘူးလေ။ ကျွန်မ လိုချင်နေတဲ့ သမီးလေး တစ်ယောက် ရပြီပေါ့။ ကျွန်မကိုလည်း နားလည်ပေးပါနော်။ ဒါပါပဲ။

ခင်တွယ်စွာ . . .

မြမြစိုး

PS. ကျွန်မတို့ မင်္ဂလာဆောင်ရင် ဖိတ်လိုက်ပါ့မယ်။ ဆက်ဆက်လာခဲ့နော်။

စာဖတ်အပြီးမှာတော့ ခင်မောင်ဇော် ဇက်ကျိုးကျသွားလေသည်။ မျက်စိထဲမှာ ဘာမှမမြင်တော့။ မျှော်လင့်ထားခဲ့သမျှ ဘာတစ်ခုမှ ဖြစ်မလာ တော့ဘဲ ကောင်းကောင်းကြီး အလိမ်ခံလိုက်ရလေပြီ။ ဝါသနာပါလျှင် လမ်းမ ပေါ်က ကားတွေကြား ဝင်ပြေးဖို့သာ ကောင်းလှတော့၏။ ဘာလုပ်လို့ လုပ်ရ မည်မှန်းပင် မသိတော့။

ရှက်ခြင်း၊ နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်းတို့နှင့်အတူ ထိုင်နေရာမှ ကတုန်ကယင်ကြီး ထရပ်လိုက်မိသည်။ သမီးနှစ်ယောက် လင် နောက်လိုက်သွား၍ စိတ်ထောင်းကိုယ်ကြေဖြစ်နေသော ဖခင်ဖြစ်သူကို ဘယ် လိုပြောရတော့မည်နည်း။

ငါဟာ တဏှာစိတ် ငယ်ထိပ်တက်ကပ်ပြီး ဘာကိုမှမမြင်နိုင်ခဲ့တဲ့ သောက်ပေါကြီးပါလားဟု အားငယ်နာကျင်စွာ တွေးလိုက်မိသည်။

ပြီး တစ်ဆက်တည်း ထွက်လာသော ဒေါသနှင့်အတူ စိတ်ထဲမှလည်း နာနာကြည်းကြည်း ရေရွတ်လိုက်မိ၏။

တောက်! . . . လျှာနှစ်ခွနဲ့ မြွေပောက်မ။ မြမြစိုး။ သင်းကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြေတောင် ဉဒါန်းမကြေဘူးကွ။

ဟု စိတ်ထဲက ကြုံးဝါးရင်း ခင်မောင်ဇော်၏ ခြေလှမ်းတွေကတော့ ရပ်ကွက်ထဲမှ ဘီယာစတေရှင်သို့ ...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဆင့်ကဲဆင့်ကဲဆိုသလိုပင် အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှ သည်ဟု ပြောရတော့မည်လား မသိချေ။

သမီးသုံးယောက်စလုံး လင်နောက်လိုက်သွားပြီးချိန်မှာတော့ သွက် ချာပါဒနီးနီးဖြစ်သွားသည့် ဖခင်ဖြစ်သူ ဦးတာတီးက ခင်မောင်ဇော်ကို ပြော လာသည်။

"ဒီမယ် ငါ့သား . . . ဟိုခွေးမတွေအကြောင်းတော့ အဖေပါးစပ်ထဲ ထည့်မပြောချင်တော့ဘူး၊ အဖေလည်း အားလုံးကို စိတ်ကုန်သွားပြီ ငါ့သား ရာ၊ ဒီတော့ အဖေပိုင်ဆိုင်သမျှ စီးပွားဥစ္စာတွေကို ငါ့သားကိုပေးပြီး အဖေ စစ်ကိုင်းချောင်မှာ တရားသွားအားထုတ်တော့မယ်၊ ကဲ အောင်သိန်း . . . မင်းလည်း"

ဦးတာတီး စကားကမဆုံးလိုက်။ ခင်မောင်ဇော်ဘေးမှာ ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သိန်းက ပျာပျာသလဲပဲ . . .

"အစ်ကို . . . အစ်ကို . . . ကျွန်တော် အစ်ကိုနဲ့ စစ်ကိုင်းချောင်တော့ မလိုက်နိုင်ဘူးနော်၊ ဒီမှာ တူလေးတစ်ယောက်တည်း ကျန်ခဲ့မှာဆိုတော့ အနီးကပ်ပြုစုစောင့်ရှောက်ဖို့ . . ."

"ဟော့ကောင် . . . ငါသိတယ်၊ မင်းကိုလည်း မခေါ်ဘူး၊ ကျန်ခဲ့တဲ့ မင်းတို့နှစ်ယောက် စုစုစည်းစည်းနဲ့နေဖို့ ပြောမလို့ကွ၊ မင်းကလည်း ဒီကောင့်ကို မြှောက်ပေးမနေနဲ့ဦး"

"ဒါတော့ စိတ်ချပါ အစ်ကိုရာ၊ အစ်ကိုသွားလိုရာကိုသာ စိတ်ဖြောင့်ဖြောင့်နဲ့ သွားလိုက်ပါတော့"

"ဘာကွ . . . ငါက သေမယ့်မသာမို့လို့လား"

"ဟာ အစ်ကိုကလည်း . . . စစ်ကိုင်းချောင်ကို ဆိုလိုတာပါဗျ . . . အဟီး"

စပ်ဖြီးဖြီးပြောရင်း ခင်မောင်ဇော်ကို တစ်ချက်ဖမ်းရှိုးလိုက်သေး၏။ ခင်မောင်ဇော်က သိပ်ကျေနပ်လှသည်တော့မဟုတ်။ ဒင်းအကြံအစည်ကြောင့် ညီမသုံးယောက် ပါသွားသဖြင့် စိတ်နာသောမျက်နှာပေးနှင့် ပြန်ကြည့်လိုက်သည်။

ဦးတာတီးကပဲ ဆက်၍ . . .

"ကဲ ငါ့သား . . . ခု မင်းရဲ့ဆိုင်ကိုရော ဘယ်လိုလုပ်မှာလဲ"

ဆိုင်ဘက်ကို ခြေဦးမလှည့်ချင်တော့သည့် ခင်မောင်ဇော်က နာကြည်းစွာ . . .

"တော်ပါပြီ အဖေရာ . . . နောက်မှပဲ စီးပွားရေးအသစ်တစ်ခုလုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ထပ်စဉ်းစားတော့မယ်၊ ဒီဆိုင်ကိုတော့ တခြားတစ်ယောက်ကို ရောင်းဖို့ ဈေးစကားတောင် ပြောထားပြီးပြီ"

အရာအားလုံးကို သဗ္ဗေသတ္တာ ကမ္မသကာဟု ယူဆထားလိုက်သည့် ဦးတာတီးကတော့ လက်ထဲမှ ပုတီးအား စိပ်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ …

"အေးလေကွယ် … မင်းသဘောပါပဲ၊ ဒါပေမဲ့ အဖေမသွားခင်မှာ တစ်ခုတော့ မှာခဲ့ချင်တယ်"

"ပြောပါ အဖေ … ဘာများလဲ"

ဦးတာတီးက ကြီးစွာသောသက်ပြင်းအား ဖိဖိစီးစီး ချလိုက်ရင်း …

"သြော် … မင်းတို့တွေ လိမ္မာရစ်ကြပါလို့"

"ဟုတ် … ဟုတ်ကဲ့"

ခင်မောင်ဇော် ယောင်တောင်တောင်နှင့် ခေါင်းညိတ်ကာ ပြန်ပြောလိုက်သည်။ ထိုအချိန်မှာတော့ ဦးတာတီးက စစ်ကိုင်းချောင်သွားဖို့အတွက် ပြင်ဆင်ရန် အခန်းထဲသို့ပင် ဝင်သွားလေပြီ။

ထို့နောက်မှာတော့ …

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"အင်း . . . ဒီအတိုင်းဆိုရင်တော့ တစ်ခါတုန်းက အောင်သန်းဦး (ဆီဗူး) ပြောခဲ့တဲ့စကားဟာ မှန်နေသလိုပဲကွ"

အဆုံးအစမရှိ ပြောချလိုက်သော အုန်းခိုင်စကားအဆုံးမှာတော့ ခင်မောင်ဇော် ကြောင်တောင်တောင်ဖြစ်သွားရပြီး . . .

"ဟော့ကောင် အုန်းခိုင် . . . မင်းက ဘာကိုပြောချင်တာလဲကွ . . . အလင်းပြော"

အုန်းခိုင်က ရယ်ကျဲကျဲလုပ်ကာ . . .

"အဟဲ . . . ဒီလိုလေကွာ၊ မင်းဆိုင်ဖွင့်တုန်းက ဒီကောင် ပြောတယ်မဟုတ်လား . . . မင်း မိန်းမကိစ္စနဲ့ပတ်သက်ပြီး အကြံကုန် ဂဠုန်ဆားချက်လို့ ဆိုတာလေ၊ ခု သူတို့ပြောခဲ့သလိုပဲ မင်းအဖြစ်က ဖွတ်,မရ တားဆုံး တကယ်ဖြစ်သွားတာကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



"အုန်းခိုင် ... မင်းစကားကို ရပ်လိုက်တော့"

ပြောရင်းပင် လွန်ခဲ့သည့်တစ်လကျော်က ရခဲ့သောဒဏ်ရာက အုံကြွလာရသည်။ အချိန်ပင် တစ်လကျော်ကြာနေပြီ။ စိတ်နာလွန်း၍ ထိုဆိုင်ကိုပင် ရသလောက် ဈေးနှင့် ရောင်းလိုက်ပြီးပြီ။

ထိုမျှမကသေး အဖေဖြစ်သူပင်လျှင် ထိုစိတ်တွေနှင့် စစ်ကိုင်းချောင်သို့ အပြီးအပိုင် ထွက်သွားခဲ့လေပြီ။

ခုမှ ကောက်ကာငင်ကာ အစဆွဲထုတ်လာသော အုန်းခိုင်ကို ခပ်တင်းတင်းကြည့်လိုက်ရင်း ...

"ဒီမှာ အုန်းခိုင် ... မင်းနဲ့ငါ ဘောလုံးတစ်သင်းတည်းကို စိတ်တူကိုယ်တူ အားပေးလို့ ဘော်ဒါပေါင်း ပေါင်းလာခဲ့တာ မှန်တယ်၊ ဒါပေမဲ့ ... ငါ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဝင်ပြီး မဝေဖန်နဲ့ကွ"

"မင်းကလည်း ဒါလေးပြောတာကိုများ ပွဲပါသွားတာ ကျနေတာပဲ၊ ငါက နောက်တာပါကွာ၊ ဘာလဲ ... မင်းက ဟုတ်လို့နာနေတာလား"

"ဟေ့ကောင်"

ဒေါသတကြီး အော်ပြောရင်း ခင်မောင်ဇော် ဝုန်းခနဲ ထရပ်လိုက်သည်။ ထိုအခါမှ သူတို့နှစ်ယောက်ကြားမှ ထိုင်နေသည့် ညွန့်လှိုင်လည်း မနေသာတော့ဘဲ ဝင်ပါရတော့၏။

"ကဲ ... ကဲ ... တော်ကြပါတော့ကွာ၊ အချင်းချင်းတွေ ဒီလောက်ဖြစ်စရာမလိုပါဘူး၊ ခင်မောင်ဇော် ... မင်း ပြန်ရင်ပြန်၊ မပြန်ရင် ဒီကောင့်ကို ပြန်လွှတ်လိုက်တော့မယ်"

ခင်မောင်ဇော်က နှစ်ကောင်စလုံးကို ကြည့်ကာ မဲ့ပြုံးပြုံးလိုက်ရင်း–



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပြန်မှာပါ၊ မင်းတို့နဲ့ငါ မန်ယူတစ်သင်းတည်းကို အားပေးတာ တူပေမယ့် ဘယ်တော့မှ လက်ဖက်ရည်ဆိုင် အတူတူမထိုင်တော့ဘူး"

"ဒါတော့ မင်းသဘောပဲလေ"

အုန်းနိုင်စကားအဆုံးမှာပဲ ခင်မောင်ဇော် ချာခနဲ လှည့်ထွက်လာခဲ့သည်။ ညီမတွေ လင်နောက်လိုက်ကုန်လို့ ထွက်လာတဲ့ ဒေါသတွေကို မဆီမဆိုင် အုန်းနိုင်ဆီ ထွက်ပေါက်ဖွင့်ပေးလိုက်တယ်။

ဒီလိုကောင်မျိုးတွေနှင့် ဘော်ဒါမလုပ်ရလို့ ကိစ္စမရှိ၊ ဟိုကိစ္စကို ဝေဖန်လာသူအားလုံးနှင့် ခပ်ဝေးဝေးနေရန် ဆုံးဖြတ်ပြီးသားဖြစ်သည်။

ထိုသို့သော အတွေးလေးနှင့် အိမ်ပြန်လာရင်းက ဆေးလိပ်သောက်ချင်သလို ပါးစပ်ကချဉ်လာပြန်သည်။ သို့နှင့် အသိဖြစ်သော အာလာဒင်၏ အဆင့်မြင့်ဟု အမည်တပ်ထားသော ကွမ်းယာဆိုင်ဝင်ကာ စီးကရက်တစ်လိပ် ဝင်ဝယ်လိုက်၏။

စီးကရက်ကို အားရပါးရဖွာကာ ကွမ်းယာဆိုင်လေးထဲမှ လှည့်အထွက် ...

"ဟင်"

ခင်မောင်ဇော်၏မျက်လုံးအစုံက ပြူးဝိုင်းသွားရသည်။ နတ်သမီးလေးတစ်ပါးအား အရှင်လတ်လတ် မိုးပေါ်က ခုန်ဆင်းလာသလိုပင် ထင်လိုက်မိသေး၏။

ဒီလောက်လှသော ကောင်မလေးကို ရပ်ကွက်ထဲမှာ တစ်ခါမှ မမြင်ဖူးချေ။ သတိလက်လွတ်ငေးကြည့်ရင်း ငုပ်နေသည့် တဏှာစိတ်က ပြန်ထကြွလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ မတ်တတ်ကြီး ငမ်းကြောထနေသည့် ခင်မောင်ဇော်ကိုကြည့်ကာ ကွမ်းယာရောင်းသော အာလာဒင်က ...

"ဟော့လူ ... မျက်လုံးကြီး ကျွတ်ကျသွားဦးမယ်၊ သတိလည်းထားပါဦး"

ခုမှ သတိကပ်သွားသော ခင်မောင်ဇော်က ရှက်သလို ရယ်လိုက်ပြီး ...

"အဟီး ... လှရက်လွန်းလို့ပါဗျာ၊ သူလေးက ဘူလေးလဲဟင်"

စကားပင် မပီမသဖြစ်သွားရ၏။ အကြောင်းသိဖြစ်သော အာလာဒင်က တဟားဟားရယ်ကာ ...

"ခင်ဗျားကတော့ ကောင်မလေးလှလှမြင်တာနဲ့ ဖြစ်ရတော့မယ်၊ အဲဒီကောင်မလေးက အောင်သန်းဦးရဲ့ ညီမဝမ်းကွဲလေးဗျ၊ ခုလည်း အလုပ်လုပ်ရင်း အောင်သန်းဦးတို့အိမ်မှာ လာနေတာ"

"ဟာဗျာ"

ခင်မောင်ဇော် မချင့်မရဲ ရေရွတ်လိုက်မိသည်။ သူ့နှလုံးသားကို အသစ်တစ်ဖန် လှုပ်နိုးလိုက်သူလေးက သူနှင့် အသင်းပြိုင်ဘက်ဖြစ်သော အာစင်နယ် အောင်သန်းဦး၏ညီမ ဆိုပါလား။

စိတ်ညစ်သွားမိတာတော့ အမှန်ပင်။ ပိုစိတ်ဆင်းရဲစရာကောင်းသွားရသည်ကတော့ အာလာဒင် ထပ်ပြောလာသည့်စကား။

"အဲဒီကောင်မလေးကလည်း ဘောလုံးဝါသနာအိုးလေးနော် ... ဘောလုံးပွဲဆို အရမ်းကြည့်တာလို့ အောင်သန်းဦးက ပြောဖူးတယ်"

သွားပြီ။ မိမိက မန်ယူအသင်းမှ မန်ယူအသင်း။ အောင်သန်းဦး



www.burmeseclassic.com

www.burmeseclassic.com


ဘို့က မျိုးရိုးစဉ်ဆက် အာစင်နယ်အသင်းကို အားပေးလာသူတွေ။ အသင်းစွဲချင်း မတူရှုံလေးနှင့် ဒီကောင်မလေးနှင့် ဝေးရတော့မည်လား။

စိတ်ပူပင်စွာတွေးရင်း ဖျတ်ခနဲ သတိရလိုက်မိသူကတော့ တခြားသူ မဟုတ်ချေ။

သို့နှင့် ခင်မောင်ဖော်၏ ခြေလှမ်းတွေကလည်း . . .


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အဲဒါပါပဲ ဦးလေးရာ၊ ခု ကျွန်တော်စိတ်ဝင်စားတဲ့ ကောင်မလေး တစ်အိမ်လုံးက အာစင်နယ်ခရေစီတွေဗျ။ ပြီးတော့ ဒင်းကလေးကလည်း ခွောလုံးဝါသနာအိုးတဲ့"

ကောက်ကာငင်ကာ ညည်းလိုက်သော တူတော်မောင်၏စကားအဆုံး မှာတော့ ဦးအောင်သိန်းတစ်ယောက် စိတ်ပျက်လက်ပျက်နှင့် ခေါင်းသာခါမိတော့ သည်။ သြော် ... ငါ့တူဟာ အမြဲတမ်း ဘူးကျဖို့ပဲ တွေးနေတဲ့ ဝမ်းတွင်းဘူးကြီး ပါလားဟူ၍လည်း ခပ်ချဉ်ချဉ်တွေးလိုက်မိ၏။

သို့သော်လည်း မမေးမဖြစ်သော စကားကို မေးရသေးသည်။

"ဒါနဲ့ ငါ့တူ ... ဟို မြမြစိုးဆိုတဲ့ တစ်ယောက်ကိုရော မေ့ ... မေ့ လို့ရပြီလားကွာ"

စကားအဆုံးမှာပဲ ခင်မောင်ဇော်က မျက်နှာကြီးရှုံ့မဲ့ပြီး လက်ကာ



www.burmeseclassic.com

www.burmeseclassic.com


မြင်း ...

"တော်စမ်းပါဦး ဦးလေးရာ ... အဲဒီဟာမရဲ့နာမည်တောင် မကြား ချင်တော့ဘူး။ ပြောမနေပါနဲ့၊ ဘာဖြစ်လဲဗျာ ... သူကြင်မှ ကိုယ်ကြင်ပေါ့ ... မဟုတ်ဘူးလား"

အင်း ... ပြောပုံကတော့ ဒင်းနဲ့ မြမြစိုးကပဲ ဆယ်နှစ်ဆယ်မိုး ချစ်ကြိုက်ခဲ့တဲ့ ချစ်သူတွေလိုလို။

ဦးအောင်သိန်းအတွေးက မဆုံးလိုက်။ ခင်မောင်ဇော်ကပဲ ...

"ချေးခြောက်ကို ရေမနှူးပါနဲ့တော့ ဦးလေးရာ၊ ခုကောင်မလေးနဲ့ အဆင်ပြေနိုင်မယ့်နည်းလမ်းကလေးပဲ စဉ်းစားပေးစမ်းပါဗျ"

"ဟော"

ဦးအောင်သိန်း ပါးစပ်ပြဲထွက်သွားရ၏။ တူတော်မောင်ကတော့ အပူကပ်လာပြန်လေပြီ။ မစဉ်းစားပေးလို့လည်း ဖြစ်မည်မဟုတ်။ တော်တော်ကြာငြင်ပြီး နှစ်ယောက်တည်းနေသောအိမ်မှ သူ့ကိုနှင်ချလိုက်လျှင် ဘုံပျောက်မှာ သေချာသည်။

ထို့ကြောင့် ဦးနှောက်မှာ မော်တာတပ်ပြီး ဦးအောင်သိန်း ဉာဏ်နီဉာဏ်နက်တွေကို ထုတ်ရတော့သည်။ ခေါင်းတဆတ်ဆတ်ညိတ်ကာ စဉ်းစားရင်း ကွမ်းတစ်ယာညက်လောက် ကြာလတ်ချိန်မှာတော့ ...

"ဟာ ... ဟုတ်ပြီကွ"

ရုတ်တရက် ထအော်လိုက်သည့် ဦးရီးတော် ဦးအောင်သိန်းအသံကြောင့် ခင်မောင်ဇော် မျက်နှာတစ်ခုလုံး ဝင်းလက်သွားရင်း ...

"ဟင် ... ဘာ ... ဘာလဲ ဦးလေး"


www.burmeseclassic.com

www.burmeseclassic.com

အားတက်သရော မေးသံအဆုံးမှာပဲ ဦးအောင်သိန်းက သက်မကို မှုတ်ချပြီး ...

"အင်း ... ဒီအကြံကလည်း မင်းနဲ့ ဖြစ်မယ်မထင်ပါဘူးကွာ"

"ဟာဗျာ ... ဘာမှဖြင့် မပြောရသေးဘဲနဲ့"

စိတ်ညစ်သွားဟန်ဖြင့် ခင်မောင်ဇော် ညည်းလိုက်မိသည်။ ထိုအချိန်မှာပဲ ဦးအောင်သိန်းက ထပ်ကာစဉ်းစားမိသွားသလို ...

"အဲ ... တစ်ခုတော့ ရှိတယ်ကွ"

"ဗျာ ... ဘယ်လိုတစ်ခုလဲဟင်"

BURMESE CLASSIC

ဦးအောင်သိန်းက ...

"ဒီလိုကွ ... မင်း လက်ရှိအားပေးနေတဲ့ မန်ယူအသင်းကို မေ့ပြီး ဖန်ကလပ်ပြောင်းရမယ်"

"ဗျာ ... ဘယ်လို ... ဘယ်လို ... အဲဒါတော့ မဖြစ်နိုင်ပါဘူးဗျာ ဖာဂူဆန်ကိုတော့ အာမခံပါရစေနဲ့"

ခင်မောင်ဇော် အကြောက်ကန်ငြင်းလိုက်သည်ကိုပင် ဦးအောင်သိန်းက ခေါင်းကလေး တခါခါလုပ်ရင်း ...

"မရဘူး ငါ့တူရ ... ဒီကောင်မလေးနဲ့ အဆင်ပြေဖို့ဆိုရင် မန်ယူကို အလံထူနေလို့မရဘူး။ ဒီအချိန် မင်းလုပ်ရမှာက အာကြီးကိုပဲ စိတ်ထဲမှာ အသာကြီးလို့ မှတ်ထားရတော့မယ်"

"ဦး ... ဦးလေး ဆိုလိုချင်တာက"

"ညွှဲလိုက်တာ ငါ့တူရယ် ... ငါ့တူ ခု လိုက်မယ့် ကောင်မလေးက တစ်အိမ်လုံး အာစင်နယ်ပရိသတ်ဆို၊ သူတို့အသိုင်းအဝိုင်းနဲ့ နီးစပ်ဖို့က ငါ့တူ


www.burmeseclassic.com

www.burmeseclassic.com



ခရိုနိကာစပြီး အာစင်နယ်အသင်းရဲ့ သမိုင်းကြောင်းကို လေ့လာရမယ်၊ ပြီးတော့ ... ငါတို့ အာစင်နယ်ဖန်ကလပ် ပြောင်းရမယ်"

"ဩော် ... ဒီ ... ဒီလိုလား"

ခင်မောင်ဇော်၏ ညောင်နာနာစကားအဆုံးမှာပဲ ဦးအောင်သိန်းက ...

"ဒါတင်မကသေးဘူး ငါတို့ ... နောက်တစ်ကျော့ကန်မယ့် မန်ယူနဲ့ အကြီးပွဲမှာ အကြီးဘက်က နိုင်ဖို့သာ ဆုတောင်းနေပေတော့"

ဟု ပြောလိုက်လေသည်။

ခင်မောင်ဇော်စိတ်ထဲ အတွေးတွေ ယောက်ယက်ခတ်သွားရ၏။ ရင်ထဲမှာ အချစ်နှင့်အသင်းက လွန်ဆွဲနေလေပြီ။

သင်းကလေးရဲ့အချစ်ကိုရဖို့ ငါ ထာဝရအားပေးလာတဲ့အသင်းကို ကျောခိုင်းရတော့မှာပါလား။

ထိုသို့တွေးလိုက်မိသော်လည်း ရင်ထဲက အားကစားစိတ်ဓာတ်ကို ဒလဟောထကြွသောင်းကျန်းလာသည့် တဏှာစိတ်တွေက ပိတ်ဖုံးလိုက်ကာ..

"ဆောရီးပဲ ဖာဂူဆန်ရေ ... ကျွန်တော့်ကို ခွင့်လွှတ်ပါတော့ဗျာ"

ဟုသာ တောင်းပန်လိုက်မိလေတော့သည်။

ထိုသို့ဖြင့် ...

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

စနေနေ့ညကန်မည့် မန်ယူနှင့် အာကြီး၏ပွဲစဉ်သည် ဘောလုံးပွဲအားပေးလာသည့် ကာလတစ်လျှောက်လုံးမှာ ခင်မောင်ဇော်အတွက် ရင်အခုန်ရဆုံး ဖြစ်နေလေသည်။

အာစင်နယ် အမြောက်တပ်သားတွေ ဂိုးများများသွင်းနိုင်ပါစေဟု ဆုတောင်းရသည်မှာလည်း အမော။

ဘောလုံးပွဲကြည့်ရန် လက်ဖက်ရည်ဆိုင်ထဲ ဝင်သွားလိုက်တော့ စားပွဲတစ်လုံးမှာ ထိုင်နေသည့် အုန်းခိုင်နှင့်ညွန့်လှိုင်တို့က လှမ်းခေါ်သည်။

''ခင်မောင်ဇော် လာလေကွာ . . . ဒီမှာပဲ ထိုင်လေ''

ခင်မောင်ဇော်က ဘာမှပြန်ပြောမနေဘဲ ဆတ်ခနဲ ခပ်တင်းတင်းတစ်ချက်ကြည့်ကာ ကွမ်းယာဆိုင်က အာလာဒင်ထိုင်နေသည့် စားပွဲမှာဲ သွားဝင်ထိုင်လိုက်၏။ ဒါသည်ပင် မန်ယူကို ဆန့်ကျင်သည့်သဘော။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ဒီလက်ဖက်ရည်ဆိုင်မှာ အထာလေးတွေ ရှိသည်။ အသင်းစွဲချင်း မတူသူတွေက စားပွဲတစ်ဝိုင်းတည်းမှာ အတူတွဲထိုင်လေ့ မရှိ။ ခု ခင်မောင်ဇော် ထိုင်လိုက်သည့်ဝိုင်းက အာစင်နယ်ပရိသတ်တွေ ထိုင်သောဝိုင်း။ ဒါပဲလေ ... သူ ဒီည အာစင်နယ်အသင်းကို အားပေးမည်ဆိုတာ ပါးစပ်ကပင် ဖွင့်ပြောရန်မလိုတော့။

ဟိုနှစ်ကောင်ကတော့ ပထမ အံ့သြသောမျက်နှာ၊ ဒုတိယ ဒေါသထွက်သည့်မျက်နှာပေးတွေနှင့် ပြန်လှည့်သွားကြသည်။ ခင်မောင်ဇော်ကတော့ ဂရုမစိုက်ရေးချ မစိုက်ပါချေ။ ကြောင်တောင်တောင် ကြည့်လာသော အာလာဒင်ကိုပင် ...

"ဖာပရီဂတ်(စ်)လေးက ခြေစွာနေတယ်နော်၊ ဒီည ဟတ်ထရစ်တောင် ရမလားမသိဘူး"

"ဟာ ... သိပ်ရနိုင်တော့ပေါ့ဗျာ၊ ဟင် ... ဒါ ... ဒါနဲ့ ခင်ဗျားက"

ခင်မောင်ဇော်က တဟားဟားရယ်ငိုက်ရင်း ...

"သိပ်လည်း မအံ့သြသွားပါနဲ့ အာလာဒင်ရာ၊ လူ့စိတ်ဆိုတာ အမြဲတမ်း ပြောင်းနေတာပဲလေ၊ ငါလည်း ခု အာကြီးပရိသတ်ဖြစ်သွားပြီကွ"

"ဗျာ"

ခင်မောင်ဇော်တစ်ယောက် ရူးများရူးသွားပြီလားဟုပင် အာလာဒင် တွေးမိလိုက်၏။ အင်း ... ရူးရူး, ကောင်းကောင်း ပရိသတ်တစ်ယောက်တိုး လာတာတော့ ကောင်းပါတယ်ဟု ဖြေတွေးလေး တွေးလိုက်မိသည်။

ထိုအချိန်မှာပဲ ဘောလုံးပွဲက စလေပြီ။ ကန်နေသည့်တစ်လျှောက်လုံး မှာ ခင်မောင်ဇော်ပါးစပ်မှ အာကြီးကွ ... အာကြီး ဆိုသည့်အသံတွေကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရ၏။

ကံကြမ္မာကပဲ ခင်မောင်ဇော်ကို အချွန်နှင့် မ,လိုက်သည်လား မပြော တတ် . . .။ ထိုညက အာစင်နယ်အသင်းသည် မန်ယူအား သုံးဂိုး–တစ်ဂိုးနှင့် နိုင်လေသည်။ ခင်မောင်ဇော် ပျော်လိုက်ပုံများကတော့ အရူး အမဲသားစားရသ လိုပင် ဖြစ်နေသေးတော့၏။

ပွဲပြီးပြီးချင်း အပျော်တွေ ရင်ဝယ်ပိုက်ကာ ခင်မောင်ဇော် ထွက်လာ ခဲ့သည်က ယောက်ဖလောင်း အောင်သန်းဦးတို့ သောက်တတ်သည့် ဘီယာ ဆိုင်သို့ ဖြစ်သည်။

ဆိုင်ထဲရောက်တော့ ခံအောင်ပွဲခံနေကြသည့် အောင်သန်းဦးတို့အုပ်စုက လှမ်းရို၏။

"ဘယ်လိုလဲ ခင်မောင်ဇော်ရဲ့ . . . မန်ယူ ရှုံးသွားလို့ ရှုံးပွဲလာခံတာ လား"

ခင်မောင်ဇော်က မျက်နှာကြီး မဲ့ရှုံ့ကာ . . .

"ထွီ . . . ဘယ်ကလာ . . . အာကြီး နိုင်လို့ အောင်ပွဲလာခံတာကွ၊ ငါ အခု မန်ယူဖန်ကလပ် မဟုတ်တော့ဘူး"

အောင်သန်းဦးက မယုံသလို မျက်ခုံးပင့်လျက် . . .

"ဟုတ်ကောဟုတ်ရဲ့လားဗျာ . . . ဘယ်လိုဖြစ်ရပြန်တာလဲ"

ခင်မောင်ဇော်ကတော့ ခပ်တည်တည်ပဲ . . .

"ဘာဖြစ်ရမှာလဲဗျ . . . ငွေမျက်နှာပဲ ကြည့်တတ်တဲ့ သူ့စိတ်ဓာတ် ကို မကြိုက်တော့လို့ပေါ့၊ ဘောလုံးသမားတစ်ယောက်ကို မွေးထားပြီး အောင်မြင် လာရင် အမြတ်တင် ရောင်းထုတ်တတ်တဲ့ သူ့အကျင့်က ငါ့အတွက်တော့

www.burmeseclassic.com



သူဝါးနေတဲ့ ပီကေလိုပဲကွ၊ ဝါး သာ ဝါးနေတာ အရသာမရှိတော့ဘူး"

စားပွဲကို ဖြန်းခနဲ ပုတ်လိုက်ရင်း အောင်သန်းဦးက ...

"ဟုတ်လိုက်လေဗျာ ... ခင်ဗျားတောင် အမြင်မှန်တွေ ရသွားပြီကိုး ဒါပဲပေါ့ဗျ ... အာစင်ဝင်းဂါးလို ရုပ်ရည်မျိုးကမှ သိမ်းငှက်လို စူးရှတဲ့ ဥပဓိ ရုပ်ပိုင်ရှင်ဗျ၊ ကဲ ... ခင်ဗျားကို ကျွန်တော်တို့ အာစင်နယ်အမြောက်တပ်သား တွေက ကြိုဆိုပါတယ်ဗျာ၊ ထိုင်လေဗျာ ... ချီးယားစ်လုပ်ရအောင်"

ခုံမှာဝင်ထိုင်ရင်း ခင်မောင်ဇော်က ဘီယာတစ်ခွက် လှမ်းမှာလိုက် သည်။ ရောက်လာတော့ ဘီယာဖန်ခွက်ကို မ,ကာ ...

"ကဲ ... အာကြီးရဲ့အောင်မြင်မှုအတွက်"

"ချီးယားစ်"

ဖန်ခွက်တွေက ခွပ်ခနဲ ထိခတ်သွားကြသည်။ ထိုသို့ နားထဲ၌ ချိုမြိန် စွာ ကြားလိုက်ရသောအသံသည် ခင်မောင်ဇော်၏ နှလုံးသားတံခါးသော့ ပွင့် သွားသည့်အသံပေတည်း။

ဒန် ... တန့် ... တန့် ...။ ဇာတ်လမ်းကတော့ စပြန်လေပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ခုတော့လည်း အာစင်နယ်အင်္ကျီကို ဒုတိယအရေခွံအဖြစ် ဝတ်ဆင်ရင်း ခင်မောင်ဇော်တစ်ယောက် အောင်သန်းဦးအိမ်သို့ ချောင်းပေါက်မတတ် အဝင်အထွက်ရှိနေလေပြီ။

ထိုသို့ တစ်ရက် သုံးခါလောက် သွားလာနေတော့လည်း ကြည်ပြာဆိုသော ကောင်မလေးနှင့် အကြည့်တွေ ခလုတ်တိုက်မိသည်ပေါ့လေ။

အကြည့်တွေဆုံတိုင်း မျက်လွှာချသွားသော ကောင်မလေးကိုကြည့်ကာ ငါ့အကြည့်တွေကပဲ ညှို့ဓာတ်ပြင်းနေလို့လားဟု မတန်မရာ တွေးမိသေး သည်။ အမှန်တော့ ဟိုက ခေါ်တောငါးသိန်းအားဖြင့် ကြည့်သော နှာဘူးအကြည့်ကို မခံနိုင်၍သာ ဖြစ်၏။

သို့သော်လည်း ခင်မောင်ဇော်ခမျာ ကြည်ပြာနှင့် နှစ်ယောက်တည်း စကားပြောခွင့် မကြုံရသေး။ သူလာလျှင် ဒင်းကလေးက ရှောင်ထွက်သွားလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အင်း . . . အပျိုနုနုလေးဆိုတော့လည်း ရှက်မှာပေါ့လေဟု တွေးရင်း တံတွေးကိုသာ တွင်တွင်မျိုချနေရသည်။ တစ်ရက်တော့ ကြုံမှာပေါ့လေဟု စိတ်ထဲကြုံးဝါးရင်း လာတိုင်း အလစ်ချောင်းနေမိ၏။

အထက်ကဆိုခဲ့သည့်အတိုင်း တစ်ရက်မှာတော့ . . .

ခြံဝင်းထဲသို့ လှမ်းဝင်လိုက်ချင်းမှာပင် ပန်းပင်တွေကို ရေလောင်းနေသည့် ကြည်ပြာကို တစ်ယောက်တည်း တွေ့လိုက်ရလေသည်။ ကြည်ပြာ၏ နောက်ပိုင်းအလှက မိုးဦးကျမှာထွက်သော မျှစ်စို့ပေါက်ကလေးနှင့်ပင် တူနေသေးတော့၏။။ ခင်မောင်ဇော် ပျော်သွားရ၏။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း လူသူက ရှင်းနေသည်။ ပွဲကတော့ လှလေပြီပေါ့။

ချက်ချင်းဆိုသလို ခင်မောင်ဇော်ခေါင်းထဲသို့ အကြံတစ်ခုက အပြေးအလွှား ရောက်ရှိလာလေ၏။ လူသူရှင်းနေသည်မို့ ခွေးကျင့်ခွေးကြံ ကြံစည်ရန်မဟုတ်ပါ။ တော်ကီပစ်ရန်သာ ဖြစ်သည်။

သို့နှင့် ကြည်ပြာအနားသို့ တောက်ပြားခြေလှမ်းများဖြင့် ခြေဖော့ကာ မယောင်မလည် ကပ်သွားလိုက်ပြီး . . .

"ကြည်ပြာလေး"

"ဟဲ့ . . . ပလုတ်တုတ်"

ကောင်မလေးခမျာ လန့်သွားရသည်။ ချက်ချင်းပင် ခပ်စူးစူးလှည့်ကြည့်ကာ ချိုသာသော ပီယဝါစာအသံဖြင့် တုံ့ပြန်လာ၏။

"အလန့်တကြားနဲ့ . . . ဘာတုန်း"

ခင်မောင်ဇော်က မျက်နှာကို အတတ်နိုင်ဆုံး ပြုံးဖြီးဖြီးလုပ်ကာ . . .

"ဟိုလေ . . . ဘယ်သူမှ မရှိကြဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ"

"ဩော် ... အစ်ကိုကြီးက ကြည်ပြာလေးကို စကားနည်းနည်းလောက် ပြော ... ပြော ...'"

စကားပင် မဆုံးလိုက်။ ကြည်ပြာက အိမ်ဘက်သို့ လှည့်ကာအော် တော့သည်။

"ရှိတယ်၊ အဘရေ ... ဟောဒီမှာ ကိုခင်မောင်ဇော်က တွေ့ချင်လို့ တဲ့"

သွားပြီ။ ချက်ချင်းဆိုသလို အိမ်ပေါက်ဝမှ အောင်သန်းဦးအဖေ ဦးထွန်းစိန်၏မျက်နှာကြီး ပေါ်လာပြီး ...

"ဩော် ... ခင်မောင်ဇော်ပါလား၊ လာလကွာ ... ဒီမှာ အာစင် နယ်အသင်းရဲ့ ဟိုက်လိုက် (High light) တွေ လာနေတယ်ကွ ... လာကြည့် လာကြည့်"

"ဟုတ် ... ဟုတ်ကဲ့ ဦး"

မအီမလည်မျက်နှာကြီးနှင့် အိမ်ပေါ်တက်သွားရတော့သည်။

နောက်နားဆီမှ ကြည်ပြာ၏ ခိခနဲရယ်သံကိုပင် ကြားဖြစ်အောင် ကြားလိုက်ရသေး၏။ အင်းလေ ... ဒီအသီးကို လိုချင်ရင်တော့ ဒီအပင်ကိုပဲ အရင်ချိုင်ရမှာပဲဟုသာ မချင့်မရဲ တွေးထားလိုက်ရသည်။

အင်း ... မင်းလေးနဲ့ တစ်ကွေ့ကွေ့တော့ တွေ့ဦးမှာပါ မိကြည်ပြာ။

တကယ်တော့ သူ ကျိတ်ပိုးနေသည်ကို ကြည်ပြာက မသိသည်မဟုတ်။ ကြည်ပြာပင် မကဘဲ၊ တစ်အိမ်လုံး သိနေကြလေပြီ။ ဒါပေမဲ့ မထုံတက်တေး လုပ်နေသည့် ကြည်ပြာ့ကို သူ့အရွယ်နှင့် အိစကလီသွားလုပ်၍ မဖြစ်။ ပေါ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟု ထင်သွားဦးမည်။

ဒါဆို ဘယ်လိုလုပ်ရမှာလဲ။

ထိုသို့သောအတွေးတွေနှင့် တီဗီကိုသာ ငူငူကြီး ထိုင်ကြည့်နေမိသည်။ အစင်နယ်အသင်းက တစ်ဂိုးပြီးတစ်ဂိုး သွင်းနေသော်လည်း သူ့ဘဝကတော့ အဆုံးသတ်ညဲ့ကာ ဂိုးပေါက်ပျောက်နေသလိုမျိုး။ ခြေစွမ်းမပြသာဘဲ ခက်ခဲသော အသီကို ရင်ဆိုင်နေရသလို ခံစားနေရသည်။ တရားကျဖို့ပင် ကောင်းလှသေးတော့၏။

ထိုစဉ် ...

"ဒီတစ်ပတ်ကတော့ တို့အာကြီးရဲ့ နိုင်ပွဲတွေချည်းပဲ ငါ့တူရေ"

ရုတ်တရက်မို့ ခင်မောင်ဇော်လည်း ပြောမိပြောရာ ပြောလိုက်မိ၏။

"ဗျာ ... ဟုတ်တယ်၊ ဟုတ်တယ်၊ အဂ်လန်ဘုရင်မကြီးတော့ အတော် ပျော်နေမှာပဲ ဦးရဲ့"

"ဟေ"

အဘိုးကြီး ဦးထွန်းစိန် အူကြောင်ကြောင်ဖြစ်သွား၏။ ဘယ်က ဘယ်လို ဒီဘုရင်မကြီးက ပါလာတာလဲဆိုပြီး တွေးနေပုံရသည်။

ထိုအခါမှ ခင်မောင်ဇော်က နဝေတိမ်တောင်ဖြစ်နေသည့် အဘိုးကြီး ဦးထွန်းစိန်အား ...

"ဩော် ... ဦးကလည်း ဘုရင်မကြီးက အာစင်နယ်ရဲ့အမာခံပရိသတ် လေ၊ ဟိုး ... တစ်နှစ်တုန်းကတောင် အာစင်နယ်အသင်းကို နန်းတော်ထဲမှာ ညစာစားပွဲနဲ့ ဧည့်ခံလိုက်သေးတယ်ဗျ"

"ဟေ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဦးထွန်းစိန်ကတော့ ခင်မောင်ဇော်ကို အထင်ကြီးသွားလေပြီ ကိုယ့်နိုင်ငံကို နယ်ချဲ့သိမ်းပိုက်သွားခဲ့သည်ကိုပင် သတိရမနိုင်တော့ဘဲ ...

"အေးကွာ ... ငါ့တူပြောမှပဲ အင်္ဂလန်ဘုရင်မကြီးကို ပိုလေးစား သွားပြီကွ"

ပြောပုံကတော့ အစတုန်းက သူနဲ့ပဲ မတူမတန်သလိုလိုပင်။ မည်သို့ပင်ဖြစ်စေ ခင်မောင်ဇော်ကတော့ ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံ ဘဲ ...

"ဦးကို ပြောစရာရှိတယ်ဗျ"

"ဟေ ... ဘာလဲ ပြောလေ"

"ပြောရမှာတော့ အားနာတယ် ဦးရယ်"

စကားအဆုံးမှာ အဘိုးကြီး ဦးထွန်းစိန် မျက်မှောင်ကြုတ်သွားပြီး ...

"ဘာလဲ ... အရင်အပတ်က အာစင်နယ် တစ်ပွဲရှုံးသွားတာလား ဘာဖြစ်လဲကွာ ... ခုလည်း ထိပ်ဆုံးလေးသင်းထဲမှာ ရပ်တည်နေနိုင်သေးတာပဲ လေ"

ခက်တော့ ခက်နေလေပြီ။ သွယ်ဝိုက်နေလျှင် ကိုယ့်စကားက လိုရာ ရောက်မည် မထင်တော့။

ထို့ကြောင့် အသက်ဝဝရှူကာ ဖြစ်ချင်ရာဖြစ်ဆိုပြီး ...

"မဟုတ်ပါဘူး ဦးရယ်၊ အာစင်နယ်ဆိုတာထက် ကျွန်တော် ဦးရဲ့ တူမ ကြည်ပြာကို မေတ္တာရှိနေပါတယ်၊ အဲဒါ လက်ထပ်ပါရစေလို့ ဦးဆီမှာ ခွင့်တောင်းချင်လို့ပါ"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး ဦးထွန်းစိန် မျက်လုံးပြူးဝိုင်းသွား၏။ အာစင်နယ်အသင်း
နှင့်နယ်တီပေးခဲ့လိုက်ရသဖြင့် နှင်သွားသည့် အာစင်ဝင်းဂါးမျက်နှာမျိုးပင် ဖြစ်
သွားရသည်။

နဖူးကြောကြီးများ တင်းနေအောင်စဉ်းစားရင်း သက်ပြင်းကိုလည်း
ထပ်ထပ်ချနေပြန်သည်။

ပြီး ရှေ့မှ မျက်လုံးလေး ပေကလတ်ပေကလတ်လုပ်ကာ အသနားခံနေ
သည့်ပုံစံ လုပ်ထားသော ခင်မောင်ဇော်ကို အသံခပ်လေးလေးကြီးဖြင့် …

"အေးကွာ … မင်းလို ဘွဲ့ရပညာတတ်တစ်ယောက်နဲ့တော့ ပြောစရာ
မရှိပါဘူး၊ ငါလည်း ကြည်ပြာကို မေးကြည့်ပါဦးမယ်၊ ဒါပေမဲ့ သူက အင်းလေ
… နားချကြည့်ရမှပေါ့"

"ဝမ်း … ဝမ်းသာလိုက်တာ ဦးရာ၊ ဦးလေး သဘောတူတယ်ဆိုရင်
ကျွန်တော် မိသားဖသားပီပီ လာရောက်တောင်းရမ်းပါ့မယ်"

"အေး အေး … အဆင်ပြေတယ်ဆိုရင် ငါ အောင်သန်းဦးနဲ့
ပြောလိုက်ပါ့မယ်"

အပြန်လမ်းမှာတော့ ခင်မောင်ဇော်၏ခြေလှမ်းတွေက မြေကြီးနှင့်
မထိသည်မထင်တော့။ ဒီအတိုင်းဆိုလျှင် ဖိတ်စာပင် တစ်ဝက်ရိုက်ထားလို့
ရချေပြီ။ ကြည်ပြာဆိုတာက အောင်သန်းဦးတို့အိမ်မှာ ကပ်နေပြီး အဘိုးကြီး၏
မျက်နှာကို ကြည့်နေရသူ တူမချော။ အဘိုးကြီးပြောလျှင် တစ်ခွန်းပဲ မဟုတ်လား။

ကဲ … ခု ဘာလိုသေးသနည်း။

အပျော်လွန်ပြီး မနက်ပိုင်းဟုပင် သတိမရနိုင်ဘဲ အောင်သန်းဦးတို့
အိမ်စုအား ဘီယာလိုက်တိုက်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မူးမူးနှင့် အိမ်ပြန်ရောက်တော့ တစ်ခါတုန်းက မြမြစိုးကို မစွပ်ပေး လိုက်ရသည့် လက်စွပ်မောင်းကွင်းလေးကို ထုတ်ကြည့်ကာ . . .

"ကဲ . . . လက်စွပ်ကလေးရေ . . . မင်းအတွက် ပိုင်ရှင်အသစ်တော့ ရှိနေပြီကွ"

ဟု ပိုင်ပိုင်နိုင်နိုင်ကြီး ရေရွတ်လိုက်၏။

ဦးအောင်သိန်းကတော့ တူတော်မောင်၏လှုပ်ရှားမှုတွေကို ခပ်လှမ်းလှမ်းမှကြည့်ကာ ပြုံးမြမြဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။

အင်း . . . ဒီတစ်ခါတော့ တူတော်မောင် ကံကောင်းပြီထင်ပဲ့။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အဖေက မင်းကို မှာလိုက်တယ်၊ ရက်ကောင်းရက်သာ ရွေးပြီး ကြည်ပြာမနဲ့ လာစေ့စပ်တော့တဲ့"

ဟု ဖင်ကျိုန်းကျိုန်းနှင့်ပြောလိုက်သော အောင်သန်းဦး၏စကားသည် ခင်မောင်ဇော်နားထဲသို့ အချိုမြဆုံး တိုးဝင်လာကာ သွေးကြောတွေပင် ဖျဉ်းခနဲ ဖျဉ်းခနဲ ဖြစ်သွားရ၏။

သုံးမိနစ်ခန့် ငုတ်တုတ်မေ့နေပြီးမှ သတိဝင်လာကာ ...

"ဝမ်း ... ဝမ်းသာလိုက်တာ သူငယ်ချင်းယောက်ဖရာ၊ ငါ အမြန်ဆုံး စီစဉ်လိုက်တော့မယ်"

အောင်သန်းဦးက ရက်အမ်းအမ်းမျက်နှာဖြင့် ...

"ပြောရတာတော့ မျက်နှာပူတယ်ကွာ၊ ဒါပေမဲ့ ... အဲဒီနေ့ကျရင်တော့ ဒီတို့ အာစင်နယ်အုပ်စုကို မင်း ဝမ်းတေဘဲလ် (one table) ပေးရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချစမ်းပါ အောင်သန်းဦးရာ ... အဲဒီပွဲကျရင် ငါ ထူးခြားတဲ့ အစီအစဉ်လေးပါ ထပ်လုပ်ပေးဦးမယ် ... ဟုတ်ပြီလား"

ပြောပြီးပြီးချင်း အိမ်မှာရှိနေသော ဦးလေးဦးအောင်သိန်းကိုပြောရန် ခင်မောင်ဇော် သုတ်ခြေတင်တော့သည်။ အိမ်ရောက်တော့ ဦးသုံးကြိမ် အရင် ချလိုက်ပြီးမှ အားရဝမ်းသာပြောပြလိုက်၏။

ဦးအောင်သိန်းကလည်း တူတော်မောင်၏အပျော်တွေ ကူးစက်ကာ ..

"သိပ်ကောင်းတယ် ငါ့တူရာ ... မင်းဆီက ဒီသတင်းမျိုး ကြားရတာ သိပ်ဝမ်းသာတာပဲ"

"အဟဲ ... ဦးလေးရဲ့ ကျေးဇူးတွေပါဗျ"

"ငါ့ကျေးဇူးထက် မင်း အာစင်နယ်အသင်းကိုပါ မေ့ထားလို့မရသေး ဘူးကွ"

"သိပါတယ်ဗျာ ... အဲဒီအတွက်လည်း ကျွန်တော့်မှာ အစီအစဉ်ရှိပါ တယ်ဗျ၊ ဒါနဲ့ ဟိုဘက်က မီးစိမ်းပြလိုက်ပြီဆိုတော့ နေ့ကောင်းရက်သာလေး ရွေးပေးပါဦး"

"အေး ... အေး"

ပြောပြောဆိုဆိုပင် ဦးအောင်သိန်းက ပြက္ခဒိန်ရှိရာသို့ သွားကာ ကြည့်ရင်း ...

"အင်း ... နေ့ကောင်းတာကတော့ နောက်လထဲ ... ထဲ"

"ဦးလေး"

နောက်လဆိုသည့်စကားကြောင့် ခင်မောင်ဇော်က အလိုမကျသံ ပြုလိုက်သည်။ ဦးအောင်သိန်းက သဘောပေါက်သလို တစ်ချက်လှမ်းကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ...

"နောက်တစ်ပတ်ထဲမှာလည်း ရက်ကောင်းတာလေး ရှိမလား ...
လား"

"လုပ်ပြန်ပြီဗျာ၊ တစ်ပတ်ကြီးတောင်ဆိုတော့"

ဒီလောက် တဇောစိတ် ငယ်ထိပ်တက်ကပ်နေသော တူတော်မောင်ကို
ဦးအောင်သိန်း စိတ်မရှည်တော့။

ထို့ကြောင့် ပြက္ခဒိန်မှ အကြည့်ကို ခွာကာ ...

"ကဲပါကွာ ... စေ့စပ်တာပဲ၊ မနက်ဖြန်ပဲ သွားလိုက်ကြတော့ပေါ့၊
င်း အကြောင်းကြားထားလိုက်"

ဟု မျက်တောင့်နီနီနှင့်ကြည့်ကာ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

လူကြီးစုံစွာဖြင့် ဒီတစ်ခါ ကြည်ပြာဆီသို့ လာရသည့်ခရီးမှာတော့ ခင်မောင်ဇော်ရင်ထဲ၌ တရုတ်နဂါးတွေရော၊ ကုလားဘုရားတွေပါ "က" နေလေသည်။ မကြာခင်မှာပဲ ကြည်ပြာလေးနှင့် စေ့စပ်ရတော့မည်လေ။ ဒီနေ့သည် သူ့ဘဝအတွက် မင်္ဂလာရှိသော နေ့တစ်နေ့ပင် မဟုတ်ပါလား။

လူကြီးတွေရှေ့မှာကြောင့်လား မသိ။ ကြည်ပြာက မျက်လွှာလေးချကာ ငြိမ်ငြိမ်လေး ထိုင်နေသည်။ နန့်နန့်တက် ထကနေလို့မှ မဖြစ်သည်ကိုး။ ခင်မောင်ဇော်ကတော့ ငမ်းကြော်ထချင်စိတ်ကို မနည်းမျိုချနေရ၏။ အင်း . . . မကြာခင်မှာပဲ နီးရတော့မည်လေ။

လူကြီးချင်း စကားပြောပြီးချိန်မှာတော့ ခင်မောင်ဇော်က အပေါ်ဆိုင်မှ ဝယ်ထားသည့် လက်စွပ်မောင်းကွင်းလေးကို ထုတ်ကာ . . .

"ဒါကတော့ ကြည်ပြာလေးအတွက် စေ့စပ်လက်စွပ်ကလေးပါ . . .



www.burmeseclassic.com

www.burmeseclassic.com


ကြည်ပြာလေး ဝတ်ကြည့်ပါဦး"

ကြည်ပြာက လှမ်းလည်းမယူ၊ ဘာမှလည်း ပြန်မပြောလာသဖြင့် ခင်မောင်ဇော် လက်ရှက်သွားရသည်။ ဟီးခနဲ ... ရှက်ရယ် ရယ်လိုက်ပြီး ကြည်ပြာ အုပ်ထိန်းသူအဘိုးကြီးကို အားကိုးတကြီး ကြည့်လိုက်မိ၏။

အဘိုးကြီးက သဘောပေါက်သလို ခေါင်းတစ်ချက်ညိတ်ပြရင်း ကြည်ပြာကိုကြည့်၍ ...

"ဟဲ့ သမီး ... ယူပြီးဝတ်လိုက်လေ"

"ဟုတ် ... ဟုတ်ကဲ့ အဘ"

တိုးသဲ့စွာ ပြောရင်း ကြည်ပြာက ကတုန်ကယင်လေးဖြင့် လှမ်းယူကာ စွပ်ကြည့်သည်။ ကွက်တိပါပဲ ...။ လက်သန်းကြွယ်လေးမှာ လျှောခနဲ ဝင်သွား၏။

ခင်မောင်ဇော် ပီတိတွေဖြာပြီး တစိမ့်စိမ့်ကြည့်နေမိ၏။ ကောင်မလေးက တော်တော်စိတ်လှုပ်ရှားနေပုံရသည်။

ဩော် ... အပျိုရိုင်းလေး, အပျိုရိုင်းလေးပါလား။ အပျိုရိုင်းဆိုတော့လည်း အပျိုင်းယိုပေါ့။ အဲလေ ... ဟုတ်ပါဘူး။

ထိုသို့ပင် ပေါချာချာတွေးနေမိသေးသည်။ မည်သို့ပင်ဆိုစေ စေ့စပ်မှုကတော့ အောင်မြင်စွာ ပြီးခဲ့လေပြီ။

ညနေပိုင်း အပုပ်ချိန်ရောက်တော့ အောင်သန်းဦးကို ကတိပေးထားသည့်အတိုင်း ခင်မောင်ဇော်တစ်ယောက် အာစင်နယ်အုပ်စုနှင့် အောင်ပွဲခံကြတော့၏။

ရပ်ကွက်ထဲမှ အာစင်နယ်အားပေးသူတိုင်း ဆိုင်ထဲမှာ ကြိုက်သ


www.burmeseclassic.com

www.burmeseclassic.com



ဒလောက် အမုန်းသောက်ခွင့်ပေးထားသလို လာရောက်ချီးမြင့်သူများကိုလည်း အာစင်နယ်ဂျာစီတစ်ထည်စီ လက်ဆောင်အဖြစ် ပေးလိုက်သေးသည်။ ခင်မောင်ဇော်၏ နှာဘူး အဲ . . . အထူးအစီအစဉ်က ကောင်းလေစွ။

ထိုသတင်းကြောင့် မန်ယူပရိသတ်တွေက သတင်းလွှင့်ကြသေးသည်။

"အလကား နှာဘူးကြီးပါကွာ၊ မိန်းမတစ်ယောက်အတွက် ဘောလုံးတစ်သင်းလုံးကို ခြေစုံကန်ထွက်သွားတာ"

ဘယ်လိုပင်ပြောပြော ခင်မောင်ဇော်ကတော့ မမှုရေးချ မမှုပါ။ လက်တစ်ကမ်းမှာ ကြည်ပြာကလေး ရှိနေပြီ။ မန်ယူကိုလည်း မေ့နေလေပြီ။ ဘာ . . . ဖာဂူဆန် . . . ဟုတ်လား၊ သွားစမ်းပါ အဝေးဆုံး . . . ဆိုတာမျိုးတွေပင် ဖြစ်နေပြီ။

လောလောဆယ်မှာတော့ တစ်ခွက်ပြီးတစ်ခွက်မော့ရင်း ခင်မောင်ဇော်တစ်ယောက် မူးမူးရူးရူးနှင့် အာစင်နယ်ဂျာစီတွေ ဝေလို့ကောင်းနေတုန်း။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ညက ဘယ်လောက်မျှားသွားသည်မသိ။ အိမ်ကိုလည်း ဘယ်လို ပြန်ရောက်ခဲ့သည်မသိ။ မနက် အိပ်ရာကနိုးတော့ ခေါင်းတွေအုံခဲကာ မူးဝေ ဝေဖြစ်နေသေးသည်။ ဘေးမှ ရေသန့်ဘူး ကောက်မော့လိုက်တော့ အရှိန်က လှိုက်ခနဲ ပြန်တက်လာ၏။ သို့သော် ကိစ္စမရှိ။

မနေ့က လတ်လတ်ဆတ်ဆတ် စေ့စပ်ခဲ့သည့်ကိစ္စကို ပြန်တွေးကာ ရင်ထဲမှာ နွေးခနဲဖြစ်သွားရသည်။ ပိုက်ဆံလည်း မနည်းကုန်သွားပြီ။ ပြ ... လက်စွပ်တစ်ကွင်း။ အရက်ဖိုးတွေ။ ပြီးတော့ ... အာစင်နယ်ဂျာစီက အထည်နှစ်ဆယ်နှင့် မလောက်၍ နောက်ထပ်ဆယ့်ငါးထည် ထပ်ဝယ်လိုက် သေး၏။ ကုန်ပါစေလေ။ ကြည့်ပြာလေးကို တစ်ဝက်ပိုင်နေပြီပဲဟု ပိုင်စိုးပိုင်န တွေးလိုက်မိသည်။

ရေမိုးချိုးပြီး မြူးထူးစွာပဲ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမြင်တော့ စားပွဲထိုးလေး ဇာဇာလှမြင့်က အူယားဖားယား လှမ်းအော်သည်။

"သရဲနီ ..., အဲ ... အပြောက်နီ၊ အာ ... ဟုတ်ပါဘူး၊ အာကြီးဝမ်း သောက်မယ်ပေ့"

ခင်မောင်ဇော် ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။ မလှမ်းမကမ်း စားပွဲမှာထိုင်နေသည့် အုန်းခိုင်နှင့် ညွန့်လှိုင်တို့အုပ်စုကိုပင် မထီတရီ ကြည့်လိုက်သေး၏။

ညက အရှိန်ကြောင့် ဘလက်ကော်ဖီတစ်ခွက် မှာလိုက်စဉ်မှာပဲ အုန်းခိုင်တို့ မန်ယူအဖွဲ့သားတွေက သူ့ကိုကြည့်ကာ ကျိတ်ရယ် ရယ်နေကြသည်။

ဒါ မချိရယ် ရယ်တာနေမှာပဲ။ ကြည်ပြာလို အလန်းလေးကို သူ့လို ဘယ်ကောင် ခူးနိုင်လို့လဲ။ ခုတော့ မနာလိုဖြစ်ကြတော့လေ။ ခုတော့ ပွဲအခြေ က သရီး–ဇီးလောက်နှင့် ပြတ်နေပြီမဟုတ်ပါလား။

ထိုသို့သောဘဝင်စိတ်ကလေးနှင့် ရောက်လာသော ဘလက်ကော်ဖီ ခွက်ကို သောက်ရန် ကောက်မ,လိုက်စဉ်မှာပဲ ...

"ခင်မောင်ဇော် ... ခင်မောင်ဇော်ရေ ... ကုန်ပါပြီကွာ"

ဝမ်းခေါင်းသံကြီးနှင့်အော်ရင်း ဆိုင်ထဲသို့ ဒရောသောပါး ပြေးဝင် လာသူက ယောက်ဖလောင်း အောင်သန်းဦးပေတည်း။

အပျက်ပျက် အယွင်းယွင်းဖြစ်နေသည့် ဒင်းမျက်နှာကိုကြည့်ကာ စိတ်ထဲ ထင့်ခနဲဖြစ်သွားသော်လည်း ခင်မောင်ဇော်က ခပ်တည်တည်ပဲ ...

"ဘာဖြစ်လာတာလဲကွာ၊ ညက ရှုံးသွားတာက ချယ်လ်ဆီးဆို၊ ငါ မေးကြည့်ပြီးပါပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



အောင်သန်းဦးက ငိုချလိုက်တော့မည့်အသွင်ဖြင့် ...

"ဟုတ်တယ်ဗျာ၊ အဲဒီ ချယ်ဆီး ဒုက္ခပေးသွားတာဗျ"

"ဟေ ... ဘာဖြစ်လို့လဲ"

"ကြည်ပြာ ... ကြည်ပြာ လင်နောက်လိုက်သွားပြီဗျ"

"ဘာ"

ခင်မောင်ဇော် ကြက်သေ သေသွားရသည်။ ခေါင်းထဲမှာ အတွေးတွေ သွက်သွက်ခါသွားရင်း ဝုန်းခနဲ ထရပ်လိုက်ကာ ...

"မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး ... ချယ်ဆီးရှုံးတာနဲ့ ..."

ဟု အရူးချီးပန်း အော်လိုက်မိသေးသည်။

အောင်သန်းဦးက သက်ပြင်းရှည်ကြီးကို ဆွဲဆွဲငင်ငင်ချပြီး ...

"စိတ်ကို ခဏထိန်းပြီး ငါပြောတာ နားထောင်စမ်းပါ၊ ငါတို့ တစ်အိမ်သားလုံးက အာစင်နယ်ပရိသတ်ဆိုပေမယ့် ကြည်ပြာက ချယ်ဆီးအသင်းစွဲလေ၊ ဟိုးတစ်ခါ ပီတာချက် ခေါင်းထိတုန်းကတောင် သူ့ခမျာ မစားနိုင် မသောက်နိုင်ဖြစ်ပြီး သုံးရက်လောက် ငိုခဲ့သေးတာတဲ့၊ ခုလည်းကွာ အဲဒီကိစ္စက သိပ်အရေးမကြီးဘူး ထင်တာရယ်, ပြီးတော့ အဖေ့စကားကိုလည်း သူ နားထောင်မှာပဲဆိုပြီး မင်းကို မပြောမိခဲ့ဘူးကွ၊ ခု ... ဒီစာကိုသာ ဖတ်ကြည့်ပါတော့ကွာ"

အိပ်မွေ့ချထားခဲ့ရသူပမာ စာရွက်ခေါက်ကလေးကို လှမ်းယူမိလိုက်သည်။

ဖတ်ကြည့်လိုက်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



အဘနဲ့ကိုကြီး၊

သမီးဘဝမှာ ချယ်ရီးအသင်းခွဲကလွဲရင် ဘယ်အသင်းခွဲကလူနဲ့မှ လက်မထပ်နိုင်ပါဘူး။ အဲဒါ ချယ်ရီးအပေါ်ထားတဲ့ သမီးရဲ့သစ္စာပါ။ ပြီးတော့ သမီးမှာ ချစ်သူရှိပါတယ်။ သူလည်း ချယ်ရီးပန်းကလေးတစ်ယောက်ပါပဲ။

သူက ဖိုတောက်ရပ်ကွက်က စောမင်းအောင်ဆိုတဲ့လူပါ။ သူက ချယ်ရီးအသင်း ရုံးတော့ သမီး အချစ်နောက်ကျန်ရတယ်။ ကိုစောမင်းအောင်နဲ့ ဖုန်းပြောဖြစ်တော့ မေ့စပ်တဲ့အကြောင်းကို ပြောဖြစ်တယ်လေ။

သူကလည်း သမီးကို အဆုံးအရှုံးမခံနိုင်တော့ရယ်၊ သမီးဘက်ကလည်း ချယ်ရီးရှုံးထားလို့ မိတ်သစ်နေတာနဲ့ ရောပြီး ခိုးရာလိုက်ပြေးသွားပါပြီ။

သမီးကို လိုက်ရှာချင် ရှာ၊ လိုက်မရှာချင်လည်း နေကြပါ။

ချယ်ရီးက အမိုက်မ . . .

ကြည်ပြာ

PS. ကိုခင်မောင်ဇော်ရဲ့ လက်စွပ်ကိုတော့ ချွတ်မရတာမို့ အားနာနာနဲ့ ဝတ်သွားပါတယ်။ ဒီနှစ် ချယ်ရီးအသင်း ချန်ပီယံလိဂ် ဝင်ခွင့်ရရင်တော့ သက်သက်ပြန်ပို့လိုက်ပါ့မယ်လို့ ပြောပေးပါ။ ဝင်ခွင့်မရရင်တော့ မျှော်လင့်မနေပါနဲ့တော့လို့ပဲ ..။

စာဖတ်အပြီး ခင်မောင်ဇော်တစ်ကိုယ်လုံး နတ်ပူးသလို တုန်ခါလာတော့သည်။

ဘုရား ဘုရား ...။ ဘာတွေဖြစ်ကုန်သနည်း။ ဝေဒနာ၏အဟုန်ကြောင့် ရင်ထဲမှာဆိုကာ ခေါင်းတွေ တရိပ်ရိပ်မူးလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ . . . ငါ့မှာတော့ ငယ်ကျွမ်းဆွေ မန်ယူကို ခြေစုံကန်ပြီး ချစ် . . . ချစ်လိုက်တာ။ ခုတော့ အာစင်နယ်နဲ့တောင် ဆန်ခါမတင်ဘဲ ချယ်ဆီးနဲ့ တကယ်ပြီးသွားပါပေါ့လား။ မင်း ဘာအသင်းကို ကိုးကွယ်တယ်ဆိုတာ ငါ လုံးဝ မသိခဲ့ရပါလား ကြည်ပြာရယ်။

ဆီးသီးလုံးခန့် မျက်ရည်စတွေက ပါးပြင်ပေါ်သို့ ပေါက်ခနဲ လိမ့်စီးကျလာသည်။

အောင်သန်းဦးက ဆွံ့အ,ငိုကြွေးနေသော ခင်မောင်ဇော်၏ပခုံးကို ကိုင်လှုပ်ရင်း . . .

"ခင် . . . ခင်မောင်ဇော် . . . သ . . . သတိထားလေ သူငယ်ချင်း။ ငါ့မှာ နောက်ထပ် ညီမဝမ်းကွဲတွေ ရှိပါသေးတယ်ကွာ"

သတိမကပ်သည့်သူလို ခင်မောင်ဇော်ထံမှ ဘာစကားမှ ထွက်မလာတော့။

လွမ်းတနင့်နင့်ဖြင့် ကောင်းကင်ကို မော့ကြည့်မိသည်။ ပြာလွင်နေသော ကောင်းကင်ကပင် ချယ်ဆီးကို ကိုယ်စားပြုပြထားလေရော့သလား။

အားလုံး အပြာ။ တစ်လောကလုံး အပြာ။ အပြာ . . . အပြာ . . . ။ သူ့မျက်လုံးတွေပင် ပြာဝေလာရ၏။

ဒီလောက် ပိုက်ဆံတွေကုန်ထားရပြီး တစ်တို့မှ မတို့လိုက်ရသော အချစ်။ ဘာမှမဘာလိုက်ရသော အချစ်။

သတိမလွတ်ခင်လေးမှာပင် ခင်မောင်ဇော်ပါးစပ်မှ တလှုပ်လှုပ်နှင့် မသဲမကွဲစွာ . . .

"ကျွန်တော် မှားသွားပြီ ဖာဂူဆန်။ ကျွန်တော် အရမ်းမှားသွားပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်ရင်း ခင်မောင်ဖော်၏စိတ်နှင့် ခန္ဓာကိုယ်သည် အပြာ အပြာနု၊ အပြာနုမှ အပြာရင့်။ ပြီး . . . အပြာရင့်ဆီမှ အနက်ရောင်သို့ ပြောင်းကာ ဆက်သွယ်မှုဇရိယာပြင်ပဆီသို့ ရောက်ရှိသွားလေတော့သည်။

စိတ်ထဲ ဘာဆိုဘာမှမသိတော့ . . .။ ငွမ်းပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ထိုအဖြစ်အပျက်တွေ၏ နောက်ဆက်တွဲကတော့ . . .

ခင်မောင်ဇော်တစ်ယောက် နှလုံးကွဲ၊ သည်းခြေပျက်လုမတတ် ခံစားလိုက်ရပြီး ဆေးရုံပေါ်တွင် နှစ်ပတ်လောက် ယဲ့ယဲ့လေး နေလိုက်ရသည်။

နာလန်ထူခါစ ဆေးရုံဆင်းခါနီးမှာပင် ဦးလေးဖြစ်သူ ဦးအောင်သိန်းက သံဝေဂ ရသလိုကြည့်ပြီး . . .

"မိန်းမကိစ္စနဲ့ပတ်သက်ပြီး မင်းဟာ အကျိုးပေးကို နည်းလှလွန်းပါတယ် ငါ့တူရာ၊ နောက်ဆိုရင်တော့ ဘယ်မိန်းမကိုမှ . . . မှ"

"ဦးလေး"

နာလန်ထ ခင်မောင်ဇော်၏စကားသံက ကြောက်မက်ဖွယ်ရာ ဟိန်းထွက်လာသဖြင့် ဦးအောင်သိန်း တုံ့ဏှိဘာဝေ လုပ်နေလိုက်ရသည်။ ဒင်းက အားပြတ်နေသည်ကိုပင် စိတ်က မလျှော့ချင်သေး။ ပြောဆိုခုံးမ၍ ရည်ညွှန်းပုံလည်း



www.burmeseclassic.com

www.burmeseclassic.com



မပေါ်ချေ။ ဒီတော့ တူတော်မောင် ဝမ်းတွင်းဘူးကို မြှောက်ပေးတန် မြှောက်ပေး လုပ်ဖို့သာ ရှိပါတော့သည်။

သို့သော်လည်း . . .

ဆေးရုံကဆင်း၍ အိမ်ပြန်ရောက်ပြီး သိပ်မကြာလိုက် . . .။ ခင်မောင်ဖော်၏အချိုးတွေက ပြောင်းလာသည်။

ဘယ်လောက်တောင် စိတ်နာသွားသည်မသိ . . . ဘောလုံးပွဲတွေပင် မကြည့်တော့။

ဒါတင်မကသေးပါ . . .။ ယခင် သွားလာ ကျက်စား ငမ်းကြောထခဲ့သော ပတ်ဝန်းကျင်ပေါင်းဖြစ်သည့် ရပ်ကွက်၏ ဒီဘက်အခြမ်းကိုလည်း ခြေဦးမလှည့်တော့ချေ။

ဒါဆို ခင်မောင်ဖော် တစ်ရက် တစ်ရက် ဘာတွေလုပ်နေသလဲ။ ပရိသတ်ကြီးကို ရှင်းပြပါမည်။

ခင်မောင်ဖော် ယခင်က မသွားလာ မကျက်စားခဲ့သော ရပ်ကွက်၏ ဟိုဘက်တစ်ခြမ်းသည် အနည်းငယ် လူခြေစိပ်ပြီး စရိုက်ကြမ်းသည်။ အရပ်စကားနှင့်ဆိုလျှင် ရပ်ကွက်၏ သိပ်မသန့်သောအခြမ်း။

အဲဒီဘက်အခြမ်းမှာတော့ လက်ဖက်ရည်ဆိုင်တွေကလည်း ခနော်နီ ခနော်နဲ့။ ဘီယာဆိုင်ဆိုလို့ ဝေလာဝေး။ အရက်ဆိုင်ဆိုလျှင်တောင် ဘီအီးဆိုင် ကလေးတွေလေးသာ ရှိသည်။

ယခုလည်း ရပ်ကွက်တစ်ဖက်ခြမ်းမှာ ချုံးချုံးကျခဲ့ရသော ခင်မောင် ဖော်သည် ဒီဘက်အခြမ်းသို့ စနက်ကျနေသည်။ တကယ်တော့ ရပ်ကွက် ဟို ဘက်အခြမ်းမှာ ကိုယ့်မျက်နှာကိုယ် လုံးပစ်ချင်လောက်အောင် ဖော်ဖွယ်လိလိကို



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်သဖြင့် ဒီဘက်သို့ စတေးရှောင်နေရခြင်းပင်။

တစ်ရက် တစ်ရက် အဲဒီဘက်မှာပဲ လက်ဖက်ရည်ဆိုင်ထိုင်သည်။ ညနေဆိုလျှင်လည်း ထိုရပ်ကွက်ထဲမှ ဘီအီးရောင်းသော ကိုစန်းအောင်ဆိုင်မှာ မူးအောင်သောက်ပြီးမှ အိမ်ပြန်လာ၏။ ဒါတောင် ပါဆယ်ဆွဲလာပြီး အိမ်ကနံရံမှာ ကပ်ထားသည့် မော်ဒယ်မင်းသမီးတွေ၏ ပိုစတာတွေကိုကြည့်ကာ ဆပ်ခေတ်လိုက်သေးသည်။

ဒါသည် ယခု တောင်ပံကျိုး ခင်မောင်ဇော်၏ နေ့စဉ်လည်ပတ်မှုများသာဖြစ်၏။

ဦးအောင်သိန်းလည်း တူတော်မောင်အား ပြောမရသည့်အတူတူ လွှတ်ထားပေးလိုက်၏။ လောလောဆယ် ခင်မောင်ဇော်ထံမှ ဘယ်မိန်းမ၏နာမည်မှ မကြားရသဖြင့် ဦးအောင်သိန်းအဖို့ နားအေးပါးအေး ရှိလှသည်မှာ အမှန်ပင်။

သို့သော်လည်း . . .

တစ်ရက်တော့ အာသဝေါမကုန်ခန်းသေးသော ခင်မောင်ဇော်အတွက် ဘုံကြမ္မာက တစ်ကွက်အကြောပေးလာပြန်သည်။

အဲဒီနေ့က ကိုစန်းအောင်၏ဘီအီးဆိုင်မှာ တစ်လုံးနှင့်တစ်စိတ် ဆော်ပြီး မူးရစ်အိမ်ပြန်ခြေလှမ်းတွေနှင့် ခင်မောင်ဇော် လျှောက်လာခဲ့၏။

ဖြစ်ချင်တော့ မူးစပ်စပ်နှင့် ရပ်ကွက်ထဲ ဖြတ်လျှောက်စဉ်မှာပဲ ကိုရွှေသျှပ်စစ်မီးက ဟုပ် . . . ဆို ပြတ်တောက်သွားသည်။ မရှေးမနှောင်းဆိုသလိုပင် အိမ်ကလေးတွေဆီမှ ဖယောင်းတိုင်အလင်းရောင်လေးများကို ကွက်ပြောက်ကွက်ပြောက် တွေ့လိုက်ရ၏။

ထိုအလင်းစလေးများကိုကြည့်ကာ အိမ်မှာရော၊ ဖယောင်းတိုင် ရှိပါ့



www.burmeseclassic.com

www.burmeseclassic.com



မလားဟု ခင်မောင်ဇော် တွေးလိုက်မိ၏။ အလင်းရောင်မရှိလျှင် သူ မနေတတ်။ ပြီး . . . ခါးပိုက်ထဲ ထည့်ယူလာသော ဘီအီးပါဆယ်ထုပ်ကိုစမ်းရင်း မှောင်မည်းနေတော့မှ ငါ ကောင်မလေးပိုစတာတွေကြည့်ပြီး ဘယ်လိုလုပ်သောက်လို့ ရတော့မှာလဲဟု တွေးရင်း အဆမတန် အားငယ်ကြေကွဲသွားမိသည်။

ချက်ချင်းဆိုသလို အိတ်ကပ်ထဲ စမ်းကြည့်လိုက်တော့ ပိုက်ဆံအချို့က ကျန်နေသေးသည်။ ပြီး ဒီအနားတစ်ပိုက်မှာ ကုန်စုံဆိုင်လေးတော့ ရှိမှာပဲဟု ဘေးဝဲယာကြည့်ကာ လျှောက်လာစဉ်မှာပဲ အင်ဗာတာမီးရောင်လင်းနေသည့် ကုန်စုံဆိုင်လေးကို တွေ့လိုက်ရခြင်း ဖြစ်၏။

အတွေးနှင့်အတူ ထိုဆိုင်လေးထဲသို့ ခပ်သွက်သွက်လှမ်းဝင်သွားလိုက်၏။ ဆိုင်ထဲမှာ လူရှင်းနေသည်။ ကျောပေးကာ ပစ္စည်းတချို့ကို နေရာချနေသော အမျိုးသမီးတစ်ယောက်မှလွဲ၍ ဘယ်သူမှမရှိ။

တောင့်ဖြောင့်လှပသော အမျိုးသမီး၏နောက်ပိုင်းအလှကြောင့် ခင်မောင်ဇော် ငုတ်တုတ်မေ့ကာ ငေးနေမိသေးသည်။

နောက်ကျောမလုံဟု ခံစားမိလေသလားမသိ . . . ထိုအမျိုးသမီးက ဆတ်ခနဲ လှည့်ကြည့်လာကာ . .

"ဒီမှာ . . . ဘာအလိုရှိလို့လဲ . . . ရှင့်"

ငုတ်တုတ်ကြီး ငေးနေသော ခင်မောင်ဇော်ရင်ထဲ ဖိုးသိုးဖတ်သတ်ဖြစ်သွားရသည်။ မျက်နှာလေးကို ငေးကာ လှလိုက်တာဟု အမှတ်မရှိ ထပ်တွေးမိပြန်သည်။

သူနှင့် အရင်ပတ်သက်ခဲ့သော ကောင်မလေးတွေလို အသက်ငယ်ငယ်လေးတော့ မဟုတ်။ ကိုယ်နှင့် မတိမ်းမယိမ်းလောက်ရှိမည်။ ဒါမှ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ဝတ် အဲလေ ... ငါတို့ဆိုဒ် ဟုတ်ပါဘူး၊ ဟယ် ... ငါနဲ့ သက်တူရွယ်တူ ပါလား ... ဟူ၍ ရက်ရက်စက်စက် တွေးလိုက်ပြန်၏။

"ဒီက အစ်ကို ... ဘာယူမှာလဲလို့"

ချိုသာသောအသံလေးကြောင့် ခင်မောင်ဇော် သတိဝင်ကာ အမူးပြေ သလိုပင် ဖြစ်သွားရပြီး ...

"ဟို ... ဟိုလေ ... ဖယောင်းတိုင်လေး တစ် ... တစ်ထုပ်လောက်"

( ဩော် ... ဟုတ်ကဲ့ ခဏလေးနော် )

ဖယောင်းတိုင်သွားယူသော သူမ၏နောက်ပိုင်းအလှကိုကြည့်ရင်း ခင်မောင်ဇော်၏ ငုပ်ရာကသည် တစ်ဖန်ပြန်၍ နိုးကြွလာလေတော့သည်။

"ဩော် ခင်မောင်ဇော်၊ ခင်မောင်ဇော်"

သူကလေးကို ငါ ဘာဖြစ်လို့ မတွေ့မိတာပါလိမ့်ဟု မချင့်မရဲကြီး တွေးနေစဉ်မှာပဲ ...

"ဒီမှာ ... ရပါပြီ အစ်ကို"

"ဗျာ ... ဟုတ်"

ပိုက်ဆံပေးကာ လှည့်ထွက်လာခဲ့ရသော ခင်မောင်ဇော်ရင်ထဲမှာ တော့ တစ်စုံတစ်ခု လစ်ဟာသွားသလိုပင် ခံစားမိသေးတော့၏။

အိမ်ပြန်ရောက်သည်အထိ သူကလေး၏မျက်နှာကိုပဲ မြင်ယောင်နေ မိသည်။ ဒီနေ့မှ ကပ်ထားသော မင်းသမီးပိုစတာတွေကလည်း သူ့ကို မဆွဲ ဆောင်တော့။

သို့နှင့် နံရံမှာကပ်ထားသည့် ပိုစတာတွေကို ခပ်ကြမ်းကြမ်း ဆွဲခွာ ဆုတ်ဖြဲလိုက်ပြီး အရက်တစ်ခွက်ကို ငွပ်ခနဲ မော့ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . မျက်စိမှိတ်ကာ ငြိမ်သက်နေလိုက်၏။ သို့တိုင်အောင် အမြင်အာရုံထဲမှာ ရစ်ဝဲနေသည်ကတော့ သူကလေး၏ရုပ်ပုံလွှာပေတည်း။

တစ်ဆက်တည်း ဆုံးဖြတ်ချက်ချလိုက်မိသည်ကတော့ မနက်ဖြန် အရုဏ်ကျင်းလျှင် အော်ပရေးရှင်းအသစ်စပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

နောက်တစ်နေ့ . . .

ခင်မောင်ဇော်အဖွဲ့ ပထမဆုံးလုပ်ရသည်မှာ ကုန်စုံဆိုင်မှ သူကလေး၏အကြောင်းကို စုံစမ်းရခြင်းဖြစ်သည်။

ဒါကလည်း သိပ်ခက်သည်တော့ မဟုတ်။ ပြောရလျှင် ဒီဘက်က လူတွေနှင့် အတော်ပင် မျက်မှန်းတန်းမိနေလေပြီ။ ကိုစန်းအောင်၏ ဘီအီးဆိုင်မှာ တွေ့သော သောက်ဖော်သောက်ဖက်တွေနှင့်ဆိုလျှင် ပို၍ပင် ရင်းရင်းနှီးနှီး။

သို့နှင့် ထိုရပ်ကွက်ထဲမှ ကမန်းကတန်းကြင်စိန်၏ဆိုက်ကားကို ငှားစီးရင်း အရင်စနည်းနာကြည့်သည်။ ဆိုက်ကားသမားဆိုတာက သတင်းစုံသည်လေ။

မနက်ပိုင်းမှာ ဆိုက်ကားကို လက်ဖက်ရည်ဆိုင်အထိ ငှားလိုက်သည်။ ပြီး . . . ဒင်းကိုပါ လက်ဖက်ရည်တိုက်ပြီး အစ်အောက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com


ကမန်းကတန်းကြင်စိန်ဆီမှ ပထမဆုံး ထွက်ကျလာသောစကားသံ ကတော့ ရင်ဝကို အောင့်ကနဲချလိုက်သလိုပင်။

"မခင်လေးက အပျိုမဟုတ်ဘူးဗျ"

သွားပြီ ...။ ငါဟာ ဒု,သ,န,သောတွေ ကြိုစည်ဖို့ စဉ်းစားနေတဲ့ အမိုက်မဲတုံးကြီးပါလားဆိုသည့် အတွေးက မဆုံးလိုက်။

"ဒီလိုဗျ ... အပျိုမဟုတ်ဘူးဆိုတာက မုဆိုးမလို့ ပြောတာ၊ ကလေး တစ်ယောက်ရှိတယ်၊ သူ့ယောက်ျားမူတဲ ဆုံးသွားတာက သုံးနှစ်လောက်တောင် ရှိပြီ၊ အဲဒီလူက အရက်သမားလေ၊ အံဖတ်ဆို့ပြီး သေသွားတာဗျ"

"ဩော်"

ခင်မောင်ဇော် လှိုက်ခနဲ ဝမ်းသာသွားမိသည်။ ဒါဆိုလျှင် ဒု,သ,န, သောလည်း မဖြစ်။ သူ့မယားလိုချင် သူ့လင် လုံနဲ့ထိုးစရာလည်း မလိုတော့။ မုဆိုးမပင် ဖြစ်လင့်ကစား တစ်သားမွေး တစ်သွေးလှနေသည့် မခင်လေးဆို သည့် ဆူးက ရင်ထဲမှာ နစ်ဝင်ကာ ချစ်ခင်နေမိပြီမို့ ဘာကိုမှ အပြစ်မမြင်တော့ ဘဲ ...

"အေးကွာ ... ဘာပဲဖြစ်ဖြစ် မခင်လေးရဲ့အကြောင်းကို ငါ့ကို ပြော ပြစမ်းပါ"

ကမန်းကတန်းကြင်စိန်က စူးစမ်းသလိုကြည့်ကာ ...

"အစ်ကိုကြီးက မရိုးတော့ဘူး ထင်တယ်"

"အဟီး"

ရှက်သလို ဟန်လုပ်ကာ ခင်မောင်ဇော် သွားဖြဲပြလိုက်သည်။ ပြီးမှ ကမန်းကတန်းကြင်စိန်ကိုကြည့်ကာ ညနေ မင်းကို အရက်အဝတိုက်ပါ့မယ်ဆို


www.burmeseclassic.com

www.burmeseclassic.com



သည့် ကလစ်ကို ခေါက်လိုက်တော့မှ မခင်လေးဒေတာတွေက ဝေါခနဲ ထွက်ကျလာတော့သည်။

အိမ်ရှေ့မှာ ကုန်စုံဆိုင်ကလေး ဖွင့်ထားသည့် မခင်လေးတို့အိမ်၌ မခင်လေးအပါအဝင် သူ့အဖေ ဦးသိန်းဟံနှင့် မခင်လေး၏သား ခွက်တိုးဆိုသည့် ကောင်လေးတို့သုံးဦးသာ နေထိုင်သည်။

ခွက်တိုးက ခု ငါးနှစ်လောက်ရှိပြီး ဒင်းကလေးကိုမွေးတုန်းက သူ့အဖေ ညိုဝင်း (မူတဲ) အရက်သမားက တစ်ခွက်တော့တိုးလေပြီဟူသော အတွေးနှင့် ဒင်းနာမည်ကို ခွက်တိုးဟု သမုတ်ခဲ့ခြင်းဖြစ်သည်။

ပြီး . . . မခင်လေး၏အဖေ ဦးသိန်းဟံ (ပင်စင်စား) က လူဖြောင့်စိတ်တို တရားသမားဟု ဆို၏။ နောက်တစ်ခု ထပ်သိရသည်က မခင်လေးကို သခုတိုင် ပိုးပန်းနေသူတွေရှိသော်လည်း ဦးသိန်းဟံကိုလန့်၍ အနားသိပ်မကပ်ရဲကြပါတဲ့။

ခင်မောင်ဇော် စဉ်းစားရလေပြီ။ မုဆိုးမဆိုသည့် နာမ်စားကလည်း မခင်လေး၏ မယှိုယွင်းဘဲ ပိုတင်းနေသောအလှအောက်မှာ တိမ်မြုပ်သွားကာ သူ့စိတ်ထဲ၌ မခင်လေးမှ မခင်လေး ဖြစ်နေတော့၏။

အချုပ်အားဖြင့်ဆိုရသော် မခင်လေးကို လက်လွှတ်မခံနိုင်လောက်အောင် ခင်မောင်ဇော် ချစ်မိနေလေပြီ။ သားတစ်ယောက် အဆစ်ပါလာတော့ ရော ဘာအရေးကြီးသနည်း။ (နွားမကြီးဝယ်ရာ နွားကလေး အပိုရလိုက်သည် မဟုတ်ပါလော)

ထိုသို့ အကြောင်းစုံသိလိုက်ရပြီးချိန်မှာတော့ ခင်မောင်ဇော် ပထမဆုံး သတိရမိသူက ဦးရှီးတော် ဦးအောင်သိန်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"တွင်းပေါင်းရေကြည် အေးမြသည် ... ဆိုတဲ့စကားဟာ သိပ်မှ
တာပဲနော်"

ဦးအောင်သိန်းက ကြောင်တက်တက် ပြန်ကြည့်လာပြီး ...

"ဟေ ဘာလဲ ... မင်းက ရေတွင်းပေါင်းပါတဲ့အိမ် ဝယ်မလို့လား
ဒီအိမ်မှာလည်း အဝီစိတွင်းရှိရဲ့နဲ့ကွာ"

"ဟာ"

ခင်မောင်ဇော် စိတ်ညစ်သွားရသည်။ ဒဲ့ပြောမှပဲ ဖြစ်တော့မှာပဲဟ
စိတ်ကူးလိုက်ရင်း ...

"ဒီလို ဦးလေးရ ... ကျွန်တော့်ဖူးစာဟာ ကောင်မလေးတွေနဲ့ ပတ်
သက်ပြီး လက်မတင်လေးတွေချည်းပဲ လွဲခဲ့တယ် မဟုတ်လား"

"အေးလေ ... အဲဒါ ဘာဖြစ်လို့လဲ"

ခင်မောင်ဇော်က ...

"ကျွန်တော်ထင်တယ်လေ ... ကျွန်တော့်ဖူးစာဟာ ခပ်ငယ်ငယ်
ကောင်မလေးတွေနဲ့ ကံမပါလာဘူး ထင်တယ်ဆိုပြီး တွေးမိလို့ပါ"

ဝေ့ဝိုက်နေသော တူတော်မောင်အား ဦးအောင်သိန်း စိတ်မရှည်တော့
ထို့ကြောင့် သက်ပြင်းကြည့်ကာ ...

"ဒီမယ် ငါ့တူ ... လိုရင်းကိုသာ ပြောကွာ"

ထိုအခါမှ ခင်မောင်ဇော်က စပ်ဖြီးဖြီးလုပ်လျက် ...

"အဟီး ... ဒီလိုဗျ ... ခု ကျွန်တော် စိတ်ဝင်စားနေတဲ့ မခင်
ဆိုတာ ကျွန်တော်နဲ့ အသက်မတိမ်းမယိမ်းလေ၊ ပြီးတော့ ဟို ... ကလေးတ
ယောက်အမေ မုဆိုးမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ငါ့တူ ... မင်း စိတ်တော့ကောင်းပါသေးတယ်နော်၊ ဒီခေတ်မှာ ဒီလောက် မိန်းမတွေပေါတာကို မင်းက မုဆိုးမကိုမှကွာ"

ခင်မောင်ဇော် တင်းသွားသည်။ ချက်ချင်းပဲ ...

"တော်တော့ ဦးလေး၊ အဲဒီအပျိုတွေက ကျွန်တော့်ကို ကောင်းကျိုးပေးခဲ့လို့လား၊ ပြီးတော့ ... မခင်လေးဆိုတာ မျက်နှာလေးကလည်းလှ၊ ဟို ... ကိုယ်လုံးကိုယ်ပေါက်ဆိုလည်း အို ... အများကြီး ကျန်သေးတယ်ဗျ၊ နောက်ပြီး ပျိုတယ်,အိုတယ်ဆိုတာက ကျဉ်းမြောင်းတဲ့အယူအဆတွေပါ၊ ကျွန်တော်ကတော့ အရေပြားယဉ်ကျေးမှုကို အထင်မကြီးဘူး"

"ဒါပေမဲ့ ... ငါ့တူရာ ကလေးတစ်ယောက်ရှိတယ်ဆို ... ဆိုတော့"

"အဲဒါ ဘာဖြစ်လဲဗျာ ... သူ့အမေကို ချစ်တော့မှ သူ့သားလေးလည်း ကျွန်တော် ကြည်ဖြူနိုင်ပါတယ်ဗျ"

ဦးအောင်သိန်းတစ်ယောက် သက်ပြင်းကိုပဲ ခပ်လေးလေးကြီး ချလိုက်သည်။ ဒီတစ်ခါလည်း ပြောလို့ရမည် မထင်တော့ချေ။ ခုပဲကြည့် ... မုဆိုးမကိုင် အလွတ်မပေးနိုင်ဘဲ တဏှာနတ်ဆိုးက ပူးကပ်လာလေပြန်ပြီ၊ တော်တော်ဆိုးတဲ့ ခင်မောင်ဇော်ပါလား။

ထို့ကြောင့် စိတ်ကို လျှော့ချလိုက်ပြီး ...

"အေးလေ ... မင်းဘက်က အဲဒီလိုစိတ်မျိုး ထားနိုင်ရင်လည်း ပြီးတာပါပဲ၊ ဒါနဲ့ ... ကောင်မလေးနဲ့ မင်းနဲ့က ချစ်သူတွေ ဖြစ်နေပြီလား"

ဒီတစ်ခါ အရှိက်ကို အထိုးခံလိုက်ရသလို ဖြစ်သွားသူကတော့ ခင်မောင်ဇော်ပင်။ ဦးအောင်သိန်းကို မရဲတရဲလေး ပြန်ကြည့်လာရင်း ...

"အဲလိုကြီးတော့ မဖြစ်သေးပါဘူးဗျာ၊ စိတ်ဝင်စားနေရုံအဆင့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသေးတယ်"

စကားအဆုံးမှာ ဦးအောင်သိန်းက သောက်ညင်ကတ်ဟန်ဖြင့် ...

"ဒါနဲ့များကွာ ... ဒါဆိုလည်း မင်းကို သူ့ဘက်က လက်ခံလာအောင်

အရင်ကြိုးစားကြည့်ပါဦးကွ"

ဟု ခပ်ပြတ်ပြတ်ပြောကာ လှည့်ထွက်သွားလေတော့သည်။

ခင်မောင်ဇော်ခေါင်းထဲမှာတော့ ဥက္ကာနီ၊ ဥက္ကာဝါ၊ ဥက္ကာပြာ၊ ဥက္ကာ

နက်တွေက ပြေးလွှား ကွန့်မြူးလျက် ...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မခင်လေး"

"ရှင်"

ခပ်ဖွဖွထူးရင်း ခင်မောင်ဇော်၏မျက်လုံးရိုင်းကြီးဒဏ်ကို မခံနိုင်သလို မခင်လေး ခေါင်းလေးငုံ့ချသွားသည်။ ခုလို မေးထူးခေါ်ပြောအခြေအနေအထိ ရောက်အောင် တစ်ရက်လေးငါးကြိမ်လောက် ဈေးဝယ်သလို ခင်မောင်ဇော် မနည်းဖန်တီးထားရခြင်းဖြစ်သည်။ ခုဆို ဘာပဲပြောပြော မခင်လေးတစ်ယောက် ခင်မောင်ဇော်၏အကြည့်တွေကို ဘာသာပြန်တတ်နေပြီ။

သို့သော်လည်း ကိုယ်က မှဆိုးမဆိုတော့ အနေအထိုင်ဆင်ခြင်ရသည် ပေါ့လေ။

ခုလည်း ညနေပိုင်း နွားရိုင်းသွင်းချိန်မှာ ခင်မောင်ဇော် လေးကြိမ် မြောက် ဈေးဝယ်ရန် ရောက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မခင်လေးက မခို့တရို့ဟန်လေးနှင့် ...

"ပြောလေ ကိုခင်မောင်ဇော် ... ဘာယူမလို့လဲ"

"အင်း ... ဒီညက မီးပြတ်ရက်ဆိုတော့ ဖယောင်းတိုင်တစ်ထုပ်ရယ် ..."

"ပြီးတော့ရော ..."

စကားထောက်လိုက်သော မခင်လေးကို ရူးခနဲ စိုက်ကြည့်လိုက်ကာ ခင်မောင်ဇော်က ...

"ဖယောင်းတိုင်ပြီးရင်တော့ ... မင်းအချစ်ကလေး လိုချင်တယ်"

မခင်လေးမျက်နှာ တွတ်တွတ်ရဲသွားချိန်မှာပဲ ခင်မောင်ဇော်က မှင်သေသေလုပ်ကာ ...

"ဩော် ... မီးခြစ်ကလေး လိုချင်တယ်လို့"

မျက်စောင်းလေးက ဒိုင်းခနဲ ရောက်လာသည်။ ခင်မောင်ဇော် ပီတိတွေ ဖြာနေစဉ်မှာပဲ ...

"ဦးလေးကျီးက ဂျကား အပီဘူးလားဂျ"

"ဟာ"

သွားပြီ။ ဘယ်က ဘယ်လိုရောက်လာမှန်းမသိဘဲ ဝင်ပြောလိုက်သူက မခင်လေး၏သား ခွက်တိုး။ ခင်မောင်ဇော် ဖီးကျိုးသွားရ၏။

တောက် ... အရေးထဲ ဒီခွေးမသားက တစ်မျောင့်။ အဲလေ ... အဲဒါဆို မခင်လေးက ခွေးမ ဖြစ်သွားမှာပေါ့။ ဟယ် ... ဒါဆို သူ့ကိုကြိုက်နေတဲ့ ငါက ခွေးထီးကြီး ... အာ ... ဟုတ်သေးပါဘူး။

အတွေးကို ဘရိတ်အုပ်လိုက်ရသည်။ ထိုအချိန်မှာပဲ မခင်လေးက



www.burmeseclassic.com

www.burmeseclassic.com



အနေအထားကို သဘောပေါက်စွာ ဖယောင်းတိုင်နှင့် မီးခြစ်ကို လှမ်းပေးရင်း ...

"ရော့ ရော့ ... ကိုခင်မောင်ဇော် ရပြီ"

"ဩော် ... အင်း အင်း"

ခင်မောင်ဇော် မချင့်မရဲနှင့် လှည့်ထွက်လာခဲ့ရ၏။ မခင်လေးမှာတော့ ခင်မောင်ဇော်၏ကျောပြင်ကိုကြည့်ကာ ပင့်သက်သဲ့သဲ့ ရှိုက်မိလေတော့၏။

စိတ်ထဲမှာတော့ ...

"ရှင် မပြောပေမယ့် ကျွန်မ နားလည်ပါတယ် ကိုခင်မောင်ဇော်ရယ်"

ဟု ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

တစ်ရက်တစ်ရက် ဈေးဝယ်လိုက်၊ အကြည့်တွေ ခလုတ်တိုက်လိုက် စကားတွေ မထိတထိပြောလိုက်နှင့် ရက်တွေပင် ကြာလာခဲ့လေပြီ။ ခုထိ အခြေ အနေက မတိုးတက်သေး။

ဆိုင်မှာဆိုလည်း ခွက်တိုးလေးက အမြဲလိုလိုရှိနေသည်။ အဖေကြောက် သော မခင်လေးမှာ တစ်ယောက်တည်းလည်း အပြင်ထွက်ခွင့်က မရ။ ဈေးသွား လျှင်တောင် သား မောင်ခွက်တိုးနှင့် ...။

ကြံရာမရသည့်အဆုံးမှာတော့ မဟာဉာဏ်ကြီးရှင် ဦးရိုးတော် ဦးအောင်သိန်းအား အပူကပ်ရတော့သည်။

"အဖြစ်ကတော့ အဲဒီလို ဦးလေးရာ ... အဆင်က ပြေခါနီးနေပြီ မခင်လေး အပြင်မထွက်ရတာနဲ့၊ ပြီးတော့ ဟိုကောင်လေး ခွက်တိုးကြောင့် လည်း ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သိန်း (သူကြီး) က မေးစေ့ကလေး ပွတ်ပွတ်ကာနှင့် ...

"အေးပါကွာ ... ငါ စဉ်းစားပါဦးမယ်"

ဟုဆိုပြီး ဦးအောင်သိန်းတစ်ယောက် မခင်လေးတို့ အိမ်ပတ်ဝန်းကျင်နားကိုပင် တစ်ရက်သွား လေ့လာလိုက်သေးသည်။

ပြီး ... ပေးလာသည့်အကြံက ဒီလို ...

ခင်မောင်ဇော်က မနက် နေမထွက်ခင်မှာ မခင်လေးတို့အိမ်ဘေးနားက ပိတောက်ပင်ကြီးနောက်ဘက်မှာ ပုန်းနေ။ မနက် နေထွက်တာနဲ့ မျက်နှာမသစ်ရသေးတဲ့ ခေါင်းစုတ်ဖွားကြီးနဲ့ မခင်လေးတို့အိမ်ဘေးနားက ကုပ်ချောင်းကုပ်ချောင်းနဲ့ ထွက်လာ။

မခင်လေးကို ခင်မောင်ဇော် ချိတ်နေတာသိတဲ့ ပတ်ဝန်းကျင်က ခင်မောင်ဇော်ပုံစံကိုကြည့်ပြီး မခင်လေးနဲ့ ချိန်းတွေ့ပြီးပြန်လာတာလို့ ထင်ကြ။ အဲဒီသတင်းတွေက ရပ်ကွက်ထဲမှာ ပြန့်သွား။ မခင်လေးအဖေနားထဲရောက်သွားရင် ပွဲကပြတ်ပြီ။

လူဖြောင့်စိတ်တိုကြီး ဦးသိန်းဟံက အဲဒီသတင်းကြောင့် ပေးစားလိုက်ရင် ... ဟီ ဟီ။

ဆင်ကြံ မြင်းကြံပဲ ပြောပြော၊ ခွေးကျင့်ခွေးကြံပဲဆိုဆို ခင်မောင်ဇော် ဂရုမစိုက်နိုင်တော့။ ဒီထက်ကောင်းသည့်အကြံကလည်း မရှိနိုင်လေပြီ။ မခင်လေးလည်း စိတ်ဆိုးမည်မဟုတ်ဟု ပိုင်စိုးပိုင်နင်း တွက်ထားလိုက်၏။

ထို့သို့ဖြင့် ...

ပထမဆုံးနေ့မှာ ခင်မောင်ဇော် အတော်ပင် စိတ်လေးနေမိသည်။ သူ့နိုးဟု ထင်မှာလည်း စိုးရ၊ ပြီး ... ညည့်စာရင်းစစ်နှင့် တိုးမှာလည်း ကြောက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်လေ။

သို့သော်လည်း လမ်းတစ်လျှောက် အဆင်ပြေပါသည်။ မနက် သုံးနာရီခွဲလောက်မှာတော့ မခင်လေးတို့အိမ်ဘေး ပိတောက်ပင်နောက်သို့ ခင်မောင်ဇော် ရောက်နေလေပြီ။ ခြင်ကိုက်၊ ဖြုတ်ကိုက်တာကလွဲလျှင် အနေအထားက အားလုံးကွက်တိ။

အားတင်းစောင့်ပြီး သိပ်မကြာပါချေ။ အလင်းရောင်လေး ထွက်လာသည်နှင့် ခေါင်းက ဆံပင်ကို တအားဖွကာ အင်္ကျီကိုလည်း တွန့်ခြေပစ်လိုက်သည်။ ပြီး . . . နားစွင့်ထားလိုက်၏။

ထိုစဉ် . . .

ခပ်လှမ်းလှမ်းက ခြေသံတဖျပ်ဖျပ်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ခင်မောင်ဇော်တစ်ယောက် မခင်လေးတို့ အိမ်ဘေးမှ ကုပ်ချောင်းချောင်း ပုံစံဖြင့် ထွက်လာခဲ့တော့၏။

မျှော်လင့်ထားသည့်တိုင်း ပက်ပင်းတိုးသူက မနက်ပိုင်း သီရိမင်္ဂလာဈေးမှာ ဈေးသွားကြိုမည့် ကုန်စိမ်းသည်ကိုသောင်းထွန်းနှင့် ဖြစ်သည်။ ဒင်းနဲ့က လည်း ကိုစန်းအောင်ဆိုင်မှာ မကြာခဏ လာဆုံနေကျ။

ခုလည်း ခင်မောင်ဇော်ကို မြင်တာနှင့် ကိုသောင်းထွန်း မျက်မှောင်တစ်ချက် ကြုတ်လိုက်သည်။ ပြီး . . .

"ဟေ့ ခင်မောင်ဇော် . . . ဒီအချိန်ကြီး မင်း ဘယ်က ပြန်လာတာလဲကွ"

ခင်မောင်ဇော်ကလည်း မရဲတရဲဟန်လေး အပြည့်ဖမ်းကာ . . .

"ကျွန်တော် . . . ကျွန်တော် . . . ဟို အိမ် . . . အဲ . . . ဘာမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com


ပါဘူးဗျာ''

ဟု ပြောရင်း သုတ်ခြေတင်လာခဲ့သည်။

ကိုသောင်းထွန်းလည်း ကြောင်တောင်တောင် လိုက်ကြည့်နေပြီးမှ မခင်လေးတို့အိမ်ဘက် တစ်ချက်လှမ်းကြည့်ကာ သဘောပေါက်သွားသလို ခေါင်းတဆတ်ဆတ်ညိတ်လျက် . . .

''အံမယ် . . . လူပျိုကြီးက ဒါမျိုးတော့ အသွက်သားဟ''

ဆိုပြီး ကောက်ချက်ချသွားသေးသည်။

ညနေပိုင်း ကိုစန်းအောင် ဘီအီးဆိုင်ရောက်တော့ ကိုသောင်းထွန်း ဖွထားတဲ့သတင်းကြောင့် တချို့ကလည်း တကယ်ယုံသွားကြ၏။ ဟုတ်ပဲ့မလား ဆိုသူတွေကလည်း ရှိသေးသည်။

ခင်မောင်ဇော် အရက်ဆိုင်ရောက်တော့ ရင်းနှီးသူတွေက . . .

''ခင်မောင်ဇော်ကြီး . . . သတင်းတွေ ကြားတယ်နော်''

ဟု စ,သလို နောက်သလို မေးလာလျှင်ဖြင့် ခင်မောင်ဇော်က ရှက်သလိုဟန်လုပ်ကာ . . .

''ခင်ဗျားတို့ကလည်းဗျာ . . . အဲဒီလောက်လည်း မဟုတ်သေးပါဘူး''

ဆိုပြီး ရယ်ကျဲကျဲလုပ်နေလိုက်သေး၏။ ဒါသည်ပင် သူလိုချင်သော အဆင်ပင် မဟုတ်ပါလား။

နောက်တစ်နေ့မနက်မှာ ခင်မောင်ဇော်နှင့် ထပ်တွေ့သူကတော့ တစ်ရပ်ကွက်လုံးဆိုင်ရာ သတင်းဖြန့်ဝေရေးလုပ်တတ်သည့် ကက်ဆက်ကြီး (ခ) စောလွင်ပင် ဖြစ်လေသည်။

ထိုသို့ ငါးရက်လောက် လှုပ်ရှားပြီးချိန်မှာတော့ ခင်မောင်ဇော်ကို


www.burmeseclassic.com

www.burmeseclassic.com



တွေ့လျှင် ...

"ဘယ်လိုလဲ လူပျိုကြီးရဲ့ ... စားရတော့မှာလား"

"အဟီး ... ဦးလေးကလည်း လိုပါသေးတယ်"

အဲဒါမျိုးတွေက တစ်ဖုံ။

"ကိုခင်မောင်ဇော်ကြီး မနက်မနက် ဘယ်က ပြန်ပြန်လာတယ်ဆိုတာ သိတယ်နော်"

"ဟာဗျာ ... တိုးတိုးပြောပါဗျ"

ဒါမျိုးတွေက တစ်သွယ်။ တချို့ကလည်း ...

"ဟေ့လူ ... ဒီတစ်ခါတော့ ခင်ဗျား အပိုင်လုပ်လိုက်တာပေါ့ ... ဟုတ်လား"

"ဟဲ ဟဲ ... ဒါကတော့ဗျာ၊ လက်ခုပ်ဆိုတာ သိတယ်မဟုတ်လား"

နှစ်ဖက်တီးမှ မြည်တယ်ဆိုသည့်သဘောပေါ့။ အမေးနှင့်အဖြေတွေကတော့ စမတ်ကို ဝွမ်နေတော့သည်။

ထိုမျှလောက် သတင်းတွေ ပုပ်ပွနေမှတော့မှ ဦးသိန်းဟံ၏နားထဲသို့ ရောက်ရပြီပေါ့။ ထိုသို့ဖြင့် တစ်ရက်တွင် ခင်မောင်ဇော်အိမ်သို့ စာတစ်စောင် ရောက်လာတော့သည်။

မောင်ခင်မောင်ဇော် ...

ဦးနဲ့ အမြန်လာတွေ့ပါ။

သိန်းဟံ

စာကတော့ တိုတိုလေးရယ်။ ဒါပေမဲ့ ...

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

အကြီကတော့ တစ်ဝက်တိတိ အောင်လေပြီ။ ခင်းထားသည့်လမ်းကြောင်းအတိုင်း ကွက်တိဝင်လာသလိုမျိုး။

သို့သော်လည်း အိမ်ပေါ်တက်မှ စိတ်တိုတိုနဲ့ ဆီးရိုက်ချမလားဟု ထည့်တွေးထားရသေးသည်။ အို . . . ရိုက်လည်း ခံလိုက်ရုံပေါ့။ ကျွန်တော် မှားမိပါတယ်။ အဖေ့သမီးကို တကယ်လက်ထပ်ယူပါမယ်ဆိုပြီး တောင်းပန်လိုက်ရုံပေါ့ဟု ဖြေတွေးလေး တွေးထားလိုက်သည်။

ဒါမှမဟုတ် တစ်ရက်က နှစ်ရက် မကွဲချင်တော့ဘူးဆိုပြီး ရပ်ကွက်လူကြီးတွေနဲ့ စောင့်နေ။ ဒီလိုတော့ မနေကြနဲ့ဆိုပြီး တစ်ခါတည်း ပေးစားလိုက်ရင်ရော . . .။ ဟီ ဟိ . . . အိုရချည်သေးရဲ့။

အဆင်ကတော့ ဖဲသမားစကားနှင့်ပြောရလျှင် ဆယ့်တစ်ဆင်ဆိုတာမျိုး ဖြစ်နေလေပြီ။ အဓိက,ကတော့ ကုလားတက်လာဖို့ပဲ လိုတော့သည် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ ဒါမှ ဒေါင်းမည်လေ။

ခုတော့ ကုလားမဟုတ်သည့် ခင်မောင်ဇော်တစ်ယောက် ဦးသိန်းဟံ အိမ်ပေါ်သို့ မဝံ့မရဲပုံစံလေးနှင့် တက်လာပါသည်။

အိမ်ညှိခန်းထဲ ဝေ့ကြည့်လိုက်တော့ ဦးသန်းဟံအပြင် တစ်ယောက် မှမရှိ။ အိမ်ရှေ့က ကုန်စုံဆိုင်လေးလည်း ပိတ်ထားသည်ကို တွေ့ခဲ့ရ၏။

ခင်မောင်ဇော်က ဦးသိန်းဟံကို ခပ်မှေးမှေးလေးကြည့်လိုက်ရင်း ...

"ဦး ... ဦးလေး ... ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

ဦးသိန်းဟံပုံစံက စိတ်ဆိုးဟန်မရှိ။ အပြုံးယဲ့ယဲ့နှင့် ခင်မောင်ဇော်ကို ကြည့်လာပြီး ...

"အေး ... ထိုင်ကွာ မောင်ခင်မောင်ဇော်၊ ဦးလေးလည်း သတင်း တွေ ကြားပါတယ်ကွာ၊ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဆိုသလိုပေါ့"

ပွဲကတော့ တကယ်သိမ်းလေပြီဟု တွေးကာ ဟုတ်ကဲ့ဟူ၍သာ ညောင်နာနာအသံလေးနှင့် ထောက်ခံလိုက်ရသေးသည်။

ဦးသိန်းဟံက ဆက်၍ ...

"အေးကွာ ... မင်းက လူပျိုပညာတတ်ဆိုတော့ နစ်နာစရာရှိရင် မင်းပဲ နစ်နာမှာလေ၊ ဦးလေး စိတ်မကောင်းပါဘူးကွာ"

ခင်မောင်ဇော်က ကပျာကယာ လက်ကာပြလိုက်သည်။

"မဟုတ်ဘူး ဦးလေးရဲ့၊ ကျွန်တော် ... ကျွန်တော်က တကယ်"

စကားပင် မဆုံးလိုက်။ ဦးသိန်းဟံက သဘောထားကြီးစွာ ...

"အေးပါ ... မင်းနဲ့ တကယ်မဟုတ်ဘူးဆိုတာ ဦးလေး သိပါတယ် စိတ်ထဲမှာလည်း ဘယ်လိုမှ သဘောမထားနဲ့ ... ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော် စိတ်ညစ်လာတော့သည်။ နားလည်မှုကတော့ လွဲနေလေပြီ။ လဲသာသေလိုက်ချင်တော့တယ်။

နောက်ဆုံး ပြောင်ပဲဝန်ခံလိုက်တော့မယ်ဆိုပြီး ခင်မောင်ဇော် ပင့်သက်ကို ရှိုက်လိုက်သည်။

"မဟုတ်ပါဘူး ဦးလေးရဲ့၊ ဒီကိစ္စက ဒီလိုဖြစ်ချင်လို့ ကျွန်တော်"

"အေးပါကွာ ... ဖြစ်ချင်လို့ ဖြစ်သွားတာပဲလို့ပဲ ပြောရတော့မှာပေါ့လေ၊ ဘေးစကားတွေဆိုတာကလည်း အခက်သားမဟုတ်လား၊ မင်းအမှားလည်း ဟုတ်မှမဟုတ်တာဘဲ၊ အင်း ... ငါ့သမီးရဲ့ကံပေါ့ကွာ၊ မုဆိုးမ,ဆိုတော့လည်း လူတွေက ပြောချင်ကြမှာပေါ့၊ ငါကတော့ မင်း စိတ်မဆိုးတာကိုပဲ ကျေနပ်လှပါပြီ"

ဘာဆက်ပြောရမည်မှန်းပင် မသိတော့။ ငူငူကြီး ထိုင်နေမိသေးသည်။ ဒီလောက်စိတ်တိုတတ်သည့် အဘိုးကြီးက သဘောကောင်းနေလိုက်တာများ ရှယ်တူဆိုလျှင် ပြေးထိုးချင်စိတ်ပင် ပေါက်သွားရ၏။

ခင်မောင်ဇော်လည်း နောက်ဆုံး ကျည်ဆန်ပေါ့ဟု အားမာန်တင်းလိုက်ပြီး ...

"ဦးလေး ... ကျွန်တော် ဦးလေးသမီးကို ..."

"မင်းက ကိုယ်တိုင် တောင်းပန်ချင်လို့လား၊ ရပါတယ်ကွာ ... ဆိုးမပဲ ဒီထက် နစ်နာစရာ မရှိတော့ပါဘူး၊ ငါပဲ ပြောလိုက်ပါ့မယ်၊ ကဲ ကဲ ... မင်းလည်း ပြန်တော့"

သွားပြီ။ လုံးဝ သွားလေပြီ။ ပွဲကတော့ ခုမှ တကယ်သိမ်းသွားခြင်းဖြစ်သည်။ ဘာမှမတတ်နိုင်တော့။ အားအင်လုံးဝမရှိတော့သလို လေးကန်ကန်



www.burmeseclassic.com

www.burmeseclassic.com


ထကာ ခေါင်းငိုက်စိုက်ကြီးနှင့် လှည့်ထွက်လာခဲ့လိုက်သည်။

ဦးသိန်းဟံကတော့ ခင်မောင်ဇော်နောက်ကျောကိုသာ အားနာဟန်လေးနှင့် ကြည့်ပြီး ...

"အင်း ... ဒီကောင့်ခမျာမှာလည်း နေရင်းထိုင်ရင်း အပြောခံရရှာတယ်၊ သဘောထားကြီးလို့ပေါ့၊ ကျေးဇူးပါပဲ ခင်မောင်ဇော်ရာ"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

အခန်းထဲက ချောင်းနားထောင်နေသည့် မခင်လေးမှာတော့ ...

ဟယ် ... ကိုယ်ကျိုးတော့နည်းပါပြီ ... ဆိုပြီး ခုတင်ပေါ်သို့သာ အရုပ်ကြိုးပြတ် လှဲချလိုက်မိတော့သည်။ ကံများနော် ... ဟင်း။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဒီလောက်လည်း စိတ်ဓာတ်မကျပါနဲ့ ငါ့တူရာ၊ ဒါမျိုးက ဖြစ်တတ်ပါတယ်၊ ဒီတစ်နည်းနဲ့ မရရင်လည်း နောက်တစ်နည်းပေါ့"

မျက်နှာ ချိုးကား ဖြတ်တိုက်ခံထားရသည့်ပုံစံနှင့် ထိုင်နေသော တူတော်မောင်ကို ဦးအောင်သိန်း အားပေးစကားပြောလိုက်သည်။

အင်း ... ငါ့တူရဲ့ မိန်းမကံအကျိုးပေးကလည်း မှဆိုးမနဲ့တောင် အဆင်မပြေပါလားဟု တနုံ့နုံ့တွေးရင်း နောက်ထပ်အကြံထုတ်နေမိသည်။

အမျိုးမျိုးစဉ်းစားရင်း ဉာဏ်ကြီးရှင် ဦးအောင်သိန်း (သူကြီး) ၏ခေါင်းထဲသို့ အတွေးတစ်စက လက်ခနဲ ဝင်ရောက်လာပြန်သည်။

ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်ရင်း လက်သီးလက်မောင်းတန်း၍

'ဟာ ... ဟုတ်ပြီကွ ဟုတ်ပြီ၊ ငါ ... ကွာ ဒီအချက်ကို အစောကြီး ကပဲ စဉ်းစားမိဖို့ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အားမလိုအားမရ ပြောလိုက်သေးသည်။ ခင်မောင်ဇော်က ပြုံး ကြောင်ကြောင်လေး မော့ကြည့်ရင်း . . .

"ဦး . . . ဦးလေး . . . အဲဒီအချက်ဆိုတာ ဘာလဲဟင်"

စကားအဆုံးမှာ ဦးအောင်သိန်းက မိန့်မိန့်ကြီး ပြုံးလျက် . . .

"ဘာဖြစ်ရမှာလဲကွာ . . . ဒီကိစ္စအတွက် အဓိကပစ်မှတ်ဟာ ဘယ်သူ ဖြစ်ရမှာလဲ၊ မင်းရဲ့မယားပါသားဖြစ်လာမယ့် ခွက်တိုးပဲပေါ့ကွ"

"ဗျာ"

ဘယ်လိုမှ မထင်မှတ်ထားသဖြင့် ခင်မောင်ဇော် ပါးစပ်ဟောင်းလောင်း ဖြစ်နေစဉ်မှာပဲ ဦးအောင်သိန်းက ဆက်၍ . . .

"ဟုတ်တယ်လေ၊ အဲဒီကောင်လေး မင်းကို ချစ်လာအောင်, မခွဲနိုင် အောင် အပိုင်ပေါင်းရမှာကွ၊ မင်းတို့ချင်း သားအဖတွေလို မခွဲနိုင် ချစ်နေကြ ပြီဆိုရင် အဲဒီအဘိုးကြီး လုပ်စရာတစ်ခုပဲ ရှိတော့တယ်။ အဲဒါကတော့ ခွက် တိုးရဲ့အမေ သူ့သမီးကို မင်းနဲ့ပေးစားဖို့ပဲပေါ့ . . . ဟား ဟား"

"ဟာ . . . ဟာ"

မပြောမဆို ခင်မောင်ဇော်တစ်ယောက် ဦးအောင်သိန်း (သူကြီး) ကို ပြေးဖက်တော့သည်။ ပါးစပ်ကလည်း တတွတ်တွတ်ပြောလျက် . . .

"ကောင်းလိုက်တာ ဦးလေးရာ၊ ဒီတစ်ခါတော့ တကယ်ပွဲသိမ်း ပဲ၊ ဒီအကြံကမှ အကောင်းဆုံးနဲ့ အငြင်သာဆုံးအကြံဗျ။ ဒါမှ ငါ့ဦးလေးကွ . . . ငါ့ဦးလေး"

ပျော်လွန်း၍ ခင်မောင်ဇော် အိမ်ထဲမှာ ပတ်ကနေမိသေးသည်။ ဦးအောင်သိန်းကတော့ တူတော်မောင်ကို အကြံပေးလိုက်နိုင်၍ တမြုံးမြုံးနှင့်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



စိစဉ်ထားသည့်အတိုင်း နောက်သုံးရက်လောက်အကြာမှာတော့ မုန့်ဆိုင်ရှေ့၊ အရုပ်ဆိုင်တကာရှေ့တွေမှာ မသိလျှင် သားအဖဟုပင် ထင်ရမည့် ခင်မောင်ဇော်နှင့် ခွက်တိုးတို့ကို မမြင်ချင်အဆုံး မြင်နေရတော့၏။

ခင်မောင်ဇော်မှာလည်း ကိုယ့်အကြံနှင့်ကိုယ်မို့ ခွက်တိုးပူဆာသမျှကို မညည်းမညူ ဝယ်ပေးရှာပါသည်။

"ဦး ... မုန့်ကျွေးပြီးရင် အရုပ်တွေဝယ်ဦးမှာနော်"

"အေးပါကွာ ... ငါ့သားဖြစ်ချင်တာ အကုန်ဖြစ်ရမှာပေါ့"

ဘုန်းကြီးရှူးနှင့် ပေလှူးဟု သတ်မှတ်ရမလိုပင် ခင်မောင်ဇော်နှင့် ခွက်တိုးတို့ကတော့ ဟုတ်နေလေပြီ။ ငွေကြေးအင်အားနှင့် နည်းပညာပေါင်းစုံသုံး လိုက်ရာ ခွက်တိုးလေးမှာလည်း လက်ညှိုးညွှန်ရာ အကုန်ဖြစ်နေလေတော့၏။ ရပ်ကွက်ထဲမှာလည်း ဒင်းတို့နှစ်ယောက်က သားအဖလို တတွဲတွဲ။

ဒီကြားထဲ ခင်မောင်ဇော်က မသိမသာ သွေးတိုးစမ်းကြည့်သေး သည်။

"သားလေး ... သားအမေနဲ့ ဦးနဲ့ယူရင် သားက သဘောတူမှာ လားကွ"

ခွက်တိုးကလည်း ပါးပါးလေး။ ချက်ချင်းပင် စဉ်းစဉ်းစားစား ပြော လာသည်။

"ဟင် ... ဦးက တားကို ဒီလိုပဲ မုန့်တွေ, အရုပ်တွေ ဝယ်ပေးနေ ဦးမှာလားဂျ"

"ကျွေးမှာပေါ့ တား အဲလေ ... သားရဲ့၊ ဦးဖြစ်ချင်တာဖြစ်ရရင် သားဖြစ်ချင်တာတွေလည်း ဖြစ်စေရမှာပေါ့"

"ဂယ်နော် ... ဦး ညာနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ မအေပေးလေးက မယုံသင်္ကာနှင့်။ ခင်မောင်ဇော်က သဘောကျသလို တခွီးခွီးရယ်ကာ . . .

"တကယ်ပေါ့ကွာ၊ ဦးက သားအမေကိုလည်း ချစ်တယ်၊ သားကို လည်း သားအရင်းလေးလိုပဲ ချစ်တာ၊ သားရော ဦးလိုအဖေမျိုး မလိုချင်ဘူး လား"

ပြောပြောဆိုဆို ခင်မောင်ဇော်က ခွက်တိုးလေး၏ပါးကို ရွှတ်ခနဲ နမ်းလိုက်သေးသည်။ မချစ်သော်လည်း အောင့်ကာနမ်းပေါ့။

ခွက်တိုးကလည်း . . .

"အင်း . . . ဒီလိုအဖေညှိုးတော့ လိုချင်တား"

တော်တော်လေး စဉ်းစဉ်းစားစား ပြောလိုက်ပုံရသည်။ ခင်မောင်ဇော် က စိတ်ထဲမှာ အပိုင်တွက်လိုက်ပြီး . . .

"ကဲ သားလေး . . . ဒါဆို ဦးကို ဖေကြီးလို့ ခေါ်ကြည့်ပါဦး"

ခွက်တိုးတစ်ယောက် ခက်ခက်ခဲခဲ ဆုံးဖြတ်လိုက်ရပုံပေါ်သည်။ ချက် ချင်းပင် . . .

"ဖေကျီး"

"သားလေး"

"ဖေကျီး မုန့်ဝယ်ကျွေးတော့ဂျာ"

"အေးပါ ငါ့သားရယ်"

ထိုသို့ပင် အဆင်ပြေနေကြတော့သည်။ ရက်တွေကြာလာတော့ ရပ် ကွက်ထဲကလူတွေလည်း ခင်မောင်ဇော်တို့နှစ်ယောက်၏သံယောဇဉ်ကို ကြည့်ကာ ပြောစရာဖြစ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောသည့်စကားတွေကတော့ ခင်မောင်ဇော်က ခွက်တိုးကို သား အရင်းတစ်ယောက်လို ချစ်နေသဖြင့် ခင်မောင်ဇော်နှင့် မခင်လေးအား နှီးစပ်စေချင်ကြသော အသွားအလာမျိုး။

သိပ်မကြာလိုက်ပါချေ ... ထိုသတင်းစကားတွေကြောင့် ဦးသိန်းဟံတစ်ယောက် သမက်လောင်း ခင်မောင်ဇော်အား ဆင့်ခေါ်ရပြန်တော့သည်။

မေတ္တာဆိုသည့် လက်နက်က တန်ခိုးကြီးမားလှချေသည်တကား။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အေး . . . မောင်ခင်မောင်ဇော် ထိုင်ကွာ"

ဒုတိယမ္ပိ ဦးသိန်းဟံအိမ်သို့ လာရခြင်းသည် ခင်မောင်ဇော်အဖို့ အတော်ပင် စိတ်လှုပ်ရှားရလေသည်။ သူ့ရင်တွေ တဒိတ်ဒိတ်ခုန်နေသလောက် ဦးသိန်းဟံကတော့ အေးအေးဆေးဆေးကြည့်ကာ . . .

"ဦးလည်း သတင်းတွေ ကြားပါတယ်ကွာ၊ ကြည့်ရတာ မောင်ရင်က မြေးလေးကို တော်တော်ချစ်နေပုံရတယ်"

စကားအဆုံးမှာပဲ ခင်မောင်ဇော် ပျာပျာသလဲဟန်ဖြင့် . . .

"ဘယ်လိုပြောလိုက်တာလဲ ဦးရယ် . . . သိပ်ချစ်တာပေါ့၊ ကလေးက လည်း အဖေမေတ္တာ ငတ်နေတာကိုး၊ သနားစရာကောင်းပါတယ်ဗျာ . . . ကျွန် တော့် ကိုတောင် ဖေကြီးလို့ ခေါ်,ခေါ်နေတာ"

အကြွက်ဝင်လာသည်နှင့် မျက်ရည်တွေဝဲကာ ဆို့ဆို့နင့်နင့် ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ဦးသိန်းဟံက သက်ပြင်းကို လေးလေးပင်ပင်ချရင်း . . .

"ဒါဆို . . . မင်းက မြေးလေးကို သားအရင်းတစ်ယောက်လို သဘော ထားနိုင်တာပေါ့ . . . ဟုတ်လား"

"သိပ်သေချာတာပေါ့ ဦးရာ၊ သားနဲ့ အတူနေရရင် ဘာပဲလုပ်ရလုပ်ရ ပါဗျာ"

ခင်မောင်ဇော်က တော်ကီကို တဆုံးပစ်လိုက်သည်။ ကံကောင်းချင် တော့ အချိန်ကိုက်ဆိုသလို ခွက်တိုးက ဖေကြီးဟုအော်ကာ အခန်းထဲမှ ပြေး ထွက်လာသည်။ ခင်မောင်ဇော်က ဆီးပွေ့ကာ အာဘွားပေးလိုက်ရင်း . . .

"သားလေးရယ် . . . မနက်ကတောင် ဖေကြီး မုန့်တွေဝယ်ထားသေး တယ်၊ ဘာဖြစ်လို့ ထွက်မလာတာလဲ"

ခွက်တိုးက သူ့အဘိုးကို ငိုမဲ့မဲ့နှင့် တစ်ချက်ကြည့်လိုက်သေးသည်။ ပုံစံက သူ့အဘိုး အပြင်ပေးမထွက်၍ မလာရသည့်ပုံစံမျိုး။

ဦးသိန်းဟံက . . .

"ကဲ ကဲ . . . ငါ့မြေး အပြင်မှာသွားဆော့ဦး၊ အဘိုးတို့ စကားပြောစရာ ရှိလို့"

ခွက်တိုးက ခင်မောင်ဇော်ကို အဓိပ္ပာယ်ပါပါကြည့်လျက် . . .

"ဖေကြီး . . . မပြန်နဲ့ဦးနော်"

"အေးပါ သားရယ် . . . နောက်တော့လည်း အတူတူနေရတော့မှာ ပါ"

ခွက်တိုး ပြေးထွက်သွားတာကိုကြည့်ရင်း ဦးသိန်းဟံ ခတန်ကြာ



www.burmeseclassic.com

www.burmeseclassic.com



တွေဝေနေသေးသည်။ ပြီးမှ ခက်ခက်ခဲခဲ ဆုံးဖြတ်လိုက်ရဟန်ဖြင့် ...

"အင်း ... ဦးလည်း သံယောဇဉ်ဆိုတာကို နားလည်ပါတယ်ကွာ မင်းတို့ကိစ္စကိုလည်း အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါ့မယ်၊ ကဲ ဒီလိုလုပ် ... နောက်သုံးရက်ကြာရင် မင်းရဲ့အုပ်ထိန်းသူနဲ့ ရပ်ကွက်လူကြီးတွေခေါ်ပြီး အိမ်ကိုလာခဲ့ပေါ့ ... ဟုတ်ပြီလား"

"ဟုတ် ... ဟုတ်ကဲ့"

ခင်မောင်ဇော် ပိုးစိုးပက်စက်ပျော်သွားရသည်။ ဦးသိန်းဟံဘက်က တော့ မီးစိမ်းပြလေပြီ။ ဒီတစ်ခါတော့ လုံးဝပွဲသိမ်းပဲဆိုတာ သဘောပေါက် လိုက်၏။

သားအချစ် မြေးအနှစ်ဆိုသည့်အတိုင်း ခွက်တိုး၏အချစ်ကို ခင်မောင် ဇော် သိမ်းပိုက်နိုင်ခဲ့လေပြီ။ ဒီအတိုင်းဆိုလျှင် ဦးသိန်းဟံဘက်က သူ့သမီးနှင့် ခင်မောင်ဇော်အား ပေးစားလိုက်ဖို့သာ ရှိတော့၏။ ရှင်းနေပြီလေ။

ဘယ်လောက်များ ကောင်းလိုက်လေသနည်း။ ဦးရိုးတော် ဦးအောင် သိန်းကို ပြောချင်လွန်း၍ အပြန်လမ်းမှာပင် ခင်မောင်ဇော်၏ ခြေလှမ်းတွေက မြေနဲ့မထိချင်။

ဒန် ... တန့် ... တန်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ထိုသုံးရက်လုံးလုံး ပျော်လွှန်း၍ ခင်မောင်ဇော်တစ်ယောက် မစားနိုင် အိပ်နိုင်ပင် ဖြစ်နေသေးတော့၏။ မခင်လေးမျက်နှာကိုပဲ စိတ်ထဲမှာ မြင်ယောင်နေမိသည်။

ဒီသုံးရက်လောက် အအိပ်အစားပျက်လို့ ကိစ္စမရှိပါ။ သုံးရက်ကျော်၍ မခင်လေးနှင့်ယှူပြီးမှ အတိုးချနှပ်နေလိုက်မည်ဟု တွေးနေမိသည်။

ထိုသို့ဖြင့် သုံးရက်မြောက်သည့်နေ့မှာတော့ . . .

ဦးသိန်းဟံ၏အိမ်ပေါ်၌ ခင်မောင်ဇော်အပါအဝင် ရပ်ကွက်လူကြီးတွေလည်း ရောက်ရှိနေကြပြီ။ ဝေ့ကြည့်လိုက်တော့ မခင်လေးတို့သားအမိကို မတွေ့ရသေး။ ဦးသိန်းဟံတစ်ယောက်သာ မျက်နှာမကောင်းဟန်လေးနှင့် ထိုင်နေရှာသည်။

အင်းလေ . . . သိပ်မကြာခင်မှာပဲ သမီးနဲ့ မြေးကို ငါ့လက်ထဲအပ်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာမို့ စိတ်မကောင်းဖြစ်နေမှာပေါ့ဟုပင် ခင်မောင်ဇော်က စာစာနာနာလေး တွေးပေးလိုက်၏။

ထိုအချိန်မှာပဲ ဦးသိန်းဟံက ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ကဲ ... ဒီက လူကြီးမင်းတွေလည်း အားလုံးသိပြီးကြရောပေါ့ သက်သေတွေကလည်း လက်မှတ်ထိုးပြီးသွားပြီ ခင်မောင်ဇော်ရေ ... မင်းလက်မှတ်ပဲ ကျန်တော့တယ်ကွ၊ ဦးသမီးလည်း လက်မှတ်ထိုးထားပြီးပြီ"

ပြောပြောဆိုဆိုပင် စာချုပ်တစ်ခု ကမ်းပေးလာသည်။ ခင်မောင်ဇော် ရင်ထဲ ဝမ်းသာလုံးက ဆောင့်တက်သွားရ၏။ တကယ်ဆို ဒီအချိန်မှာ ဒီအဆင့် လောက်အထိ သူ မျှော်လင့်မထားမိတာ အမှန်ပင်။ ခုတော့ လူဖြောင့်စိတ်တို့ အဘိုးကြီးက သူနှင့်ခွက်တိုးတို့၏ချစ်ခြင်းအား မခွဲချင်၍ မခင်လေးနှင့်ပင် တစ်ခါတည်း ပေးစားလိုက်လေပြီတကား။

ခင်မောင်ဇော်က ကတုန်ကယင်နှင့် စာချုပ်ကိုလှမ်းယူကာ သူ့နာ မည်အထက်နား၌ လက်မှတ်ထိုးချလိုက်၏။ သူ့ဘက်က သက်သေအဖြစ် ခေါ် လာသော သူငယ်ချင်း တောက်ိုးကန်းနှင့်အဒူးလေးကိုလည်း လက်မှတ်ထိုးခိုင်း လိုက်သေး၏။

အားလုံးပြီးသွားတော့ ဦးသိန်းဟံက စာချုပ်ကို တစ်ခေါက်ပြန်ဖတ် ကြည့်ပြီး ...

"အင်း ... အားလုံးပြီးသွားပြီဆိုတော့ ခင်မောင်ဇော်ရေ ... မြေး လေးကို ခေါ်သွားလို့ရပါပြီကွာ၊ မြန်မြန်သာ သွားကြပါတော့၊ ကြာရင် ငါလည်း မျက်ရည်ကျတော့မယ်"

ဦးသိန်းဟံက ငိုသံကြီးနှင့် ပြောလာသည်။ ထိုအချိန်မှာ ခွက်တိုးက



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲမှပြေးထွက်လာကာ ခင်မောင်ဇော်ရင်ခွင်ထဲ ဇွေ့ခနဲ ဝင်ထိုင်လိုက်၏။

ခင်မောင်ဇော်က အိပ်ခန်းဘက်ဆီသို့ မျှော်ကြည့်ရင်းက ...

"ဦး ဟိုလေ ... မခင်လေးတစ်ယောက်ကောဟင်"

ဦးသိန်းဟံက ...

"သမီးလေးက ... ဒီမနက်ပဲ လက်မှတ်ထိုးပြီးတော့ စစ်ကိုင်းချောင်ကို သွားလေရဲ့၊ သမီးက ဦးစကားကိုတော့ နားထောင်ရှာပါတယ်ကွာ"

ခင်မောင်ဇော်ရင်ထဲ ဒိန်းခနဲဖြစ်သွားရ၏။ အ,ထစ် အ,ထစ်နှင့်ပင် ပြန်မေးလိုက်မိသည်။

"ဟင် ... မခင်လေးက စစ် ... စစ်ကိုင်းချောင်ကို ဟုတ်လား၊ ဘာ ... ဘာတွေလဲ ဦး ... ဦးရယ်"

ဦးသိန်းဟံက မျက်နှာအပျက်ပျက်အယွင်းယွင်း ဖြစ်နေသည့် ခင်မောင်ဇော်ကို နားမလည်နိုင်သလို ပြန်ကြည့်လျက် ...

"ဘာဖြစ်ရမှာလဲ ခင်မောင်ဇော်ရယ်၊ ဦးရော၊ ဦးသမီးကပါ မြေးလေးကို မင်းရဲ့အမွေစားအမွေခံသားအဖြစ် မွေးစားဖို့ စာချုပ်စာတမ်းနဲ့ ခွင့်ပြုလိုက်တာ သေး၊ တို့တွေလည်း မင်းတို့နှစ်ယောက်ရဲ့သံယောဇဉ်ကို မခွဲရက်တော့ပါဘူးကွာ၊ ဦးလည်း သံယောဇဉ်တွေဖြတ်ပြီး ဘုန်းကြီးဝတ်တော့မှာလေ၊ မြေးလေးကို ရှောက်ပါ ခင်မောင်ဇော်ရာ"

သွားပြီ ... ဒုက္ခတော့ များလေပြီ။ ကိုယ်ကျိုးလည်း နည်းလေပြီ။ ကမန်းကတန်းပင် စာချုပ်ကို ပြန်ယူဖတ်လိုက်၏။ မျက်စိထဲမှာ ပြာခနဲ ဖြစ်သွားရသည်။

အမွေစားအမွေခံအဖြစ် မွေးစားခွင့်ပြုလိုက်ခြင်း ... တဲ့ အစက



www.burmeseclassic.com

www.burmeseclassic.com



အပျော်လွန်နေ၍ စာချုပ်ကို သေသေချာချာပင် မဖတ်ဘဲ လက်မှတ်ထိုးလိုက်မိသည်။

ခုတော့ ကိုယ့်လက်မှတ်ကြီးက အထင်းသား။ မခင်လေး၏လက်မှတ်ဆိုတာကလည်း သဘောတူခွင့်ပြုကြောင်း ထိုးထားခြင်းသာ ဖြစ်သည်။

စိတ်ထဲမှာ လက်ထပ်စာချုပ်ဟု ထင်ထားခဲ့သမျှ ခုတော့ လွဲပါပေါ့လားဟု တွေးရင်း ရင်ထဲမှာ တစ်ဆို့တင်းကျပ်ကာ ဘာမှမပြောနိုင်တော့ဘဲ ကြက်သေကြီး သေနေမိသည်။

ထိုအချိန်မှာပဲ သုံးရက်လုံးလုံး အအိပ်အစားပျက်သည့်ဒဏ်တွေနှင့် ယူကျုံးမရဖြစ်မှုတို့က ပူးပေါင်းကာ မျက်စိတွေ ပြာဝေပြီး ရင်တွေတလှပ်လှပ် တုန်ယင်လာတော့၏။

နောက်ဆုံးအသိ သတိကို ဘယ်လိုမှ မဖမ်းဆုပ်နိုင်တော့ဘဲ ...

"ဝုန်း !"

"ငါ့တူကြီး သတိထား ... ထားလေ"

ဦးအောင်သိန်း၏စိုးရိမ်တကြီး အော်လိုက်သံနှင့်အတူ ခွက်တိုးလေး ပါးစပ်မှ ဖေကျီးဆိုသည့် အသံကိုပဲ နောက်ဆုံးကြားလိုက်ရလေသည်။ ခင်မောင်ဇော်တစ်ယောက် လောကနှင့် အဆက်အသွယ် ခေတ္တပြတ်ပြန်ချေပြီတကား။

●



www.burmeseclassic.com

www.burmeseclassic.com



သတိပြန်ရလာတော့ ခေါင်းထဲမှာ ရီဝေဝေ ဖြစ်နေသေးသည်။ မျက်နှာကြက်ဖြူဖြူကို အရင်တွေ့လိုက်ရပြီး ဆေးနံ့တွေကပါ နှာခေါင်းထဲ တိုးဝင်လာသဖြင့် ငါ ဆေးရုံကို ရောက်နေတာပါလားဟု စဉ်းစားမိ၏။

ထိုစဉ် ...

"ဖေကြီး ... သတိရပြီလား၊ဂျ"

အသံနှင့်အတူ ခွက်တိုးမျက်နှာလေးက ရှေ့မှာပေါ်လာသည်နှင့် တစ်ပြိုင်နက် အဖြစ်အပျက်တွေကလည်း ခေါင်းထဲ ပြန်ဝင်လာကြသည်။

ဟာ ခွက်တိုး ... ဒူးမနာသား။ သွားပါပြီကွာ ... ငါ့ဘဝကြီးကတော့ ရေစုန်မျောပါပြီ။

မချိမဆံ့တွေးရင်း မျက်စိကို စုံမှိတ်ပစ်လိုက်မိသည်။ ဒူးမနာသား တစ်ယောက်နှင့်အတူ ရှေ့ဆက်ရမည့်ဘဝခရီးကို စဉ်းစားကာ ရင်တွေ တလှပ်လှပ် ပြန်တုန်လာပြီး ခင်မောင်ဇော်၏အသိအာရုံတို့ကလည်း တစ်ဖန် ပြန်၍မှောင် အတိ။

●

ဆေးရုံက ဆင်းမှ နောက်ဆက်တွဲကြားသိရသည်မှာ ဦးသိန်းဟံတို့ မျိုးရိုးက တစ်လင်တစ်မယားစနစ်ကိုပဲ အစဉ်အဆက် ထိန်းသိမ်းခဲ့ကြကြောင်း၊ ခုလည်း သူ့သမီးလက်ထက်ကျမှ အသားထဲကလောက်ထွက် အဖြစ်မခံနိုင်၍ ခွက်တိုးကို မွေးစားဖို့ပေးကာ မခင်လေးအား ဗိတ်ိအာဏာဖြင့် စစ်ဖိုးချောင်



www.burmeseclassic.com

www.burmeseclassic.com



သို့ ပို့ပစ်လိုက်ကြောင်း၊ မခင်လေးမှာ ခင်မောင်ဇော်ကို သဘာကျသော်လည်း သူ့အဖေကို မလွန်ဆန်နိုင်၍ နာခံလိုက်ရကြောင်း . . .

စသည်ဖြင့် . . . စသည်ဖြင့် ကြားသိရသည်။

မည်သို့ပင်ဖြစ်စေ . . .

ခင်မောင်ဇော်တစ်ယောက်မှာတော့ ဘဝအဆက်ဆက်က အကျိုးပေးတွေကြောင့် ဒူးမနာသားတစ်ယောက်နှင့်အတူ ဖခင်ဘဝကို အောင်တိုရောက်သွားရပြီး . . .

ကဲ . . . ပရိသတ်ကြီးရေ ဆက်လက်ရှုစားကြပါဦးစို့လား ခင်ဗျာ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ရွက်ဟောင်းကြွေ၍ ရွက်သစ်တွေပင် အလီလီဝေခဲ့လေပြီ။ ခွက်တိုးလေးလည်း အသက်တစ်နှစ်ပြီးတစ်နှစ်ထပ်ကာ ကြီးလာပြီပေါ့။

ခုအချိန်မှာတော့ ခင်မောင်ဇော်တစ်ယောက် မမြဲသောတရားတွေနှင့် ယစ်ထုပ်ကြီးဘဝသို့ ရောက်ရှိလုနီးနီးဖြစ်နေပြီဖြစ်၏။ ဒါသည်ကိုပင် ခင်မောင်ဇော်က သူ နှာဘူးကျ၍ ခံရသောအကျိုးဆက်ဟု မမြင်ဘဲ ရှစ်ပါးသော လောကဓံ၏ရိုက်ခတ်မှုဟူ၍ ကိုယ့်ကိုယ်ကိုယ် (မရှက်မကြောက်၊ အားမနာ လျှာမကျိုး မတန်မရာ) အတင်းခံယူထားသေးသည်။

မည်သို့ပင်ဖြစ်စေ ...

လောလောဆယ်မှာတော့ ဒူးမနာသားတစ်ယောက်ကို ရင်ဝယ်ပိုက်ပြီး ဘယ်မိန်းကလေးကိုမှ စိတ်ကူးမယဉ်ရဲ ဖြစ်နေရှာရ၏။ အပွဲပွဲနွှဲခဲ့သမျှ အလဲလဲအကွဲကွဲတွေချည်းပဲ ဖြစ်ခဲ့ရသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယမကာကိုသာ အဖော်ပြုရင်း ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတော့ဟု အားတင်းကာ စိတ်ထဲကပင် . . .

"ဩော် . . . ခင်မောင်ဇော်, ခင်မောင်ဇော် . . . မင်းဟာလေ မိန်းမနဲ့ ပတ်သက်လာရင် တော်တော်အကျိုးပေးနည်းတဲ့ ကောင်ပါလားကွာ၊ မင်းမှာ မိန်းမရဖို့ကံဇာတာက လုံးဝပါမလာဘူးထင်ပါရဲ့၊ ခုပဲကြည့် . . . မင်းခြံဝင်းထဲကို မိန်းမ,မပြောနဲ့ . . . ဘယ် ခွေးမ, ကြောင်မတောင် မျက်စိလည်လမ်းမှားပြီး ဝင်မလာတာ သက်သေပဲ၊ ဝါသနာပါရင် မင်းရဲ့လက်မ, ခြေမတွေကိုသာ ဖြတ်ပစ်လိုက်ပါတော့"

ထိုသို့ ကြေကွဲဆို့နင့်စွာ တွေးနေမိသည်။ တွေးရင်းပင် မောနင်းနှစ်ပက် စီးပွားတက်ဆိုသည့်အတိုင်း အရက်သောက်ချင်စိတ်က ယင်းထလာသဖြင့်

"ခွက်တိုးရေ . . . ခွက်တိုး . . . ဒီကောင် ဘယ်သွားနေလဲ လာဦးကွ"

အော်ခေါ်သံကြောင့် အိမ်နောက်ဘက်မှ ဒူးမနာသား ခွက်တိုး ပြေးထွက်လာပြီး . . .

"ဘာလဲ ဖေကြီးရာ . . . ဒီမှာ မနက်စောစော ဘွတ်ဘွတ်ကျိုင်းနေတဲ့ဟာကို"

ခွက်တိုးက ပက်ခနဲ ပြန်ပြောလာသည်။ ခင်မောင်ဇော် ကြောင်တက်တက်ဖြစ်သွားရပြီး . . .

"ဘာလဲကွ . . . ဘွတ်ဘွတ်ကျိုင်းတယ်ဆိုတာ"

ခွက်တိုးက အ,ရန်ကောဟူသည့်အကြည့်နှင့် ကြည့်လာရင်း . . .

"ဖေကြီးကလည်း ဝေးလိုက်တာ၊ ဘွတ်ဘွတ်ကျိုင်းတယ်ဆိုတာ အီးပါနေတာကို ပြောတာဗျ . . . သိပြီးလား"



www.burmeseclassic.com

www.burmeseclassic.com



ခွက်တိုးကတော့ ထိုကဲ့သို့ ခွက်တိုးပင်။ ခင်မောင်ဇော်က မှန်ကုပ်ကုပ်ဖြင့် ကြည့်ကာ ...

"ဟော့ကောင် ... ပေါက်ကရတွေ ပြောမနေနဲ့၊ သွား ... ကိုစိန်းအောင်ဆိုင်မှာ အစိတ်ပြားတစ်ပြားသွားဝယ်"

ပိုက်ဆံထုတ်ပေးရင်း ခင်မောင်ဇော်က နာရီတစ်ချက် ဖမ်းကြည့်လိုက်ပြီး ...

"ဟော့ကောင် ... ခု ကိုးနာရီထိုးဖို့ ဆယ်မိနစ်လိုသေးတယ်၊ မြန်မြန်သွား မြန်မြန်ပြန်လာခဲ့၊ မင်း ကိုးနာရီထိုးလို့မှ ပြန်မရောက်ရင် ပါးရိုက်ခံရမယ် ... ကြားလား"

ခင်မောင်ဇော်စကားကြောင့် ခွက်တိုး တွေခနဲ ဖြစ်သွားပြီးမှ ...

"ဟင် ... ဒါဆို ကိုးနာရီမထိုးခင် ပြန်ရောက်ရင် ဖေကြီးကို ပါးပြန်ရိုက်ရမှာလား"

"ဟော့ကောင်"

ခွက်တိုးကတော့ တစ်ချိုးတည်း ပြေးထွက်သွားလေပြီ။ ခုလိုဆိုတော့လည်း သားအဖနှစ်ယောက်၏အချစ်က သိမ်မွေ့ပါဘိတောင်း။ တုနှိုင်းမရနူးညံ့လှပါဘိတောင်း။ အားကျအတုယူစရာ ကောင်းလှပါဘိတောင်း။

အတန်ကြာသည့်အချိန်မှာတော့ ခင်မောင်ဇော်တစ်ယောက် အရက်ကလေးတစ်ငုံ ငုံလိုက်၊ တစ်ချက်တစ်ချက်မှာလည်း ကိုစိန်းအောင်အရက်ဆိုင်ကတောင်းကာ နံရံမှာကပ်ထားသော အရက်ကြော်ငြာနေသည့် မော်ဒယ်ကောင်မလေး၏ပုံကို ကြည့်လိုက် လုပ်နေတော့သည်။

စိတ်ထဲကလည်း ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... လောလောဆယ်တော့ ဒီကောင်မလေးကိုပဲ မှန်း၊ အဲလေ ... ဒီကောင်မလေးရဲ့ပုံကို မှန်းဆကြည့်ရင် ဒါဟာ မမြဲတဲ့ခန္ဓာကိုယ်ကြီးပါလား။ အိုရမယ်, နာရမယ်, သေရမယ်၊ အပုပ်ကောင်ကို ရုပ်ဆောင်နေတာပဲ၊ ခုချိန်မှာပဲ မှန်းလို့ ဟယ် ... ဟုတ်သေးပါဘူး၊ ခုချိန်မှာပဲ ကြည့်လို့ကောင်းတာ၊ နောက်ဆိုရင် ဆံပင်တွေ ဖြူလာမယ်၊ ပါးရေတွေ တွန့်လာမယ်၊ ခုလို နေရာကောင်းရထားတဲ့ တင်တွေ, ရင်တွေဆိုတာလည်း တစ်ချိန်မှာ ရှုံ့တွလို့ ပြီးရင် ဒီခန္ဓာကိုယ်ထဲက သွေးပြည်ပုပ်တွေ အို ... အနိစ္စ ... အနိစ္စ"

ထိုသို့ပင် သူများသားသမီးကိုကြည့်ပြီး ပိုးစိုးပက်စက်တွေးကာ သံဝေရနေမိသေးသည်။ တွေးရင်း ခေါင်းခါလိုက်ပြီးမှ အရက်ခွက်ကိုယူကာ ဆတ်ခနဲ မော့ချလိုက်၏။ လည်ချောင်းတစ်ခုလုံး မီးစနှင့် ထိုးခံလိုက်ရသလို ပူကာ ဖရှုံးခနဲ ထွေးထုတ်လိုက်ရသည်။ အရက်ထဲ ရေမရောမိခြင်းပင်။ အတော်ခံစားလိုက်ရသည်။

ချက်ချင်းဒေါ်သတကြီး ရေရွတ်မိတော့၏။

"တောက် ... မိန်းမဆိုတာ ငါ့အတွက် ကံဆိုးလိုက်ပုံများ သူတို့အကြောင်း စဉ်းစားရင်း အရက်တောင် ရေမရောဘဲ သောက်မိတယ်၊ တကယ်တော့ မိန်းမဆိုတာဟာ ငါ့အတွက် ချဉ်နေတဲ့ ဦးသျှစ်သီး အဲ ... စပျစ်သီးပဲ"

ကောင်မလေးပိစတာကို သံယောဇဉ်အမျှဉ်သေးသေးလေးနှင့် နောက်ဆုံးတစ်ချက် လှမ်းကြည့်ပြီး အကြည့်ကို အပြင်ဘက်သို့ လွှဲပစ်လိုက်သည်။

လေတစ်ချက်ငှ တ်လိုက်၍ အိမ်ရှေ့ မလေးရှားပိတောက်ပင်မှ ကြွေကျနေသော ရွက်ကြွေခြောက်ကလေးများကိုကြည့်ရင်း သူ့ဘဝကို ဇိုးလိုချေရေလိုနောက်သွားသည့် ကောင်မလေးတွေ၏မျက်နှာတွေကလည်း တစ်လှည့်စီ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပြန်သည်။

ခေါင်းကိုသာ ဘယ်ညာခါယမ်းမိတော့၏။ ရပ်ကွက်ထဲမှာလည်း သူချိန်လိုက်တိုင်း လွဲရင်လွဲ၊ ဒါမှမဟုတ် သူများနောက်ပါ စသည်ဖြင့် သတင်းတွေက ပုပ်ပွနေလေပြီ။

သူ့အား လူတွေက ဂေါ်မစွံလူတစ်ခုလပ်ကြီး၊ အရက်သမား နှာဘူးကြီးဟု ကွယ်ရာမှာ သမုတ်နေကြတာလည်း နားနှင့် မဆံ့ပြီ။

ဘယ်လောက်များ ရင်နာစရာကောင်းလိုက်သနည်း။

ကိုယ့်အဖြစ်ကိုယ်တွေးရင်း ရင်ထုမနာဖြစ်ကာ ဆုံးဖြတ်ချက်တစ်ခုကိုလည်း တစ်ဆက်တည်း ချလိုက်ပါ၏။

ထိုဆုံးဖြတ်ချက်ကား . . .

ဘဝမှာ မိန်းမ မရမယ့်အတူတူ ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘဲနေလိုက်တော့မည်။ နောင်ဆိုလည်း ဘယ်မိန်းမအကြောင်းမှ မပြောတော့။ သူ အပြောင်းကြီး ပြောင်းလဲသွားသည်ကိုကြည့်ကာ ရပ်ကွက်ထဲက လူတွေ မျက်လုံးပြူးသွားလိမ့်မည်။ နောက်ဆိုလျှင် သူ့အား နှာဘူးကြီးဟု သမုတ်ကြသူတွေလည်း ပါးစပ်ပိတ်ကြပေတော့။

ကိုယ့်ဆုံးဖြတ်ချက်ကိုယ် ခင်မောင်ဇော် အတော်သဘောကျသွား ၏။ ဒီထက် ဆုံးဖြတ်ချက်ခိုင်ကျည်အောင်ဆိုပြီး တစ်ခုထပ်စဉ်းစားမိ၏။ အဲဒါကတော့ ဘုရားရှေ့မှာ သစ္စာဆိုတိုင်တည်လိုက်မည်။ ဒါမှ ဘယ်အကြောင်းအရာနှင့်မဆို ဆုံးဖြတ်ချက်က သွေဖယ်တော့မည်မဟုတ်ချေ။

ချက်ချင်းပင် ဘုရားစင်ရှေ့မှာ ပုဆစ်တုပ်ထိုင်ချလိုက်ရင်း လက်အုပ်ကလေးချီကာ . . .



www.burmeseclassic.com

www.burmeseclassic.com


"တပည့်တော်ဘဝမှာ တဏှာဆိုတဲ့ တပ်မက်မှုသံယောဇဉ်တွေကို ဖြတ်ပြီး ဒီအတိုင်းပဲ နေသွားပါတော့မယ် ဘုရား၊ အရှင်ဘုရားရှေ့မှာ တပည့်တော် သစ္စာဆို တိုင်တည်ပါတယ်"

ထိုသို့ စွဲမြဲစွာ သန္နိဋ္ဌာန်ချပြီး နံရံမှာကပ်ထားသော အရက်ကြော်ငြာပုံ ပိုစတာကို ဆွဲဖြုတ်ကာ သောက်လက်စအရက်ပုလင်းကိုလည်း ချောင်ထဲ ထိုးထည့်လိုက်ပါသည်။

ခင်မောင်ဇော်၏ပြောသမျှ စကားတွေနှင့် လုပ်သမျှအမူအရာတွေကို အိမ်ထောင့်တစ်နေရာမှ ချောင်းကြည့်နားထောင်နေသူတစ်ယောက်ကလည်း ရှိနေပါသည်။ မျက်နှာပေါ်မှာလည်း စိတ်မကောင်းဟန်တွေက အထင်းသားနှင့်။

ထိုသူကတော့ ခင်မောင်ဇော်၏ဒူးမနာသား ခွက်တိုးပင် ဖြစ်လေတော့၏။ ခုလည်း ခွက်တိုးတစ်ယောက် သူ့အဖေအတွက် ဘာလုပ်ပေးရင် ကောင်းမလဲဟု တွေးကာ လေးကန်သောခြေလှမ်းများဖြင့် အိမ်အပြင်သို့ ထွက်သွားပါတော့သည်။

ခင်မောင်ဇော်မှာတော့ ကိုယ့်အတွေးနှင့်ကိုယ်မို့ သူ့ဒူးမနာသားအား လုံးဝ သတိမထားမိလိုက်။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

နောက်ပိုင်းရက်တွေမှာတော့ အရက်ကလေး မူးစပ်စပ်နှင့် လမ်းသလားကာ မြင်းသမျှကောင်မလေးတွေကို ငမ်းကြောလိုက်ထနေသည့် ခင်မောင်ဇော်ကို မြင်ရလိမ့်မည်မဟုတ်ပါ။

ဒါဆို ခင်မောင်ဇော် ဘာလုပ်နေလဲ။ တဏှာစိတ်ကို ဘရိတ်အုပ်ပြီး အိမ်မှာ အခွေထိုင်ကြည့်နေပါသည်။ နိုင်ငံခြားကား ဖြစ်၏။ ဘယ်လောက်အထိ စိတ်ပြတ်သားသွားလဲဆိုလျှင် ထိုနိုင်ငံခြားဇာတ်ကားမှာ အနည်းငယ်ပါသော ချစ်ခန်းကြိုက်ခန်း သရိုးသရီခန်းတွေကိုပင် ကျော်ပြီးကြည့်သည်။

အရင်ကလို ထိုအခန်းတွေကို ပြန်ကာရစ်ရစ်ကြည့်သော ခင်မောင်ဇော် မဟုတ်တော့။ ဦးလေးဖြစ်သူ ဦးအောင်သိန်းပင် တူတော်မောင်ကိုကြည့်ကာ အရင်ပုံစံမဟုတ်၍ စိတ်နောက်သွားပြီလားဟု ထင်နေမိသေးသည်။

ထိုသို့ အိမ်မှာ အေးအေးလူလူရှိနေစဉ်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုခင်မောင်ဇော် … ကိုခင်မောင်ဇော်"

အိမ်ရှေ့က ခေါ်သံကို အရင်ကြားလိုက်ရသည်။ အသံနှင့်အတူ အိမ်ထဲ ဝင်လာသူက ဟိုအရင် ကိုစန်းအောင်အရက်ဆိုင်မှာ သူနှင့်ဆုံဆုံနေကျ ဆိုက်ကား သမားလေး ကမန်းကတန်းကြင်စိန်။

ဘာကိစ္စများလဲဟု စဉ်းစားကာ ခင်မောင်ဇော်က မျက်နှာတည်တည် နှင့် …

"ဟော့ကောင် … ဘာကိစ္စလဲ"

ကြင်စိန်က မျက်နှာကို မဲ့ရွဲ့လိုက်ရင်း …

"ဟာဗျာ … ကိုခင်မောင်ဇော်ကလည်း ခင်ဗျားအတွက် လာတာ ပါဗျ"

"ဘာ … ငါ့အတွက် … ဟုတ်လား"

ခင်မောင်ဇော် ဆတ်ခနဲ ပြန်မေးလိုက်သည်။

ကြင်စိန်က …

"ဟုတ်တယ်လေ၊ အရင်တစ်ပတ်ကမှ ခင်ဗျားတို့နှစ်အိမ်ကျော်ကို ပြောင်းလာတဲ့ သန္တာစိုးကို သိတယ်မဟုတ်လား"

"ဘယ်လို … သန္တာစိုး ဟုတ်လား"

ပြောရင်း မျက်နှာလေးတစ်ခုကို ဖျတ်ခနဲ ပြေးမြင်လိုက်မိသည်။ မသိဘဲနေပါ့မလား။ တစ်နေ့ကပင် အိမ်ကို သားအမိနှစ်ယောက် ရောက်လာပြီး အိမ်နီးချင်းဖြစ်၍ ကောင်မလေးကို စောင့်ရှောက်ပါဟု သူ့အမေက ပြောသွား သေးသည်ပဲ။

သို့သော်လည်း ခင်မောင်ဇော်က ကိုယ့်သန္တိဌာန်နှင့်ကိုယ်မို့ …



www.burmeseclassic.com

www.burmeseclassic.com



"အေး သိတယ် ... အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ"

ကြင်စိန် နားဝေတိမ်တောင် ဖြစ်သွားရ၏။ ခါတိုင်းဆိုလျှင် ဘယ်မိန်းမ အကြောင်းကိုမဆို ကြားလိုက်ရပါက ခင်မောင်ဇော်မျက်နှာကြီးသည် ဝင်း တောက်လာစမြဲ။ နှာခေါင်းကြီးလည်း နီပွလာစမြဲ။ ခု ... ခင်မောင်ဇော် ဘာ ဖြစ်သွားတာလဲ။

တစ်ခုခုတော့ မှားနေပြီဟု တွေးကာ ...

"ဘာဖြစ်ရမှာလဲ၊ အဲဒီသားအမိ ပြောင်းလာတာ မကြာသေးပေမယ့် ... ရပ်ကွက်ထဲကကောင်တွေ သန္တာစိုးကို ကြောင်နေကြတာလေ၊ မပြော ချင်တော့ပါဘူးဗျာ"

"ဩော် ... ဟုတ်လား"

သိပ်စိတ်မဝင်စားဟန်ဖြင့် ခင်မောင်ဇော် တုံ့ပြန်လိုက်သည်။ ဆုံးဖြတ် ချက်ကလည်း စွဲမြဲခိုင်မာနေပြီလေ။ ကြင်စိန်ကတော့ သိပ်မယုံကြည်နိုင်သော အမူအရာနှင့် ထပ်ပြောလာပြန်၏။

"ဟုတ်တယ်ဗျ။ ခု ... နောက်ဆုံး ကြားရတဲ့သတင်းကတော့ အဆိုး ဆုံးပဲ"

"လုပ်စမ်းပါဦး"

"ခင်ဗျား ... ရပ်ကွက်ထဲက ကိုသိန်းထွန်းဆိုတဲ့ဘဲကို သိတယ် မဟုတ်လား"

"သိသားပဲ"

ခုထိ ခင်မောင်ဇော်က အသံပြတ်နှင့်။ ကြင်စိန်ကလည်း မလျှော့သေး။

"အဲဒီဘဲပေါ့ ... သန္တာစိုးကို အသည်းအသန် လိုက်ကြောင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ သန္တာစိုးက ဘာပြန်ပြောလိုက်တယ်မှတ်လဲ၊ အစ်ကိုကြီး ကိုခင်မောင်ဇော်က မှာထားတယ်တဲ့ . . . ဒီရပ်ကွက်ထဲက ဘယ်ယောကျ်ားကိုမှ မယုံဘူးဆိုပဲ၊ သူယုံတာ ကိုခင်မောင်ဇော်တစ်ယောက်ပဲ ရှိတယ်ဆိုပြီး ပြန်ကောလွှတ်လိုက်တာဗျ၊ ဒီတစ်ခါတော့ ခင်ဗျားဇာတာက တကယ်ကြွလာပြီထင်တယ်''

''ဟော''

နဖူးကြောကြီးများ ရှုံ့သွားသည်အထိ ခင်မောင်ဇော် စဉ်းစားသွားမိသည်။ ဒီလဒလေး လာကြပ်နေတာများလား။ ဟုတ်တော့လည်း မဟုတ်နိုင်ချေ။ သန္တာစိုးကို သူ အသေအချာပြောခဲ့သည်ပဲ။ မစားဖြစ်သည့်အမဲ သဲနှံပက်ဆိုသလို ဒီရပ်ကွက်ထဲက ဘယ်သူကောင်းသားကိုမှ မယုံဖို့ သာသာထိုးထိုးပြောခဲ့သည်။ ခုတော့ သင်းကလေးက သူ့ကိုပဲ ယုံပါသည်တဲ့လေ။

တွေးရင်း သမာဓိပျက်ချင်သလိုဖြစ်ကာ တဏှာလှိုင်းလုံးက ပြန်ခုံးမောက်လာရသည်။ ပြီးမှ . . . ဘုရားမှာ တိုင်တည်ထားမိသောအဖြစ်ကို ပြန်စဉ်းစားရင်း လဒမှိုင် မှိုင်ကျသွားရ၏။

သူ့ပုံစံကိုကြည့်ပြီး ကြင်စိန်က . . .

''ဘယ်လိုဖြစ်နေတာလဲဗျာ၊ ခင်ဗျားပုံစံကြီးက''

ခင်မောင်ဇော်က လေပူကြီးကို မှုတ်ချလိုက်ရင်း . . .

''မင်း မသိပါဘူး ကြင်စိန်ရာ''

ဟု ညောင်နာနာလေး ပြန်ပြောလိုက်သည်။

ကြင်စိန်ကလည်း အစွမ်းကုန်ပို့ရန် အားကြိုးမာန်တက် ရောက်လာသူပီပီ . . .

''ဟာ . . . ဘာလို့မသိရမှာလဲ၊ ကောင်မလေးက ခင်ဗျားကို ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com


ယုံနေတာကို၊ ပြောလိုက်တာနဲ့ ပုံအပ်မယ့်အနေအထားဗျ၊ ပွဲက ပြတ်နေပြီ၊ ဒီတစ်ခါမှ ခင်ဗျား လက်နှေးနေရင် တခြားသူလက်ထဲ ပါသွားလိမ့်မယ် . . . သိရဲ့လား"

ကမန်းကတန်းကြွင်းစိန် ပြန်သွားသည့်တိုင် ထိုစကားများကို ထပ်ကာတလဲလဲ ကြားယောင်နေမိသည်။

ကောင်မလေးက ခင်ဗျားကိုပဲ ယုံတယ်။

ပွဲက ပြတ်နေပြီ။

လက်နှေးမနေနဲ့။

"ဟူး"

သက်ပြင်းကြီးကို အရှူလိုက်သည်းလိုက် ထပ်ချမိပြန်သည်။ ပြီး . . . ပြန်လည်ပြင်ဆင်လိုက်သော ဆုံးဖြတ်ချက်နှင့်အတူ ဘုရားစင်ရှေ့မှာ ထိုင်ချလိုက်ရင်း . . .

"အားတော့ အားနာပါတယ် အရှင်ဘုရား။ ဒီတစ်ခါတော့ ဆုံးဖြတ်ချက်ကလေးကို ပြင်ပါရစေ၊ အဆင်ကလေးက တော်တော်လှနေလို့ နောက်ဆုံးတစ်ကြိမ်အဖြစ် ကြိုးစားခွင့်ပြုပါ ဘုရား"

ဟူ၍ . . .။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

နောက်ပိုင်းရက်တွေမှာတော့ ခင်မောင်ဇော်တစ်ယောက် သန္တာစိုးတို့အိမ်သို့ ချောင်းပေါက်မတတ် ရောက်နေတော့သည်။ ပြီး . . . သားအမိနှစ်ယောက်အား ခြောက်ပေါင်းပြီးမှ ပြန်၏။

"သတင်းတွေကြားပါတယ်နော် . . . ရပ်ကွက်ထဲက ငနာတွေ သန္တာလေးကို ချဉ်းကပ်နေကြတယ်ဆို"

နဂိုတည်းကမှ "ဇ" မသေးသူ ခင်မောင်ဇော်က တော်ကီကို ပါးပါးလေး လွှတ်သည်။ သန္တာစိုးက ရှက်သလိုအမူအရာလေးနှင့် . . .

"ဟုတ်တယ် ကိုကြီးရယ် . . . သန္တာလည်း အဲဒါကိုပဲ စိတ်ညစ်နေတာ၊ မဖြစ်နိုင်ဘူးလို့ ပြောတာတောင် တချို့က မယုံချင်ကြဘူး"

"ဒါနဲ့ ကိုကြီးကိုပဲ ယုံတယ်ဆိုတဲ့စကားက"

အကွက်ဝင်လာတာနှင့် ခင်မောင်ဇော်က တော်ကီထပ်ဖြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သန္တာစိုးက မျက်လုံးကလေး ထောင့်ကပ်ရင်း ...

"အို ... ကိုကြီးကလည်း ဒီလိုပဲ အဟန့်အတားဖြစ်အောင် ပြောရတာပေါ့၊ ဘာလဲ ... သန္တာကို အကာအကွယ်ပေးရတာ ကိုကြီးဘက်က နစ်နာလို့လားဟင်၊ ဒါဆိုလည်း"

"ဟာ ... မဟုတ်ပါဘူး၊ ဖြစ်နိုင်ရင် သန္တာလေးကို အမြဲတမ်း ကာကွယ်သွားချင်တာပါ"

သက်ပြင်းလေးချကာ သန္တာစိုး ခေါင်းငုံ့ချသွား၏။ ဒီလောက် ငမ်းငမ်းတက်ဖြစ်နေမှတော့ ကောင်မလေးလည်း သိပြီပေါ့ဟု ခင်မောင်ဇော် တစ်ခဏ်သတ် တွေးလိုက်သည်။ ရှေ့က အတွေ့အကြုံတွေနှင့် စဉ်းစားလိုက်လျှင် ပွဲက လှနေပြီ။ သို့သော်လည်း ခွက်တိုးနှင့်သူ့ကို သားအဖဟုသိထားသော သန္တာစိုးကို စေ့စေ့ကြည့်ကာ ...

"ဒါပေမဲ့ သန္တာလေးရယ် ... ကိုကြီးက စောင့်ရှောက်ချင်ပေမယ့် ရပ်ကွက်ထဲက တချို့လူတွေက ခွက်တိုးနဲ့ ကိုကြီးကို သားအဖအရင်းလို့ သိထားတော့ သန္တာလေး အပြောအဆိုခံရမှာ စိုး ... စိုးရိမ်"

စကားပင် မဆုံးလိုက် ... သန္တာစိုးက ဖြတ်၍ ...

"အာ ကိုကြီးကလည်း ... ကိုကြီးတို့က သားအဖအရင်း မဟုတ်တာ သန္တာ သိပါတယ်"

"ဟင် ... သန္တာက ဘယ် ... ဘယ်လိုသိ"

"ဘယ်လိုသိရမှာလဲ၊ ခွက်တိုးလေးကိုယ်တိုင် ပြောပြတာပေါ့"

ခင်မောင်ဇော်ရင်ထဲ ကြည်နူးမှုတွေက လှိုင်းထသွားရသည်။ ဒါမှ ပြီသားဟူ၍ ခွက်တိုးကိုပင် စိတ်ထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့နောက်မှာတော့ ခင်မောင်ဇော်ပါးစပ်က နောက်ထပ်လက်နက် အဖြစ် ...

"ခုလို ... သန္တာလေး နားလည်တာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် သန္တာလေးရှေ့မှာ ကိုကြီး မားမားကြီး ရပ်တည်ပေးပါ့မယ်လို့ ကတိပေးပါတယ်ကွာ"

ဆိုသည့် ရဲရဲတောက်စကားသံအဆုံးမှာတော့ သန္တာစိုး၏မျက်ဝန်းတောက်တောက်ကလေးက ဖျတ်ခနဲ ရောက်လာလေ၏။ အင်း ... ဒီတစ်ခါတော့ တကယ်ပွဲပြတ်တော့မှာလား မသိချေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ထိုသို့ဖြင့် ရင်းနှီးမှုတွေ ပိုလာခဲ့ပြီး တစ်လလောက်အကြာ . . .

သန္တာစိုးတို့အိမ်ကို ရောက်သွားတော့ တရှုပ်ရှုပ်ငိုနေသော သန္တာစိုးကို ခင်မောင်ဇော် တွေ့လိုက်ရသည်။ သူ့အမေကြီးကလည်း မျက်နှာမကောင်း။ ခင်မောင်ဇော်စိတ်ထဲ ဒိတ်ခနဲ ဖြစ်သွားရ၏။ ဘာဖြစ်ကြသနည်း။

ခင်မောင်ဇော်ကိုမြင်တော့ အဘွားကြီးက အနားမှ ထ,သွားသည်။ ထိုကြောင့် သန္တာစိုးအနားမှာ ကပ်ကာ ထိုင်ချလိုက်ပြီး . . .

"သန္တာလေး . . . ဘာဖြစ်လို့ ငိုနေတာလဲ၊ ကိုကြီးကို ပြောစမ်းပါဦး၊ စိတ်ပူလိုက်တာကွာ"

သန္တာစိုးက တသိမ့်သိမ့်ရှိုက်ရင်း ငိုသံလေးနှင့် ပြောလာသည်။

"သန္တာတို့တော့ ဒုက္ခရောက်ပြီနဲ့ တူပါတယ် . . . ကိုကြီးရယ်"

"ဘယ်လို ဘယ်လို . . . ကိုကြီးကို နားလည်အောင် ပြောပြမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သန္တာစိုးက မျက်ရည်စတွေကို သိမ်းသုတ်လိုက်ရင်း ...

"အမှန်အတိုင်းပြောရရင် သန္တာမှာ လက်ထပ်ရမယ့်သူ ရှိပါတယ်၊ သူက သန္တာတို့ ဒီရပ်ကွက်ထဲ ပြောင်းမလာခင်လေးမှာမှ မလေးရှားကို ထွက်သွားတာပါ၊ သန္တာတို့က ဒီမှာ အိမ်ငှားနေ၊ သူက ဟိုက ငွေပို့ပေါ့နော်၊ သူပြန်လာမှ လက်ထပ်ကြမယ်ပေါ့၊ ခုတော့, ခုတော့ ... အဟင့် ... သူက ဟိုမှာ အက်ဆီးဒန့်ဖြစ်ပြီး ဆုံးသွားပြီတဲ့ ကိုကြီးရယ်၊ ဒီမနက်မှ ဖုန်းဝင်လာတာ၊ သန္တာ ဘာဆက်လုပ်ရမှာလဲ၊ ဘာမှလည်း မလုပ်တတ်တော့ဘူး"

ပြောရင်း ထပ်ငိုနေပြန်သည်။ ရုတ်တရက် ခင်မောင်ဇော် ဘာပြောရမှည်မှန်းမသိ။ စိတ်ထဲမှာ ယောက်ယက်ခတ်သွားရသည်။

သန္တာစိုးကပဲ ဆက်၍ ...

"ဟိုက ငွေမရောက်လာနိုင်တော့ဘူးဆိုတော့ သန္တာတို့ ဒီမှာ ဘယ်နေနိုင်တော့မှာလဲ၊ တောကိုပဲ ပြန်ရတော့မယ်ထင်တယ် ကိုကြီးရယ်၊ သန္တာ့ဒုက္ခကတော့"

"အို ... ကိုကြီး နားလည်ပြီ၊ သန္တာလေး တောကို မပြန်ရပါဘူး။ ဘာဒုက္ခပဲဖြစ်ဖြစ် ကိုကြီး ... ရှေ့က ရပ်တည်ပေးမယ်လို့ ကတိပေးထားတာပဲ၊ ပွဲလန့် တုန်း ဖျာခင်းတယ်လို့ မထင်ပါနဲ့နော်၊ သန္တာလေးကို ကိုကြီးချစ်နေတာကြာပါပြီ"

"အို"

"ဟုတ်တယ် သန္တာလေး ... သန္တာလေးကို ကိုကြီး လက်ထပ်ပါရစေ၊ ဘာဒုက္ခတွေပဲ ရှိလာ, ရှိလာ ... သန္တာလေးရှေ့က ကိုကြီးကို ရင်ဆိုင်ခွင့်ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



သနားစိတ်နှင့်ချစ်စိတ်တို့ ပူးပေါင်းကာ ခင်မောင်ဇော် ပွင့်ထွက်သွားလေပြီ။ သန္တာစိုး၏နှုတ်ခမ်းဖျားလေးကလည်း ...

"ကိုကြီးရယ်"

ငြင်းဆန်ခြင်းမဟုတ်သော ထိုအသံတိုးတိုးလေးသည် ခင်မောင်ဇော်ရင်ထဲ၌ ဘဝင်ညံ့သွားလေတော့၏။ ဒီတစ်ခါတော့ ပွဲက တကယ်ကို ပြတ်ချေပြီတကား။ မလေးရှားမှာ သေသွားသောလူကိုပင် ခင်မောင်ဇော် အခါတစ်သိန်းလောက် ကျေးဇူးတင်နေမိတော့၏။

ထိုသို့ဖြင့် ...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ခင်မောင်ဇော် မင်္ဂလာဆောင်လေပြီ။ တစ်ရပ်ကွက်လုံး ဘယ်လိုမှ မထင်ထားသည့် မင်္ဂလာညည်ခံပွဲ။ အားလုံး မျက်လုံးပြူး ရင်သပ်ရှုမောဖြစ်ရသည့် အခမ်းအနား။ တစ်ရပ်ကွက်လုံးကို တုန်လှုပ်သွားစေသည့် အခင်းအကျင်း။

သူ့ကို ဘယ်တော့မှ မိန်းမရမည်မဟုတ်ဟု ပြောခဲ့သည့်လူတွေလည်း ကိုယ့်ပါးကိုယ်သာ ရိုက်ကြပေတော့။ ခင်မောင်ဇော်ကတော့ အပြုံးကြီးနှင့် သန္တာစိုးကို အပြီးကြိုး အဲလေ ...သန္တာစိုးကိုတွဲကာ ရင်ကော့ပြီး ညည်ခံနေလေပြီ။

သတို့သားအရံက သားတော်မောင် ခွက်တိုး။ ဦးအောင်သိန်းလည်း ဒီတစ်ခါတော့ တူတော်မောင်၏ပီတိကို မျှဝေခံစားနေရလေပြီ။

ညည်ခံပွဲအပြီးမှာတော့ ခင်မောင်ဇော် အတော်ပင် ပြေးသွားရင်း



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရပါသည်။ ဒီလောက်ပင်ပန်းတာလောက်ကတော့ ကိစ္စမရှိ၊ နီးပါး ညဘက်ရောက်လျှင် အပင်ပန်းပြေစေမည့် သန္တာလေးက အနားမှာရှိနေတော့ မည်ပဲ။ ပျော်ပျော်ကြီး ချစ်ရည်လူးရတော့မည်လေ။

ဒီကြားထဲ ကြားရသည့်သတင်းတွေကြောင့် ရယ်ချင်ပက်ကျိဖြစ်မိ သေးတော့၏။ သန္တာစိုးကို ပိုးပန်းခဲ့ကြသော ရပ်ကွက်ထဲက ငတိတွေအချင်းချင်း စုပေါင်းကာ အသည်းကွဲ အရက်သောက်ပွဲကြီးကျင်းပနေကြသည်တဲ့လေ။

ဘချလာနိုက် (လူပျိုညှ) ဆိုသည့်တိုင်အောင် ဒီညအဖို့ ခင်မောင်ဇော် အရက်သောက်ရန် လုံးဝစိတ်ကူးမရှိ။ ဒီညမှာ မူးပြီးအိပ်ပျော်သွားဖို့ဆိုတာ လုံးဝမလိုလား၍ဖြစ်သည်။ ဒါကြောင့် စပါကလင်နှင့် တောကြက်ဥနှစ်လုံး ရောကာ ဒိုင်လျှိုလေး သောက်ထားလိုက်သည်။ ဟီ ဟီ ... ဒါမှ အားစည်နေမည် မဟုတ်ပါလား။

ဒီလိုနှင့် ညဆယ့်တစ်နာရီ ...။ လူခြေတိတ်ပြီ။ ဦးအောင်သိန်းနှင့် ခွက်တိုးတို့လည်း အသိတစ်ယောက်အိမ်သို့ သွားအိပ်ကာ စတေးရှောင်နေလေ ပြီ။ တစ်အိမ်လုံးမှာ သူနှင့် သန္တာစိုးတို့ နှစ်ယောက်တည်း။

အိပ်ရာထဲလှဲရင်း အိပ်မက်ပမာ ခံစားနေမိသေးသည်။ ဘေးဘက် ငဲ့ကြည့်လိုက်တော့ သန္တာစိုးက မျက်လုံးကလေးမှေးရင်း ငြိမ်သက်နေ၏။ ခင် မောင်ဇော်တစ်ယောက် ရင်ခုန်သံတွေတဒိုင်းဒိုင်းနှင့် သွေးတွေဆူပွက်လာရပြီ။

လက်တစ်ဖက်ဖြင့် အသာသိုင်းဖက်လိုက်စဉ်မှာပဲ သန္တာစိုးမျက်လုံး ကလေး ဖွင့်လာပြီး ...

"သန္တာ့ဒုက္ခတွေကို ကူညီပေးတဲ့ ကိုကြီးကို ဘယ်လိုကျေးဇူးတင် ရမှန်းတောင် မသိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော်က ပါးဖောင်းဖောင်းလေးကို မနာအောင် ဖွဖွဆွဲလိမ် လိုက်ရင်း ...

"သန္တာလေးရယ် ... ခုချိန်မှာ ဒါတွေ ပြောနေစရာလားလို့၊ သန္တာ့ ဒုက္ခဟာ ကိုကြီးဒုက္ခပဲပေါ့၊ သုခဆိုလည်း နှစ်ယောက်အတူ ခံစားကြမယ်လေ၊ ခုဆို ... သန္တာလေးနဲ့ ကိုကြီးက တစ်ဘဝတည်း ဖြစ်သွားပြီမဟုတ်လား"

ကြင်ကြင်နာနာပဲ ပြောပစ်လိုက်သည်။ ဝမ်းသာလွန်း၍လားမသိ သန္တာ စိုးခမျာ မျက်ရည်စလေးများ ဝဲတက်လာပြီး ...

"ဟုတ်တော့ဟုတ်ပါတယ် ကိုကြီးရယ် ... သန္တာ့ဘဝကို ကိုကြီးပဲ အကာအကွယ်ပေးခဲ့တာပါ၊ ပြီးတော့ ... သန္တာရဲ့ဘဝနဲ့အရှက်အတွက် နောက် ပြီး မွေးလာမယ့် ကလေးအတွက်လည်း ကိုကြီးကိုပဲ ကျေးဇူးတင်ရမှာပါ၊ ဒီတစ်သက် မမေ့နိုင်တော့ပါဘူး"

BURMESE CLASSIC

ဟိုက် ... ဟု စိတ်ထဲ အလန့်တကြားရေရွတ်ရင်း ခင်မောင်ဇော် မိုက်ခနဲ ဖြစ်သွားရသည်။ မွေးလာမယ့်ကလေးအတွက်တဲ့။ ဒါ ... ဒါဆို သန္တာစိုးပြောခဲ့တဲ့ ဒုက္ခဆိုတာက ... ဘုရား ဘုရား။ ငါတော့ မလေးရှားက ပိုက်ဘောမိပြီ။

ဇောချွေးတွေ ချက်ချင်းစို့တက်လာတော့၏။ တောင့်တောင့်ကြီး ဆွံ့ အ,သွားသော ခင်မောင်ဇော်ကိုကြည့်ကာ သန္တာစိုးက ...

"ကိုကြီး ... ကိုကြီး ... ဘာဖြစ်လို့ ချွေးတွေ ပြန်လာတာလဲဟင်"

ခင်မောင်ဇော်က ချွေးသပ်ရင်း ကမ္ဘာ့အကြီးဆုံးသက်ပြင်းကို ... လိုက်ကာ ...

"ဘာ ... ဘာမှမဖြစ်ပါဘူး၊ ရင် ... ရင်တွေ အရမ်းခုန်လာလို့ပါ

www.burmeseclassic.com

www.burmeseclassic.com


သန္တာလေး နားဦးနော် ... ကိုကြီး အပြင် ခဏထွက်လိုက်ဦးမယ်"

သန္တာစိုးက ရှက်ပြုံးလေးနှင့် ခေါင်းအသာညိတ်ပြသည်။ ရဲဆေးသွား တင်မည်ဟု ထင်လေးသလားမသိ။ တိုးတိုးလေးပင် ကပ်မှာလိုက်သေးသည်။

"ကိုကြီး ... အရမ်းများအောင် မသောက်လာနဲ့နော်၊ ပြီးတော့ ... မြန်မြန်ပြန်လာခဲ့၊ သူများတစ်ယောက်တည်း ကြောက်တယ် ... သိလား"

ခပ်လေးလေး ခေါင်းညိတ်ပြရင်း ခင်မောင်ဇော် ထွက်လာခဲ့သည်။ ကမ္ဘာမြေကြီး၏ဆွဲအားက ခုမှ ပိုလာသလို ခြေလှမ်းတွေကလည်း လေးပင်လို့ နေသည်။ ဘဝကတော့ အဖတ်ဆယ်လို့ မရအောင်ပင် ဘလက်ဟိုးဟုခေါ် သော အာကာသတွင်းနက်ထဲသို့ ကျသွားခဲ့လေပြီ။ ဒီဘဝ ဘာများတတ်နိုင် တော့မည်နည်း။

ခုလည်း သူ့ခြေလှမ်းတွေက ကိုစန်းအောင်အရက်ဆိုင်သို့သာ ဦးတည် နေတော့၏။

ဟိုရောက်တော့ ဆိုင်သိမ်းရန်ပြင်ဆင်နေသည့် ကိုစန်းအောင်က စပ်ဖြီး ဖြီးပုံစံနှင့် ...

"ရပ်ကွက်ထဲက ဟိုကောင်တွေတော့ ခုနကပဲ မူးပြီး ပြန်သွားကြပြီ၊ ဘယ်လိုလဲ လူပျိုကြီး ... တစ်ရေးနိုးပြီး ဘဝပြောင်းလာပြီပေါ့ ... ဟုတ်လား"

ခင်မောင်ဇော် ဘာမှပြန်မပြောနိုင်တော့။ မချိပြုံးလေးနှင့် အရက် တစ်လုံးသာ မှာလိုက်သည်။

ပြီး ... ရေမရောဘဲ ခပ်ပြင်းပြင်းတစ်ခွက် မော့ချလိုက်ရင်း ...

"ဘဝပြောင်းတာကတော့ နေ့ချင်းညချင်းကိုပါပဲဗျာ၊ ကိုယ်နဲ့ မဆိုင် တဲ့ ကလေးနှစ်ယောက်အဖေအဖြစ် အော်တိုနှစ်ဆကို မိသွားခဲ့ရတော့ပါ"


www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသည် အသံအားဖြင့် ထွက်လာခြင်း လုံးလုံးမဟုတ်ပါချေ။ ရင်ထဲမှာ တနုံ့နုံ့ခံစားပြီး အသံတိတ်ရေရွတ်လိုက်မိသော ခင်မောင်ဇော်၏ အော်တိုနှစ်ဆ အသံတိတ် ဒုက္ခကလေးပဲ ဖြစ်လေတော့သည်။

လူ့ဘဝထဲမှာ ခုလို ဟာသမြောက်သော ရင်နာစရာ လွဲချော်မှုလေးတွေ လည်း ရှိတတ်ပါသည် မဟုတ်ပါလား။

ကဲ . . . ဂွတ်ဘိုင် ကိုခင်မောင်ဇော် . . . ရေ။

လေးစားစွာ

မိုးစက်ဝိုင်း

2011

BURMESE CLASSIC



www.burmeseclassic.com